www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

### ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စုမပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး | ဒို့အရေး |

### နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေး။
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး။
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ် ဖြစ်ပေါ်လာရေး။
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံအခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ်တည်ဆောက်ရေး။

### စီးပွားရေး ဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့်အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး။

### လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

# သော်တာဆွေ

# သည်မောင့်လက်သံ

www.burmeseclassic.com

www.burmeseclassic.com


## ပုံနှိပ်မှတ်တမ်း

စာမူခွင့်ပြုချက်အမှတ် – ၁၁၈၀ / ၂၀၀၁ (၉)
မျက်နှာဖုံး – ၇၂၈ / ၂၀၀၂ (၈)

❐

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)၊
မင်္ဂလာဒုံ၊ ရန်ကုန်မြို့။

❐

**အတွင်းပုံနှိပ်သူ**
ဒေါ်စိန်စိန်၊ ရောင်စဉ်ပုံနှိပ်တိုက်
အမှတ် (၁၆၃)၊ ၄၈ လမ်း၊
ဗိုလ်တထောင်၊ ရန်ကုန်မြို့။

❐

**မျက်နှာဖုံးပုံနှိပ်သူ**
ဦးတိုးဝင်း၊ နေလရောင်ပုံနှိပ်တိုက် (၃၂၄၃၁)
၄၆ / ခ၊ ၁၁ လမ်း၊ လမ်းမတော်၊ ရန်ကုန်မြို့။

❐

**မျက်နှာဖုံးပန်းချီ**
စောမင်းဝေ

❐

**ပုံနှိပ်ခြင်း**
ဒုတိယအကြိမ် – စက်တင်ဘာလ၊ ၂၀၀၂ ခုနှစ်
အုပ်ရေ – (၈၈၈)
တန်ဖိုး –


BURMESE CLASSIC .com

ဟာသစာပေသည် လူတို့အား ရွှင်လန်းဝမ်းမြောက်စေ၍ ဟာသစာပေကို နှစ်သက်သူသည် သူ၏ဘဝတာတွင် ရွှင်လန်းဝမ်းမြောက်စရာများကို ရှာဖွေတွေ့ရှိနိုင်သူဖြစ်၏။

သော်တာဆွေ

www.burmeseclassic.com

www.burmeseclassic.com

ကျွန်တော်သည် မြန်မာပြည်ရှိ မြို့ပေါင်းများစွာတို့ကို အတော်ပင် နှံ့စပ်အောင်သွားလာလည်ပတ်ခဲ့ဘူးသည့်တွင် မန္တလေး ရွှေမြို့တော်သို့ ရောက်ရှိသောအခါ၌ ရွှေမန်းသူအပျိုချောများသည် ရွှေမြို့တော်ဟူသော အမည်နှင့် ကိုက်ညီအောင်ပင် ရွှေဝတ်ရွှေထည် ဝတ္ထုတန်ဆာများကို အခြားမြို့သူများနှင့် မတူအောင် ထူးထူးခြားခြား များပြားလှစွာ ဝတ်စားဆင်ယင်ကြသည်ကို တွေ့ရှိရပေရာ ကျွန်တော်မှာ "ရွှေရောင် မွှန်းနေတဲ့ ရွှေတုံးမကလေးတွေဘဲ"ဟု နှစ်နှစ်သက်သက်ကြီး ချီးကျူးမိပါသည်။

အကယ်၍သာ တစ်စုံတစ်ယောက်သောသူက "အလကား ကိုယ်အလေးခံပြီး ငွေသေအောင် ဒီလောက်တောင် ရွှေမက်လှတဲ့ ရွှေဇရက်မတွေ"ဟု ကဲ့ရဲ့ပြစ်တင်ခဲ့ပါမူ မည်သူကပင် ထောက်ခံလင့်ကစား ဤစကားကို ကျွန်တော် လုံးဝ သဘောမတူညီနိုင်ပါ။

အကြောင်းကို ဆိုသော် ပစ္စည်းရတနာတို့သည် မက်မောသူရှိမှသာလျှင် မက်မောသူထံ၌ တည်မြဲနေမည် မဟုတ်ပါလော။

www.burmeseclassic.com

www.burmeseclassic.com



အကယ်၍သာ မြန်မာပြည်သူအားလုံးတို့သည် ရွှေမန်းသူများကဲ့သို့ ရွှေကို မက်မက်မောမော သိမ်းဆည်း စုဆောင်းခဲ့ကြပါလျှင် နိုင်ငံခြားသွားမည့် ရွှေတို့သည် မြန်မာပြည်၌ မည်မျှ အဖတ်တင်နေချိမ့်မည်နည်း။ မြန်မာပြည်သည် မည်မျှ ရွှေချမ်းသာနေလိမ့်မည်နည်း။

ထို့ကြောင့် ကျွန်တော်သည် ရွှေမန်းသူများကို "ရွှေမက်မောရပါမည်လား၊ ဒီလောက်ပဲ ဝတ်ချင် လှချင်ကြသလား၊ ရွှေခြေကျဉ်း မဝတ်ရရင် ဆင်ခြေထောက်ရောဂါ ဖြစ်ရတော့မှာလား" ဟု အပြစ်မတင်ပါ၊ အမှန်အတိုင်းပြောရသော် ကျွန်တော် ရွှေမန်းသူများကို သဘောကျပါသည်။ နှစ်သက်ပါသည်၊ မြတ်နိုးပါသည်၊ ချီးကျူးပါသည်၊ လေးစားပါသည်၊ ယခုအခေးကပင်လျှင် "ရွှေမန်းသူတွေ ကျန်းမာ ချမ်းသာကြပါစေ" ဟု မေတ္တာပို့လိုက်ပါသည်။

သို့လင့်ကစား ရွှေမန်းသူများအပေါ် ကျွန်တော် အသဲနာတာ တစ်ခုရှိပါသည်။ တစ်ဦးမေတ္တာ တစ်ဦးမှာဆိုသကဲ့သို့ အပြန်အလှန်သဘောတရားအားဖြင့် ရွှေမန်းသူများ၏ မေတ္တာရိပ်မြုံကို ကျွန်တော် ခိုလှုံသင့်ပါလျက် ခိုလှုံခွင့်မရခဲ့သောကြောင့် အထူးပင် ဝမ်းနည်းမိပါသည်။ တစ်ကြိမ်သောအခါ၌ ကျွန်တော်သည် ရွှေမန်းသူတစ်ဦးနှင့် ဘုရားဖူး ချစ်ကြိုက်ခဲ့ဖူးပါသည်။ သူ၏မိဘများကပါ သဘောတူ၍ နာရီမိုင်းမျှသာ ရှိသေးသည်၊ ရုတ်တရက် မမျှော်လင့်သော ဂြိုဟ်ဆိုးကြီး တစ်ကောင် ရောက်ရှိလာပြီး မျက်နှာလိုမျက်နှာရ ကြားဝင်၍ နောက်လိုက်ရာ သူ၏မိဘများနှင့် တစ်မိနစ်အတွင်း ရုတ်ချည်း



ချာပြသွားရုံမျှမက ရွှေမန်းသူ့အလေးကလည်း "ဒီလိုဆို ကန်တော့ ခွင့်ပါရှင်" မှာ ရွှေမန်းအသူပြိုပြီ ယဉ်ကျေးစွာ မောင်းထုတ်လိုက်လေသည်။

ဤသို့တိုင်လည်း ရွှေမန်းသူကို ကျွန်တော် စိတ်မဆိုးပါ၊ အပြစ်မတင်ပါ။ စေတနာ့ဝန်ထမ်း မွေ့နှောက်သော ဂြိုဟ်မင်းနှင့် ဖူးစာရေးနတ်၏ ကယောင်တိုက်မှုကိုသာ ကလော်တော့ အမြဲပါသည်။

အကယ်၍သာ သုစိတာ၊ သုမာလာ၊ သုန္ဒရာတို့နှင့် ကျွန်တော် သိကျွမ်းပါက နှုတ်ခမ်းနီ၊ ပါးနီ၊ လက်သည်း ခြေသည်းဆိုးဆေး အမျိုးမျိုးတို့ကို ဒုံးပျံနှင့် တင်ပို့ကာ မာဃကတော်တွေ ဖော်စီဖား ပြီး သိကြားမင်းအား ဖူးစာရေးနတ်စုတ်ကို ဤရာထူးမှ ပြုတ်ကျအောင် တွန်းခိုင်းပါမည်။ ယခုမူကား ကျွန်တော်မှာ နတ်သမီးများထံ ပေါက်ပေါက်ရောက်ရောက် မရှိသဖြင့် ဘာမျှမတတ်နိုင်ဘဲ လက်မှိုင်ချ၍သာ နေလိုက်ရပါတော့သည်။

ဤကဲ့သို့ စိတ်မချမ်းမသာစရာ ကိစ္စ ဖြစ်ပျက်ပြီးနောက် ကျွန်တော် ရန်ကုန်မြို့သို့ ပြန်လာခဲ့၍ သုံးလေးလမျှကြာလတ်သော် ဤအကြောင်းကို မေ့မေ့ပျောက်ပျောက်ပင် ဖြစ်နေခဲ့ပါသည်။

သို့သော် ယမန်နေ့ကမူကား နောက်ထပ် ဘာများ ဆန်းဆန်းပြားပြား ဖြစ်ချင်ပြန်သည်မသိ ဤမမျှော်လင့်သော လူစုကို ရန်ကုန်မြို့တွင် ရုတ်တရက် တွေ့ဆုံခဲ့ရသဖြင့် အဟောင်းတွေ အသစ်ဖြစ်လာပြီး စိတ်ညစ်ညစ် ရှိလာသည်နှင့် လက်သုံးတော် အင်္ဂျီကို ဆွဲကိုင်ခါ တိုက်ရှေ့ ဝရန်တာ လသာခန်းသို့ ထွက်၍ ရွက်ဖျင် ကု

BURMESE CLASSIC .com

www.burmeseclassic.com

www.burmeseclassic.com



လားထိုင်ပေါ်တွင် ထိုင်လျက် စိတ်အာရုံ ပြောင်းလဲသွားရန် အတော် ရှည်သော အင်္ဂလိပ်ဓားသွား တစ်ပိုဒ်ကို ခတ်ပြင်းပြင်းကလေး တီးခတ်လိုက်သည်တွင် ကျွန်တော့်တပည့် ပေါ်အုန်းသည် အားနာနိုင်ယံ စိတ်အိုက်သော မျက်နှာထားနှင့် စရန်တာသို့ ထွက်လာပါသည်။

သူ့မိဘများ ကင်ပွန်းတပ်စဉ်က ပေးသော နာမည်မှာ သာဦး ဖြစ်၍ ပေါ်ဦးဖြစ်သော်လည်း ကျွန်တော့်ဆီသို့ ရောက်လာသော အခါ (ထိုစဉ်က သူ့ဆျာမှု ညာဏ်ဦးနောက် ကောင်းသည်လည်း မသိသေးသည့်နှင့်)ဟော့… မင်းနာမည်က တို့ဗမာပညာရှိ အမတ်ကြီး ရဲ့ နာမည်ကွ မင်းနဲ့ မတန်ပါဘူး၊ ဒီတော့ မင့်နာမည်ကို အသံလဲ မပြောင်းရအောင် အက္ခရာပြောင်းပြီး၊ ပေါ်အုန်းလို့ ခေါ်မယ်ကွာ”ဟု စောဒက တက်ခွင့် မပေးဘဲ တချက်လွှတ် အမိန့်ဖြင့် ပြောင်းလွဲ လိုက်ပါသည်။ သူနှင့် ကျွန်တော်မှာ အတွင်းသိ အပြင်သိ ရင်းနှီးသော ဆရာ တပည့်ဖြစ်၍ မည်သည့်အကြောင်းကိစ္စမဆို သူ့ကို ပြောဆို တိုင်ပင်လေ့ရှိပါသည်။ ယခုကိစ္စမှာလည်း သူ မန္တလေးသို့ ကျွန်တော် နှင့် အတူပါခဲ့၍ အလုံးစုံသိပြီး ဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်က “ဟော့ ပေါ်အုန်း… မင်း သိပြီလားကွ၊ ငါမနေ့ညက ဘယ်သူနဲ့ တွေ့ခဲ့တယ်ဆိုတာ”

“မသိဘူး ဆရာ”

“မန္တလေးက စက်သူဌေး ဦးဘတုတ်နဲ့ သူ့သမီး ညွန့်လွင် လွင်ပေါ့ကွ”

“အလို… ဆရာ… သူတို့က ဘာလုပ်လာကြတာတဲ့လဲဆရာ”



“အလယ်ဆို ထင်ပါရဲ့ကွယ်”

“ဒါကြောင့်… ဆရာက မျက်နှာကျော တင်းနေတာကိုး”

“အေးပေါ့ကွယ်၊ ငါက ငါ ဂေါ်မဇွန်တဲ့ မိန်းကလေးကို နောက်ထပ်တွေ့ရရင် တယ်မျက်နှာပူတတ်တယ်ကွယ့်”

“ရန်ကုန်မြို့က အကျယ်ကြီးဘဲ ဆရာ…မတွေ့ချင်တဲ့လူကို ရှောင်နေဖို့ မခဲယဉ်းပါဘူး ဆရာ”

“အေးကွယ်၊ ငါ့တပည့်ပြောလိုက်မှပဲ စိတ်အေးသွားတော့ တယ်၊ ဒါထက် သူတို့နဲ့အတူ ဘယ်သူများပါသေးတယ်လို့ မင်း ထင်သလဲ”

“ဘယ်သူတုန်းဆရာ”

“တခြားလူ ဟုတ်ရိုးလားကွယ်၊ ဟိုဂြိုဟ်မင်းကြီး ခေါက်တာ သိန်းခံပေါ့ကွယ့်”

“ဟိုက်… တကဲ့လူစုနဲ့ တွေ့ခဲ့တာကိုး ဆရာ”

“နို့ပြီး… သူတို့နဲ့ အတူကမာရွတ်က ငါ့သူငယ်ချင်း ကိုဝင်းမောင်ရဲ့ အဒေါ် ဒေါ်မြစိန်လဲပါသေးတယ်ကွယ့်”

“ဘယ်မှာ တွေ့ခဲ့ကြတာလဲ ဆရာ”

“စထရင်းဟိုတယ်မှာကွယ့်၊ ဘီယာလေးတစ်လုံး ဝင်သောက်မိတာနဲ့ ဘွားခနဲ ဝင်တွေ့ကြတာ”

“စကားပြောခဲ့သေးသလား ဆရာ”

“ဘယ်ကလာပြောရမှာလဲကွယ့်၊ သူတို့လဲလာရော၊ ငါလဲ ဘီယာခွက် ကပြာကရာမော့ချပြီး သုတ်ချေတင်ခဲ့တာပဲ”

www.burmeseclassic.com

www.burmeseclassic.com



"ဩော်... ဒါထက် ဆရာရေ၊ ကျွန်တော်မေ့နေတယ်၊ မနက်တုံးက ဒေါက်တာ သိန်းခံကြီး လာသေးတယ်ဆရာ"

"ဟော... သူက ငါ့ဆီကိုလာတယ်"

"ဟုတ်တယ် ဆရာ၊ ကျွန်တော်က ဆရာအိပ်ရာက မထသေးဘူးပြောတော့၊ ဒီလောက် နေဖင်ထိုးအောင်အိပ်တဲ့ကောင် ဘယ်အသုံးကျမလဲလို့ ပြောသွားသေးတယ် ဆရာ"

"ဟော... ဟုတ်လား၊ သူက ငါ့ကို ဒီလိုပြောတယ်၊ လူများ သူ့သမက်မှတ်နေပြန်ပလား မပြောတတ်ဘူး"

"ဟုတ်တယ်ဆရာ၊ နောက်ပြီး သူက တော်တော်ကြာမှ တပတ်လှည့်လာခဲ့အုံးမယ်တဲ့ ဆရာ"

"အလို... ဘုရားရေ၊ နောက်တစ်ပတ်များ လာအုံးမတဲ့၊ ဘာကိစ္စတဲ့လဲကွာ"

"မသိဘူးဆရာ"

"လာရင် ခွေးနဲ့ ရှူးတိုက်လွှတ်လိုက်ကွာ"

"ကျွန်တော်တို့ ခွေးမှမရှိတာဘဲ ဆရာ"

"တိုက်အောက်ထပ်က မစ္စစ်ဒေါ်ဆင် ခွေးကြီးကို ငှားတိုက်ကွာ"

"မစ္စစ် ဒေါ်ဆင်ခွေးက သူ့ဆီမလိုက်ဘဲ ကျွန်တော့် အရင်ကိုက်သွားမှာစိုးရတယ် ဆရာ"

"အေး... မင်းပြောတာလဲ ဟုတ်တယ်ဟေ့၊ တကယ့်လူကွာ၊ ဒီလောက်ဖြစ်ပြီးကြမှပဲ သူက ငါ့အိမ်လာသေးတယ်ဆိုလို့ အံ့ပါရဲ့ ပေါ်အူးရယ်"



ဒေါက်တာသိန်းခံအပေါ်၌ ကျွန်တော် ဤမျှ စိတ်ဆိုးရအောင် ဖြစ်ပေါ်ခဲ့သည့်အကြောင်းကို ဆော်ပြပါဦးမည်။

လွန်ခဲ့သော သုံးလကျော်လောက်က ကျွန်တော်တို့ ဆရာ တပည့်နှစ်ယောက် မန္တလေးမြို့သို့ အလယ်ရောက်ခဲ့ရာ၊ ကုန်သည် ပွဲစားကြီး ဦးဘသောင်း၏ တိုက်၌ တည်းခိုနေစဉ်၊ ဦးဘသောင်းက ကျွန်တော့်အား မြေလပ်ပိုင်းက လူချမ်းသာကလေးတစ်ယောက် အဖြစ်နှင့် စက်သူဌေး ဦးဘတုတ် အိမ်သားများကို မိတ်ဆက်ပေးပါသည်။

ရွှေမန်းသူ၏ ဝတ်စား တန်ဆာ ဒွါဒရာတွေ အစုံပြီးသော ဦးဘတုတ်၏သမီး ညွန့်လွင်လွင်မှာ မြင်လျှင်မြင်ချင်း မကြိုက်ဘဲ မနေနိုင်အောင် ချောမောလှပသူဖြစ်ပေရကား၊ မယားစံရွေးလှ၍ လူပျိုကြီးဘဝက မကျွတ်နိုင်တော့ဟု သူငယ်ချင်းများ၏ လှောင်ပြောင်ခြင်းကို ခံနေရသော ကျွန်တော့်မှာ တွေ့သည့်နေ့၌ပင် ကျွန်တော့်ဘက်မှ သေချာသွားပြီဖြစ်၍ သုံးလေးကြိမ်မျှ သူတို့အိမ်သို့ သွားရောက်လည်ပတ်ပြီးသည်တွင်၊ ညွန့်လွင်လွင်၏ ချစ်ရိပ်ချစ်ငွေ့များကို မြင်ယောင်လာသဖြင့် ပွဲကတော် ဒေါ်စောရင်အား သွားရောက် စကားတောက်စေပါသည်။

ကျွန်တော်၏ ပညာအရည်အချင်းမှာ အိုင်၊စီ၊အက်(စ်)မဟုတ်သောကြောင့် ပထမတန်းဟု မခေါ်နိုင်သော်လည်း၊ လယ်မြေက ၃၀၀၉ ကျော်ပိုင်သည့် ဘီအေတစ်ယောက် ဖြစ်ပေရကား၊ ကျွန်တော့်လို အကောင်မျိုးမှာ မန္တလေးဈေးချိုထဲက ရွှေခြေကျင်းတွေကဲ့သို့ မှီ

www.burmeseclassic.com

www.burmeseclassic.com



လိုပေါက်အောင် ပေါများသော အမျိုးအစားမဟုတ်သဖြင့် ဘခင်ရော သမီးပါ သဘောကျကြပါသည်။

ကျွန်တော်၏ ဆွေမျိုးမိဘအကြောင်းကို သူတို့က မေးမြန်း၍ ကျွန်တော်ကလည်း သူတို့၏ အိမ်သူအိမ်သားများ အပြုအမူကို အကဲခတ်ရပါသည်။ ဦးဘတုတ်မှာ လုပ်ငန်းကို မန်နေဂျာတစ်ယောက်နှင့် လွှဲအပ်ထား၍ ဘုရားလူကြီး၊ အသင်းလူကြီးဟု စေတနာ့ဝန်ထမ်းဂုဏ်ယူကာ အေးအေးနေတတ်သူဖြစ်ပါသည်။ သူ့ဇနီးကတော် ဒေါ်သန်းတင်မှာ စစ်အတွင်း ဗုံးချစဉ်က ဗုံးခိုကျင်းထဲတွင် ဗုံးသံကြောင့် ရှော့(က်)ဖြစ်၍ နားထိုင်းနေသဖြင့် သူ့ကို စကားပြောလျှင် ခပ်ကျယ်ကျယ်ကလေး ပြောရသည်မှ တစ်ပါး အခြား မနှစ်သက်စရာ မတွေ့ပါ။

သို့သော် တစ်ယောက်နှင့် တစ်ယောက် မညားမီ ပွင့်ပွင့်လင်းလင်း ဝန်ခံတတ်သော ညွှန့်လွင်လွင်က–

"ကိုအေးဆွေ... ရှင်နဲ့ ကျွန်မ မလွန်ခင်က ပြောရအုံးမယ်၊ ကျွန်မ မေမေ နားထိုင်းနေတာများ ရှင့်စိတ်ထဲမှာ အနှောင့်အယှက် မဖြစ်ပေဘူးလား"

"အို... ဘာဆိုင်သလဲ လွင်လွင်ရယ်၊ သူမကြားနိုင်တော့ မောင်တို့ ပြောချင်ရာ ပြောရလို့ သာတောင် သဘောကျပါသေးတယ်"

"ဒီလိုဆို ကောင်းပါလေရဲ့ရှင်၊ နောက်ပြီး တစ်ခုပြောထားရအုံးမယ်၊ ဦးဘသောင်းတို့ ပွဲရုံကို ခဏ ခဏ လာတတ်တဲ့ ကိုအောင်ကြည်ဆိုတဲ့လူကို သိတယ်မဟုတ်လား"



"ဟို... ဗမာဝတ်နဲ့ ရွတ်ရွက်ဒုတ်ဒုတ် ဖိုက်စိုက်ပေါက်နေတဲ့ အကောင်မဟုတ်လား၊ သိသားပဲ၊ ဒါ အဲ့ဒါဖြစ်သလဲ"

"သူနဲ့ ကျွန်မနဲ့ ပထမဦးချစ်ခဲ့ဖူးကြတယ်ရှင့်"

"ဟင်"

"မဟင်နဲ့... လူချင်း ဘာမှမဖြစ်ခဲ့ရသေးဘူး၊ စာပေးစာယူလောက်ပဲ"

"ကဲ... ဒါဖြင့် ခုတော့ ဘာလို့ ဆက်ချစ်မနေကြသလဲ"

"အဲဒါပြောမလို့ရှင့်၊ သူ့ကို ကျွန်မတို့အိမ် နှစ်ခါ သုံးခါ လောက် လာလည်တော့ ကျွန်မတို့ မေမေ နားထိုင်းတာ သိသွားတာနဲ့ ယောက္ခမ မတော်ချင်ဘူးဆိုပြီး ကျွန်မနဲ့ ဖြတ်လိုက်တယ်ရှင့်"

"ဟင်... ဒါဖြင့် ဒီမောင်က အဆန်းဘဲ၊ ဒီဖြင့်ရည်းစားတွေလိုများ ဘာမင်ဘာဆိုင် အကြောင်းပြတာထင်ပါရဲ့"

"မဟုတ်ဘူးရှင့်၊ သူဟာ သူ့တစ်မျိုးပါ၊ ကျွန်မကို ချစ်ရိုးလဲ ချစ်မှာပဲ၊ ကျွန်မအမေ နားထိုင်းတာကြောင့် ဆက်သက်ပါ၊ ခုထက်ထိ သူ အိမ်မရှိဘူး ဆောင်ပါဦး သူ့ကိုရှင့်၊ ကျွန်မကတော့ ပြောစရာ တွေ့ရ... ထိစရာ ငြိစရာ မဖြစ်ခဲ့ရသေးဘူး၊ စာပေး စာယူလောက်ပဲ၊ အဲဒါ ရှင် ဘယ့်နှယ်သဘောရသလဲ၊ ကျွန်မအပေါ် စိတ်နာသွားမလား"

"အို... ဒါလောက်နဲ့ ဘာမှ မသိစရာရှိသလဲ၊ ကိစ္စမရှိပါဘူး"

ညွှန့်လွင်လွင်က ... ... ကျွန်တော်က ... ... ဖြစ်နေပါသဖြင့် ကိစ္စမရှိပါဘူး ဆိုရလှင့်ကစွား စိတ်ထဲ အနောက် 'စာတွန့်' ၍ ... ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် တဘက်နှင့် တဘက် ကျေနပ်ကြကာ စေ့စပ်ကြောင်းလမ်းပြီး၍ ၂၄ နာရီမျှ မပြည့်မီ ညွန့်လွင်လွင်၏ လက်ကိုမျှ တစ်စက်ကလေး မထိရမီ ကျွန်တော် အစဦးကသော် ဖြစ်ခဲ့သည့် ဂြိုဟ်ကောင် ဒေါက်တာသိန်းခံ ရောက်လာသောကြောင့် 'စလယ်ဝင် မီးဖိုပေါ်မရောက်ခင် ကွဲရော့လေးစိပ် ဖြစ်ရပါတော့သည်။

ကွဲပြဲရပုံကား၊ ဒေါက်တာသိန်းခံသည် စိတ္တဇ ရောဂါကုဆရာဝန်တစ်ယောက်အဖြစ်နှင့် နာမည်ကြီးလျက်ရှိရာ ညွန့်လွင်လွင်၏ ဖခင် ဦးဘတုတ်၏ အစ်ကို ဦးဘချုပ်ဆိုသူမှာ စိတ္တဇရောဂါဖြင့် ရူးသွပ်နေသဖြင့် ရန်ကုန်သား ဒေါက်တာ သိန်းခံကို ပင့်ခေါ် ကုသလျက် ရှိလေသည်။

ဒေါက်တာသိန်းခံသည် တစ်လလျှင် တစ်ခေါက်ကျ မန္တလေးသို့ တက်လာ၍ ဦးဘချုပ်ကို ကြည့်ရှုရလေရာ တတိယအခေါက်တွင် ကျွန်တော်နှင့် ညွန့်လွင်လွင်တို့ စေ့စပ်ကြောင်းလမ်းထားသည်ကို ကြားသိရသည်နှင့် တပြိုင်နက် ကျွန်တော့်အကြောင်းအရာတို့ကို ဦးဘတုတ်ထံ အပြေးအလွှားသွား၍ မျက်နှာလို မျက်နှာရ ပြောကြားပါတော့သည်။

သူပြောပုံကား ကျွန်တော်သည် သူ၏သမီး မယ်ဒဂုန်ဘွဲ့ရ မြင့်တင်တင်နှင့် ကြိုက်ခဲ့ဘူးကြောင်း။ သို့ရာတွင် ကျွန်တော်မှာ ဘီလိယက်ခုံ ခေါင်းအုံးအိပ်ရခြင်းကဲ့သို့ ဘယ်အရာကိုမျှ မလိုလား။ နေ့ရောညပါ ဘီလိယက်ထိုးခြင်း၊ မြင်းပွဲသွားခြင်းနှင့် ဘင်ဂျိုတီးခြင်းလောက်ကိုသာ ဝါသနာပါသူတစ်ဦးဖြစ်၍ မည်သည့်အလုပ်ကိုမျှ





သို့ဖြစ်၍ 'ဂျင်းစိမ်းနှင့် မိဿလင်'ဟူသော သဘောထားမျိုးဖြင့် ကျွန်တော်လည်း မျက်နှာထား ပြန်တင်းလိုက်ခါ–

"ဘာကိစ္စ လာတာလဲ... ဒေါက်တာ"

"မောင်ရင့်ကို တရားစွဲရလိမ့်မယ်"

"ခင်ဗျာ"

"မောင်ရင့်ကို တရားစွဲရလိမ့်မယ်"

မျှော်လင့်စရာ မရှိတော့ကြောင်းပင် ဖြည့်စွက်ပြောဆိုပါသေးသည်။

ကျွန်တော်၏ ဘီလိယက်နှင့် မြင်းပွဲ ဝါသနာကြောင့် မြင့်တင်တင်နှင့် ကွဲခဲ့ရသည်မှာ အမှန်အတိုင်းပင် ဖြစ်နေပေရကား၊ ဦးဘတုတ်သည် ကျွန်တော့်ကိုမှ ထုချေလွှာ မတောင်းတော့ဘဲ 'ဗီတို' အာဏာဖြင့် ကျွန်တော်တို့၏ စေ့စပ်ကြောင်းလမ်းထားခြင်းကိစ္စကို တစ်ခါတည်း ဖျက်သိမ်းလိုက်ပါတော့သည်။

အမှန်မှာ ကျွန်တော်သည် ကျွန်တော့်ကို မလိုချင်ဟု ပြောသော မိန်းကလေးကို မရမကကြံစည်လိုသော ဖွဲ့မျိုးလည်း မရှိသည်ဖြစ်၍ ၎င်းတို့ သားအဖက တစ်ဘက် စီရင်ချက်ချသည်ကို အယူခံ ဝင်မနေတော့ဘဲ ဖူးစာရေးနတ်၏ ကလိန်ကျမှုကိုသာ မဲ့ပြုံးပြုံး၍ ဆရာတပည့်နှစ်ယောက် ရန်ကုန်သို့ ပြန်ခဲ့ပါတော့သည်။

* * *

သို့ဖြစ်ရကား ကျွန်တော်သည် ဒေါက်တာသိန်းခံလာသောအခါတွင် မျက်နှာထားတင်းတင်းနှင့် စကား ပြတ်ပြတ်ပြောအံ့ဟု

www.burmeseclassic.com

www.burmeseclassic.com



ဤသို့လျှင် တဘက်နှင့် တဘက် ကျေနပ်ကြကာ စေ့စပ်ကြောင်းလမ်းပြီး၍ ၂၄ နာရီမျှ မပြည့်မီ ညွှန့်လွှင်လွှင်၏ လက်ကိုမျှ တစ်စက်ကလေး မထိရမီ ကျွန်တော် အစဦးကဘော် ပြခဲ့သည့် ဂြိုဟ်ကောင် ဒေါက်တာသိန်းဖုံ ရောက်လာသောကြောင့် ‘စလယ်ဝင် မီးဖိုပေါ်မရောက်ခင် ကွဲရှာလေးစိပ် ဖြစ်ရပါတော့သည်။

ကွဲပြဲရပုံကား၊ ဒေါက်တာသိန်းဖုံသည် စိတ္တဇ ရောဂါကုဆရာက ကွယ်နေသည် [illegible] ဟု ကိုယ့်ကိုယ်ကို သန္နိဋ္ဌာန်ချပြီးလျှင် နေ့ရောညပါ မနေမနား လေ့ကျင့် နေခဲ့ပါသည်။

ထို့ကြောင့်... ဒေါက်တာသိန်းဖုံ ဝင်လာသောအခါတွင် ကျွန်တော်သည် ဘင်ဂျိုကို အားရပါးရ စိတ်ရောကိုယ်ပါ တီးခတ်လျက်ရှိနေ၍ သူလာသည်ကို မမြင်ချင်ယောင်ဆောင်ကာ ဘင်ဂျိုကိုသာ မြည်နိုင်သလောက် မြည်အောင် မထိလေးစား တီးခတ်နေလိုက်ပါသည်။

သို့သော် သူရောက်၍ နှစ်မိနစ်လောက်ကြာသည်တွင် ဒေါက်တာ သိန်းဖုံသည် သူ၏အပြစ်ကို တွေးမိသဖြင့် လာရောက်တောင်းပန်လေသလားဟု တွေးထင်မိသည်နှင့် ဘင်ဂျိုတီးခြင်းကို ရပ်လိုက်ခါ မျက်နှာထား ခပ်ပျော့ပျော့နှင့်–

“ဟဲလို ဂွတ်မောနင်း ဒေါက်တာ...” ခပ်ပြုံးပြုံး နှုတ်ဆက်လိုက်ရာ ဒေါက်တာသိန်းဖုံသည် ကျွန်တော်၏ ပြုံးချိုခြင်းကို နှစ်သိက်စွာ လက်မခံဘဲ သူ့သမီးနှင့် မပေးစားနိုင်ကြောင်း ပြောစဉ်က ထက်ပင် မျက်နှာထားတင်းမာ ခက်ထန်နေပြန်ပါသည်။



သို့ဖြစ်၍ ‘ဂျင်းစိမ်းနှင့် မိသလင်’ဟူသော သဘောထားမျိုးဖြင့် ကျွန်တော်လည်း မျက်နှာထား ပြန်တင်းလိုက်ခါ–

“ဘာကိစ္စ လာတာလဲ... ဒေါက်တာ”

“မောင်ရင့်ကို တရားစွဲရလိမ့်မယ်”

“ခင်ဗျာ”

“မောင်ရင့်ကို တရားစွဲရလိမ့်မယ်”

“ဘာ့ကြောင့်”

“ဒါကြီးကို နေ့ရောညပါ ဒုံဒုံဒင်ဒင် လုပ်နေလို့ အိမ်နီးပါးချင်းတွေ မအိပ်နိုင်ကြဘူးဆိုတာ မသိဘူးလား”

ထိုအခါ ကျွန်တော်သည် သူ၏စကားကို မချေသေးဘဲ တပည့်ကျော်ကို လှမ်း၍

“ဟေ့ ပေါ်အူး”

“ဆရာ...”

“ခဏလာစမ်းပါအုံးကွယ့်”

“လာပါပြီ... ဆရာ”

“သာယာတဲ့ အသံကို နားမထောင်နိုင်တာ ဘာခေါ်သလဲကွယ့်”

“ကျွဲပါးစောင်းတီးလို့ ခေါ်ပါတယ် ဆရာ”

“ကိုင်း... ဒေါက်တာ ကြားရဲ့လား”

ဤတွင် ဒေါက်တာ သိန်းဖုံသည် မျက်နှာထားနီမြန်းလျက်...

www.burmeseclassic.com

www.burmeseclassic.com



"အောက်ထပ်မှာနေတဲ့ မစ္စစ်ဒေါ်ဆင်မှာ စိတ္တဇရောဂါ စွဲကပ်နေလို့ ကျုပ်ကိုခေါ်ပြီး ကုနေတယ်၊ သူက ဆူဆူညံညံ မကြားလိုဘူးတဲ့ သိရဲ့လား"

"မစ္စစ် ဒေါ်ဆင်ရဲ့ အင်းခွေးကြီးဟာ ညတိုင်း တဝုန်းဝုန်းနဲ့ဟောင်နေတာတော့ ဘာပြောချင်သလဲ၊ တယ်... တော်ကြတယ်၊ ကိုယ့်မျက်ချေးတော့ ကိုယ် မမြင်ကြဘူးတဲ့လား"

"အို... မဆိုင်တာ ရှောက်ပြောမနေနဲ့ ကျုပ်ရဲ့ လူနာကို မနှောင့်ယှက်ပါဘူးလို့ ပဋိညာဉ်ပေးစေချင်တယ်"

"အလို ကိုယ့်ပညာ ကိုယ်လေ့ကျင့်တာပဲ၊ သူမကြိုက်တာနဲ့ ဘာလို့ မတီးဘဲ နေရမှာလဲ"

"ဒါ နောက်ဆုံးစကားပဲလား"

"နောက်ပိတ်ဆုံး မီးရထားဂတ်တွဲပါပဲ ခင်ဗျာ"

"ကောင်းပြီ... နားသာထောင်နေ၊ တော်တော်ကြာတော့ မောင့်ရင် ကြားရလိမ့်မယ်"

"ခင်ဗျား လူနာကတော့ အခုချက်ချင်း ကြားရလိမ့်မယ်"ဟု ပြောပြောဆိုဆိုနှင့် ကျွန်တော်သည် ဘင်ဂျိုကို ခပ်ကျယ်ကျယ် တီးခတ်လိုက်လေရာ... ဒေါက်တာ သိန်းစံမှာ ဒေါသတကြီးနှင့် အိမ်ပေါ်မှ ဆင်းသွားပါတော့သည်။

အမှန်ကိုပြောရလျှင် ကျွန်တော်သည် ဒေါက်တာ သိန်းစံနှင့် စိတ်ခွန်အားပြိုင်ပွဲတွင် အညံ့မခံလိုက်သည့်အတွက် ကိုယ့်ကိုယ်ကို အကျေနပ်ကြီး ကျေနပ်မိလေသည်။ တစ်ခါက ကျွန်တော့်မှာ သူ



သမီး မြင့်တင်တင်ကို ကြိတ်ပိုး ပိုးခဲ့စဉ်က ယခုကဲ့သို့ ဘက်ပြိုင်ပြောဝံ့မည် ဝေးစွ၊ အိမ်ရှေ့လှေကားက သူတက်လာလျှင် နောက်ဖေးပေါက်က သုတ်ခြေတင် ပြေးရမတတ် ကြောက်ခဲ့ပါသည်။ သို့ဖြစ်၍ ကျွန်တော်သည် စစ်ပွဲအောင်မြင်လိုက်သော စစ်သူကြီး တစ်ယောက်၏ စိတ်ကျေနပ်ခြင်းမျိုးဖြင့် ဘင်ဂျိုကို ကြိုးညှိပြီးလျှင် "ကျွန်ုပ်ရည်းစား" "စစ်နိုင်သူ" "မိုးခြိုးသံ" အစရှိသည့် အသံမြိုင်သော အင်္ဂလိပ်တေးသွားများကို လေးငါးခြောက်ပုဒ်ခန့်တိုင်အောင် တစ်ပုဒ်ပြီး တစ်ပုဒ် နားမနေ တီးခပ်နေလေ၏။

"မိုးကြိုးသံ" ဟူသော တေးသွား အဆုံးရောက်သည်နှင့် တပြိုင်နက် တယ်လီဖုန်းခေါင်းလောင်းတီးသံကို ကြားရသဖြင့်ဖုံးကို ကောက်၍ နားထောင်လိုက်ပါသည်။

"ဟဲလို... ကိုအေးဆွေလား"

"ဟုတ်ပါတယ်... ခင်ဗျား ဘယ်သူလဲ"

"ကျုပ်... ခင်ဗျား စုနေတဲ့တိုက်ရှင် မာမက်အလီခန်ဘဲ"

"ဘာလဲ... တိုက်လခ တိုးလိုချင်လို့လား"

"မဟုတ်ဘူး"

"ဒါဖြင့် ရှော့မလို့လား"

"မဟုတ်ဘူး... ခင်ဗျား အခု ဘင်ဂျိုကို နေ့ရောညပါ မပြတ်တီးနေတယ်လို့ ပြောတယ်"

"ဟုတ်သလေ လာ နားထောင်ချင်လို့လား"

"မဟုတ်ဘူး"

www.burmeseclassic.com

www.burmeseclassic.com



"ဒါဖြင့် ခင်ဗျာ့အိမ်လာ တီးပြရမလား"

"မဟုတ်ဘူး..မတီးဖို့ တားမလို့"

"ဘာ"

"ခင်ဗျာ့အောက်ထပ်မှာ နေတဲ့ မစ္စစ် ဒေါ်ဆင်နဲ့ တခြားအနီးပါးနား ကျူပ် တိုက်ငှားတွေက ဝိုင်းပြောကြတယ်"

"အို... သူတို့မတီးနဲ့ ဆိုတိုင်း ကျူပ်မတီးဘဲနေရမှာလား"

"ခင်ဗျားတစ်ယောက်အတွက်နဲ့ သည့်ပြင် လူလေးငါးခြောက်ဦး လက်လွှတ်မခံနိုင်ဘူး"

"ဒါဖြင့်... ခင်ဗျား ဘာပြောချင်သလဲ"

"ဘင်ဂျိုအတီးကို ရပ်ရင် ရပ်၊ မရပ်ရင် ၄၈ နာရီအတွင်း အိမ်ပေါ်က ဆင်းသွားပါ"

"ကောင်းပြီ"

"ဘာကောင်းပြီလဲ"

"ရန်ကုန်မှာ ငွေပေးရင် အိမ်တွေဝယ်လို့ တောင်ရတယ်"

"ကောင်းပါပြီ"

"ကောင်းပါပြီ"

၎င်းနောက် တပည့်ပေါ်အူးကိုခေါ်၍ အဖြစ်အပျက်ကို ပြောပြလေရာ

"ဒါဖြင့်... ဆရာ ပြောင်းတော့မှာပဲလား ဆရာ"

"မပြောင်းဘဲ ဘယ့်နှယ့်နေလို့ ဖြစ်မှာလဲကွ"

"အိမ်ပြောင်းပြီး ဟိုရောက်လို့ တီးပြန်ရင်လဲ ကန့်ကွက်တဲ့လူရှိနေအုံးမှာပဲ ဆရာ"



"ဒီတစ်ခါတော့ ကန့်ကွက်တဲ့လူမရှိအောင် လွတ်လွတ်ကျွတ်ကျွတ် နေရာမျိုးမှာ နေမှာပေါ့"

"ဘယ်လိုနေရာမျိုးလဲဆရာ"

"ကမာရွတ်တို့ သမိုင်းတို့လို ဝင်းနဲ့ခြံနဲ့ အိမ်မျိုးပေါ့ကွယ့်"

"ဟိုကျလဲ ဆရာဒီလိုပဲ တီးနေမှာလားဆရာ"

"ဒီထက်ပိုတီးမှာပေါ့ကွယ့်"

ထိုအခါ ပေါ်အူးသည် နှစ်ကြိမ် သုံးကြိမ်မျှ ချောင်းဟန့်ပလွှင်ခံပြီးနောက်

"ဒီလိုဆိုရင် အားလဲ နာပါရဲ့ဆရာ၊ ဆရာနဲ့ ကျွန်တော်နဲ့ ကွဲကြဖို့ ရှိလိမ့်မယ်ထင်တယ် ဆရာ"

"ဟေ့... ဟေ့... ဘာပြောတယ်ကွ"

"ကျွန်တော် မလိုက်နိုင်ဘူး ဆရာရယ်"

"ဟေ့... မင်းက အလုပ်က ထွက်မယ်လား"

"ဆရာနဲ့ ခွဲလဲမခွဲချင်ပါဘူး ဆရာ၊ နို့ပေမဲ့ မဖြစ်ဘူးဆရာ"

"ဘာကြောင့်လဲကွ ပေါ်အူး"

"ခြံထဲမှာ လျှောင်ပြီး ကျွန်တော့်ကို ဘင်ဂျိုတီး သတ်သလို ဖြစ်နေပါလိမ့်မယ် ဆရာ"

"ဟေ့... မင်းကလားကွာ ဒီလိုပြောတာ"

"အားတော့နာပါရဲ့ ဆရာ၊ မလိုက်နိုင်လို့ပါ"

"လိုက်ရင်ကောကွာ"

"လိုက်ရင် ကျွန်တော် နားငြီးပြီး သေရင်လဲသေ၊ မသေရင်လဲ ရူးသွားပါလိမ့်မယ် ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"မင်းက ဒီအသံ မကြိုက်ဘူးလား"

"မကြိုက်ဘူး ဆရာ"

"ဒီဘင်ဂျိုသံ ကြားရတာပဲ မင်းနားထဲ ဘယ်လိုနေလို့လဲ"

"ဟို ဆရာ ကျသောင်းဝါးအကြောကို ဓားသွားနဲ့ ခြစ်တဲ့အသံ စလုံဖင်ကို သံကြမ်းနဲ့ ဖိပွတ်တဲ့အသံ ကြားရသလိုပဲ ဆရာ"

"ဟော့… ဒီလောက်ပဲလားကွာ"

"ဟုတ်တယ် ဆရာ"

"နို့… ဒါဖြင့် တီးတဲ့လူ ငါ့ရဲ့အနီးဆုံးနားကတော့ ဘာကြောင့် ခံနိုင်သလဲကွာ"

"ဒါက ဒီလိုရှိပါတယ် ဆရာ"

"ပြောစမ်းကွယ်"

"ဥပမာ ခပ်ရိုင်းရိုင်းမို့ပါ"

"ရိုင်းရိုင်းကွယ် ပြောကွာ"

"အီးပေါက်တဲ့အခါမှာ ပေါက်တဲ့လူဟာ ကိုယ့်အီး ကိုယ် လူများလောက် မနံဘူး ဆရာ၊ နှာခေါင်းမရှုံ့ဘဲ ခံနိုင်တယ်၊ ဆရာ့ ဘင်ဂျိုသံလဲ ဒီလိုပါပဲ"

"သောက်လန်းတဲ့… မင်းဟာကလဲ"

"ဟုတ်တယ် ဆရာ၊ ဒါကြောင့် ကျွန်တော့် ဥပမာက ရိုင်းတယ်လို့ ပြောတာ"

"ဒီလိုဆို မင်းက ကိုယ့်ဆရာရဲ့အကြိုက်ကို မလိုက်နိုင်ဘူး ပေါ့"



"ဒါတစ်ခုတော့ သည်းခံပါ ဆရာ"

"ဒီအကြောင်းကို မင်း ကောင်းကောင်း စဉ်းစားပြီးပြီလား"

"ဆရာ ဘင်ဂျိုဝယ်တဲ့နေ့ကပဲ စပြီး စဉ်းစားထားပါတယ် ဆရာ"

"ငါ ဘင်ဂျိုကို ဖြတ်ရင် ဖြတ်၊ မဖြတ်ရင် မင်းက ငါ့ကို ဖြတ်မယ် ဒီလိုလား"

"ဒီသဘောပါပဲ ဆရာ"

ထိုအခါ ကျွန်တော့်မှာ မစွစ် ဒေါ်ဆင်တို့ လူစုနှင့် ပတ်သက်၍ စိတ်ဆိုးလျက်ရှိနေသည့်အတွင်း တပည့်ရင်း ပေါ်အူးကပါ ဘင်ဂျိုကိစ္စနှင့် ပတ်သက်ပြီး အလုပ်ထွက်မည် ပြောနေပြန်သဖြင့် မခံမရပ်နိုင်အောင် ဒေါသဖြစ်သော်လည်း စိတ်ကို အနိုင်နိုင် ချုပ်တီးပြီးလျှင်…

"ဒီဟာ နောက်ဆုံးစကားပဲလားဟေ့ ပေါ်အူး"

"နောက်ပိတ်ဆုံး အထွေးဆုံး… သွေးဆုံးပါပဲ ဆရာ"

"ကိုင်း… ဒါဖြင့်ထွက်ကွာ"

"ကောင်းပါပြီ ဆရာ"

* * *

ကျွန်တော်သည် မရွှင်လန်းသော စိတ်နှလုံးဖြင့် လင်းလျှောက်တုတ်ကို ကိုင်၍ ဦးထုပ်ဆောင်းပြီးလျှင် မြို့ထဲသို့ ထွက်ခဲ့ရာ၊ ဆူး

www.burmeseclassic.com

www.burmeseclassic.com



လေဘုရားအနီးသို့ ရောက်သည်တွင် ကျောင်းနေစဉ်က အတော်ပင် ခင်မင်ရင်းနှီးခဲ့သည့် သူငယ်ချင်း ကိုဝင်းမောင်နှင့် တွေ့ရပါသည်။

ကိုဝင်းမောင်မှာ ကမာရွတ်တွင် ဝင်းခြံနှင့် နေအိမ်အမြောက်အများ အမွေရထားသူ ဖြစ်သည်နှင့် ၎င်းအား မြင်လျှင် မြင်ခြင်း ကျွန်တော့်အတွက် အိမ်တစ်လုံး လိုနေသည့်ကိစ္စကို ရုတ်တရက် သတိရမိလေသည်။

ကိုဝင်းမောင်မှာ ဝင်းခြံနှင့် နေအိမ်အမြောက်အများ ရှိသူဖြစ်သော်လည်း အလုပ်အကိုင် မရှိသဖြင့် လက်ထဲတွင် ပိုက်ဆံများများ မကိုင်နိုင်သလောက် မာနအလွန်ကြီးသူ ဖြစ်လေသည်။

ယခုအချိန်တွင်မှ အိမ်ငှားအိမ်ဝယ်များကို တွေ့မည်ဆိုလျှင် ကိုဝင်းမောင်မှာ ဘက်၍ နမ်းချင်မလောက် ဝမ်းသာမည် ဖြစ်ချေ၏။

ထို့ကြောင့် ကိုဝင်းမောင်ကို မြင်သောအခါ သူ့မှာလည်း လခရစေ၊ ကျွန်တော်လည်း နေအိမ်ရစေဟု သဘောပိုက်လျက် ဝမ်းမြောက်ဝမ်းသာ နှုတ်ဆက်ပြီးနောက်...

"ခင်ဗျားနဲ့ တွေ့ရတာ အဆင်သင့်လိုက်တာဗျာ ကိစ္စကလေးတစ်ခုရှိနေတယ်၊ လာဗျာ... ကွန်တီနင်တယ်လ်သွားပြီး တစ်ခုခုစားရင်း စကားပြောရအောင်"

ကိုဝင်းမောင်မှာ ကျွန်တော် ဖော်ရွေသလောက် ဝမ်းသာဟန် မရှိလှဘဲ သူ၏အောက်မေးလေးကြီးကို ခဲခဲယဉ်းယဉ်း လှုပ်ခါသာ−



"လိုက်ချင်ပါရဲ့ဗျာ၊ နို့ပေမဲ့ ဒီကနေ့တော့ လူတစ်ယောက်နဲ့ အိုရီရင့် ဟိုတယ်မှာ စကားပြောဖို့ ချိန်းထားလို့ သည်းခံပါ"

"သူနဲ့ချိန်းထားတာကို ဖျက်လိုက်ပါလား"

"ဖျက်လို့ မဖြစ်ဘူးဗျ၊ သိပ်အရေးကြီးတယ်"

"ဒါဖြင့် သူ့ကိုပါ ခေါ်ခဲ့ဗျာ၊ သုံးယောက်အတူ တွေ့ကြတာပေါ့"

"မဖြစ်ဘူးလေ... သူကလဲ ခင်ဗျာ့ မတွေ့ချင်ဘူး၊ ခင်ဗျားကလဲ သူ့ တွေ့ချင်မှာ မဟုတ်ဘူးဗျ"

"သူက ဘယ်သူမို့တုံး"

"ဒေါက်တာ သိန်းခံဗျ"

"ဟင် သူနဲ့ခင်ဗျားနဲ့ သိသကိုး"

"သိပ်တော့ မကျွမ်းပါဘူး၊ တစ်ခါနှစ်ခါ တွေ့ဖူးတာပါပဲ၊ ကျွန်တော့်အဒေါ် ဒေါ်မြစိန်နဲ့တော့ တော်တော် ရင်းနှီးတယ်ဗျ"

"ဪ ဒါကြောင့် မနေ့က သူတို့ စထရင်း ဟိုတယ်မှာ တွေ့လိုက်တာကိုး၊ ဒီလူကြီးနဲ့ ဆက်ဆံရင် သတိထားဗျနော်၊ သိပ်ဆိုးဝါးတဲ့လူကြီး၊ ကျွန်တော့်ကို ရှောက်ချတာ နှစ်ခါရှိပြီ လူညစ်ကြီးဗျ"

"ကျွန်တော်တော့ ညစ်နိုင်စရာ ရှိမထင်ပါဘူးဗျာ၊ ဒီလိုလေ ကျွန်တော့်ရဲ့ 'ဂရင်းဗီလာ' အိမ်ကြီးကို ငှားချင်တဲ့လူရှိတယ်လို့ သူကပြောတယ်။ မသကာပွဲခပေးရရုံရှိမှာပေါ့၊ ညစ်ပေါက်တော့ ရှိနိုင်ပါဘူး၊ သွားလိုက်ဦးမယ်ဗျာ၊ နက်ဖြန်တော့ ခင်ဗျားအိမ်မှာ အေးအေးဆေးဆေး တွေ့သေးတာပေါ့"

www.burmeseclassic.com

www.burmeseclassic.com



“တွေ့နိုင်မယ်မထင်ဘူးဗျို့၊ အခုပဲ ကျွန်တော့် အိမ်ရှင်က ကျွန်တော့်ကို မောင်းချလို့ အိမ်တစ်လုံး ရှာရဦးမယ်၊ ခင်ဗျားမှာ အိမ်ခေတ်ငယ်ငယ် အလွတ် ရှိသေးရဲ့လားဗျာ”

“ဝင်းနဲ့ခြံနဲ့ အိမ်လေးငါးလုံးရှိတယ်ဗျာ၊ ကြိုက်တာရွေးယူနိုင်ပါတယ်”

“ကျေးဇူးပါပဲဗျာ၊ ဒါထက် ကျွန်တော်က ဘင်ဂျိုတီးတတ်တယ်ဗျ၊ အနီးပါးချင်းမရှိမှ ဖြစ်မယ်ဗျ”

“သည့်ပြင် အိမ်တွေနဲ့ဝေးတဲ့ ချောင်ကျကျ ‘စမောလ်ရေဒီယို’ ဆိုတဲ့ အိမ်ကလေးရှိပါတယ်ဗျာ၊ ခင်ဗျားထင်သလိုသာ တီးပေရော့”

“ဟန်ကျလိုက်လေဗျာ”

“နို့ပြီး… မျက်နှာဖြူ စစ်သားတွေလဲ ခင်ဗျားနေမဲ့ အိမ်ကလေး အနောက်နားမှာ ရှိတယ်၊ သူတို့လဲ ခင်ဗျားလို အတီးအမှုတ်သမားတွေပဲ”

“ဟာ… ဟန်ကျတာပဲဗျို့၊ နို့ပြီး ခင်ဗျားနဲ့လဲ မကြာခဏ တွေ့နိုင်တာပေါ့နော်၊ အိမ်ချင်းနီးရဲ့ မဟုတ်လား”

“နီးပါတယ်ဗျာ… တွေ့နိုင်ပါတယ်။ ဒါပေမဲ့ ခင်ဗျား ဘင်ဂျိုတော့ မယူခဲ့နဲ့ဗျာ၊ တောင်းပန်ပါရစေ”

“ခင်ဗျားက ကျွန်တော့် ဘင်ဂျိုသံ ကြားဘူးပြီလားလို့”

“မကြားရသေးပေမဲ့ ဟိုနေ့က ခင်ဗျားတပည့် ပေါ်အူးနဲ့ သိမ်ကြီးဈေးမှာ တွေ့လို့ ပြောပြတယ်ဗျ၊ ဒါထက် သူကော ခင်ဗျားနဲ့ အတူတူပါလာမယ်လား”



“ဒီကောင် အလုပ်က ထွက်သွားပြီဗျ”

“အလိုဗျာ… ဘာကြောင့်တဲ့လဲ”

“ခွေးမသားက အင်မတန် လူပါးဝတယ်၊ ကျွန်တော် ဘင်ဂျိုတီးတာကို သူနားငြီးလို့တဲ့ဗျ”

“ဩော်… ဩော်… ဩော်… ဒီလိုကိုး”

“ကျွန်တော် မြှောက်စားတာနဲ့ ခွေးမသားက ပျက်နေတာဗျာ”

ကိုဝင်းမောင်သည် အနည်းငယ် စဉ်းစားပြီးနောက်–

“ပေါ်အူးကို ကျွန်တော် တွေ့ချင်တယ်ဗျာ”

“တွေ့ချင်ရင် အိမ်မှာ ရှိရစ်ပါတယ်ဗျာ၊ ဝင်တွေ့နိုင်ပါတယ်”

“ပေါ်အူးက အစေခံပေမဲ့ တော်တော် စိတ်ကူးဉာဏ်ကောင်းတဲ့ ကောင်ဗျနော်”

“ကောင်းပေမဲ့ဗျာ… ကိုယ့်ဆရာကို ဘင်ဂျို မတီးရဘူးဆိုတော့ လွန်းပါးဝလွန်းရာ မကျဘူးလားဗျ”

“ကျွန်တော်တော့ ဟိုလူကြီးနဲ့စကားပြောပြီးရင် ပေါ်အူးဝင်တွေ့လိုက်ဦးမယ်ဗျာ”

“ခင်ဗျားသဘောပါပဲ၊ ကျွန်တော်နဲ့ မဆိုင်တော့ပါဘူး”

* * *

www.burmeseclassic.com

www.burmeseclassic.com



အမှန်ကိုပြောရလျှင် ကျွန်တော်သည် ပေါ်အူးကို လက်လွှတ်ရသည့်အတွက် အလွန်ပင် နှမြောလျက်ရှိပါသည်။ ဤ ဘင်ဂျိုကိစ္စ၌ ဆရာနှင့်တပည့် ဆရာကလျှော့ပေးရလျှင် လူကြား၍မျှ မကောင်းသည့်အတွက်ကြောင့်သာ တင်းထားလိုက်ရခြင်း ဖြစ်ပါသည်။

ထိုနေ့၌ ကျွန်တော်သည် ဟိုတယ်တစ်ခုတွင် ဘီယာသောက်ရင်း ဘီလီယက်ထိုးခြင်းဖြင့်သာ အချိန်ကုန်ခဲ့ရာ စိတ်ထဲတွင် ဝမ်းသာသော အရာတစ်ခုမှာ ကိုဝင်းမောင်၏ အိမ်အနီးတွင် မျက်နှာဖြူစစ်တပ် ရှိနေသောကြောင့် သူတို့စစ်သားထဲတွင် အတီးအမှုတ်ကောင်းသော အနောက်နိုင်ငံသားတစ်ယောက်ယောက် ရှိချေမည်။ သူတို့နှင့် မိတ်ဖွဲ့ပြီး နည်းယူရခြင်းဖြင့် ကျွန်တော့်လက်သံမှာ မြန်မာပြည်တွင် ချန်ပီယန်တစ်ယောက် ဖြစ်လာနိုင်မည်ကို တွေးမိခြင်းပင် ဖြစ်ပါသည်။

ညနေခင်းအချိန်တွင် အိမ်သို့ ပြန်လာခဲ့ရာ လမ်းတွင် ပေါ်အူးနှင့် ခွဲရမည်ကို တွေးတောမိပြန်သည်နှင့် သုံးနှစ်ကျော် လေးနှစ်မျှ အတူတကွ နေခဲ့သော တပည့်ရင်းဖြစ်သူကို နှစ်မျော တွယ်တာမိသောစိတ်မျိုး ပြင်းထန်စွာ ပေါ်ပေါက်လာပါသည်။

ပေါ်အူးမှာ ဆရာ၏အလိုကို သိတတ်ရုံမျှမက ပတ်ဝန်းကျင်မျက်စိပသာဒ၏ လုပမှု အချိန်အခါ ရာသီဥတုနှင့် သင့်လျော်မှုစသည်တို့ကိုပါ ကျွမ်းကျင်စွာ ပြုပြင်နိုင်သူဖြစ်ပါသည်။ ဥပမာ ဆိုသော် ရာသီဥတု ထိုင်းမှိုင်းသောအခါတွင် မည်ကဲ့သို့ အဝတ်အစား၊ ရာသီဥတုတောက်ပလျှင် မည်ကဲ့သို့ အဝတ်အဆင်မျိုး၊ ဘန်ကောက်



လုံချည် ရွှေညိုရောင်ကို ဝတ်လျှင် ရှူးဖိနပ်အနက်၊ သက္ကလပ် အပေါ်အင်္ကျီ ညိုမှိုင်းမှိုင်း၊ သို့မဟုတ် ပိုးအင်္ကျီအနက် ရှပ်အင်္ကျီအဖြူ၊ ပိုးအင်္ကျီ နုံ့သာရောင်ကို ဝတ်လျှင် ဘန်ကောက်လုံချည် ရွှေဖလားရောင် ရှူးဖိနပ် လိမ္မော်ရောင်၊ သို့မဟုတ် အညိုရောင်ကို ဝတ်ဆင်ရမည် အစရှိသည်ဖြင့် အချိန်အခါ အပူအအေးကို လိုက်၍ ပတ်ဝန်းကျင် ပသာဒနှင့် သင့်လျော်သော အဝတ်တန်ဆာများကို ဝတ်ဆင်ရန် အကောင်းဆုံးသော အိမ်ထောင်မိန်းမသဖွယ် ကျွန်တော့်ကို ပြုစုပြင်ဆင်ပေးတတ်ပါသည်။

သူနှင့် မတွေ့ခင်တုံးကမူ ကျွန်တော်သည် ဖြစ်သလို ဝတ်စားဆင်ယင်၍ နေခဲ့ရာ သူ၏အပြုအပြင်ကိုခံရသောအခါတွင် ကျွန်တော့်မှာ စတိုင်တစ်မျိုး ဖြစ်လာပြီဟု အသိအကျွမ်းများ၏ ချီးမွမ်းခြင်းကို ခံရရုံမျှမက မယ်ဒဂုံဘွဲ့ရ ဒေါက်တာသိန်းဖေ၏ သမီး မြင့်တင်တင်နှင့် ချစ်ကြိုက်ခဲ့ရပါသည်။ ဤကား ပေါ်အူး၏ ကျေးဇူးပင် ဖြစ်၍ နောက်ဆက်တွဲ မဖွဲ့လိုက်ခြင်းမှာ ကျွန်တော်၏ အကျင့်စာရိတ္တကြောင့်သာ ဖြစ်ပါသည်။

ဤ 'အောက်နီး' အပြင်အဆင်မျှသာ မဟုတ်သေး၊ အိမ်တွင်း အချက်အပြုတ် အစားအသောက်တို့မှာလည်း ယုဝတီ၊ တိုင်းရင်းမေမဂ္ဂဇင်း စာအုပ်များထဲက မီးဖိုချောင်ကိစ္စ လမ်းညွှန်များကို ဘာတွေကြား မှတ်သားလိုက်နာနေသော ယုဝတီအမျိုးသမီး၊ တိုင်းရင်းမေအမျိုးသမီးများထက် သာသည်ဟု မဆိုနိုင်သော်လည်း မည်သည့်အချိန်အခါ၌ မည်ကဲ့သို့ အရက်မျိုးကို သောက်ရမည်ဟု နည်းနာ

www.burmeseclassic.com

www.burmeseclassic.com



တကျ ပြုစုမှုမှာကား ထိုအမျိုးသမီးများ ပေါ်အုန်း၏ ဆံဖျားကိုမျှ မီမည် မဟုတ်ပါ (စိတ်လဲမဆိုးကြပါနဲ့) ဥပမာဆိုသော် နေ့လယ်နေ့ခင်း အပျင်းပြေသောက်ချင်လျှင် ဝီစကီကို ဆိုဒါများများရော၍ပေးရမည်။ သို့မဟုတ် ဘရန်ဒီကို ဘီယာနှင့်ရော၍ ရှန်ဒီလုပ်ပေးရမည်။ ည အမူးသောက်ပြီး ခြေပစ် လက်ပစ် နှစ်နှစ်ခြိုက်ခြိုက် အိပ်လိုလျှင် ပြင်းထန်သော 'ရမ်' ကို ပေးရမည်။ ထမင်းစားကောင်းရုံလောက် သောက်လိုလျှင် ဘရန်ဒီကိုပေးရမည်၊ ချစ်စရာကောင်းသော မိန်းကလေးများနှင့် စကားပြောစရာ ရှိသည်ဆိုလျှင် အနံ့မနံသော 'ဂျင်' ကို ပေးရမည်။ ညဦးက အလွန်မူးအောင် သောက်ထားခဲ့လျှင် နံနက်တွင် လက်ဘက်ရည်၊ ကော်ဖီ အစရှိသော အချိုများကို မပေးဘဲ ဝမ်းဘဲပေါင်း၊ ခေါက်ဆွဲပြုတ်၊ မြူစွပ်ပြုတ် စသည့် တရုတ်အစားအစာတို့ကို ကြက်သွန်ချဉ် ငြုပ်သီးစိမ်းတို့နှင့် ပေးရမည် အစရှိသဖြင့် အရာခပ်သိမ်းသိရှိ နားလည်သူ ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော်သည် ဤ အပြုအစုဘက်တွင် အဘယ်မှာလျှင် တော်ရုံတန်ရုံ မိန်းမကို မက်မောတော့အံ့နည်း။

ဤသို့လျှင် ပေါ်အုန်း၏ နှစ်သက်မက်မောဖွယ်ရာများကို တွေးရင်း အိမ်သို့ရောက်သည်တွင် သူ့စိတ်ပြောင်းချင် ပြောင်းပါစေဟု သဘောပိုက်ခါ...

"ဟေ့ ပေါ်အုန်းရေ"

"ဆရာ"

"ဆရာတပည့်ဆိုတာ အပြောမှား အဆိုမှားရှိတဲ့အခါ ရှိကြ



တာပေါ့ကွယ်၊ လွန်ခဲ့တဲ့ဟာ လွန်ပါစေ၊ မေ့မေ့ပျောက်ပျောက်ပေါ့ကွယ်၊ ဟုတ်လား"

"ဘာကိုလဲ ဆရာ"

"ဪ... မင်းမသွားလဲ နေချင်နေနိုင်ပါတယ်၊ မင့်စကား မင်းပြန်ရုတ်သိမ်းလိုက်ပေါ့ကွယ်၊ ဆရာ စိတ်မဆိုးပါဘူး"

"ကျေးဇူးတင်ပါတယ် ဆရာ၊ နို့... ဆရာက ဟိုဟာကြီးတီးဦးမှာလား ဆရာ"

ကျွန်တော်က မျက်နှာထားတင်းလျက်

"တီးမှာပေါ့ကွယ့်"

"ဒီလိုဆိုရင်တော့"

"ကောင်းပြီ... ဒါဖြင့် မင့်သဘောပေါ့၊ မင်း ဘယ်မှာ အလုပ် လုပ်မလဲ"

"ခုနင်ကဘဲ ကိုဝင်းမောင်နဲ့တွေ့လို့ သူ့ဆီမှာ လုပ်ဘို့ ကျွန်တော် လက်ခံလိုက်ပြီဆရာ"

"အခုလေ... လှပါပေ့ကွယ်"

"သီတင်းတစ်ပတ်အတွင်းမှာ အလုပ်ဝင်ဖို့ သဘောတူလိုက်ပြီ ဆရာ"

"ငါ့ဆီက ထွက်သွားပေမဲ့ မင်းငါနဲ့ မလွတ်သေးဘူးမောင်"

"ဘာ့ကြောင့်လဲ ဆရာ"

"ငါလဲ ကိုဝင်းမောင် ခြံထဲပြောင်းမလို့"

"ဟုတ်လားဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်တယ် မောင်ရေ"

* * *

နောက်တစ်နေ့တွင် ကျွန်တော်သည် ကမာရွတ်သို့ ပြောင်းရွှေ့လာခဲ့လေ၏။ ပေါ်အူးနေရာ၌ အစားဌားရသော အစေခံမှာ ဘဆောင်ဆိုသူ အညာသား တစ်ယောက်ဖြစ်၍ ဗိုလ်အိမ်များနှင့် မြန်မာအရာရှိကြီးများ အိမ်တို့တွင် လုပ်သက် အတော်ရခဲ့သူ ဖြစ်သဖြင့် အချက်အပြုတ် အလုပ်အကိုင်တို့၌ အတော်ပင် ကျွမ်းကျင် ကောင်းမွန်လှသော်လည်း ဆရာ၏ အရိပ်အကဲကို သိခြင်းနှင့် ဆီလျော်အောင် ပြုစုခြင်းတို့၌မူ ပေါ်အူး၏ ဖိနပ်ဦးဖျားမျှ မမှီချေ။

စင်စစ် ပေါ်အူးကဲ့သို့ အခိုင်းအစေမျိုးမှာ မသိုးထမင်း မသိုးဟင်းနှင့် လိုက်၍ ရှာစေကာမူ လူသာလျှင် ခြေတိုပြီး သေရမည်။ ပေါ်အူးလို အကောင်ကိုကား တွေ့နိုင်မည် မဟုတ်ချေ။

သို့သော်... ဆရာနှင့်တပည့် ကိုယ်ကပဲ တင်းနိုင်မလား။ သူ ကပဲ ငြင်းနိုင်မလားဟု စိတ်မသက်မသာနှင့်ပင် ခွဲလိုက်ရပါသည်။ အကယ်၍ သူအခြား၌ မပျော်ပိုက်ခြင်းကြောင့် ပြန်လာခဲ့လျှင် လက်ခံရန် အသင့်ရှိပါသည်။

ယခု ကျွန်တော် ရောက်ရှိနေသောအိမ်မှာ အခြားအိမ်များနှင့် တစ်ခေါ်လောက် ဝေးကွာသည်ဖြစ်၍ အိမ်ဝင်းခြံထဲ၌ ကျွန်တော် သဘောရှိ တီးနိုင်ပါသည်။ နောက်ဖေးဘက်က စစ်တပ်မှာ (ထို



ချိန်၌ ၁၉၄၇ ခုနှစ် မဟာမိတ်စစ်တပ်များ ရှိသေးသည်။) ကျွန်တော့်အိမ်နှင့် သိပ်မကွာ လှမ်းစေကာမူ သူတို့လည်း ကျွန်တော်ကဲ့သို့ပင် ဆူညံသော အတီးအမှုတ်သမားများ ဖြစ်၍ အရေးမကြီးလှပါ။

သူတို့သည် အားလပ်ချိန်များတွင် တီးမှုတ်ကြ၍ ကျွန်တော်သည် သူတို့ တီးမှုတ်စဉ်တွင် နားထောင်နေလျက် သူတို့ ရပ်နားသော အခါမှသာ ကျွန်တော့်လက်သံကို ကြားစေရန် အတီးသမားချင်း မိတ်ဆက်သောနည်းအားဖြင့် လက်သံခပ်ပြင်းပြင်း တီးခပ်လေ့ရှိပါသည်။

ဤသို့ တဖက်နှင့် တဖက်တစ်လှည့်စီ တီးခပ်နေရင်း သူတို့ ကျွန်တော့် လက်သံကိုကြား၍ ဝါသနာတူချင်း မိတ်ဖွဲ့ရန်လာလျှင်လာ၊ သူတို့မလာလျှင် ကျွန်တော်ကိုယ်တိုင် သွားရောက်မိတ်ဆက်ပြီး သူတို့ဆီကနည်းကို ယူမည်ဟု စိတ်ကူးထားပါသည်။

သို့သော် သုံးလေးရက်မျှကြာသည်တွင် သူတို့လူစုထဲက တစ်ကောင်တစ်မြီးမှ ပေါ်မလာရုံမက သူတို့ တီးမှုတ်ခြင်းကိုပင် လုံးဝ ရပ်စဲပစ်လိုက်ကြပါသည်။ ကျွန်တော် စိတ်ထင်အားဖြင့် ဤသို့ တဖက်နှင့် တဖက် တစ်လှည့်စီ တီးကြသည်တွင် ကျွန်တော့် လက်သံသည် သူတို့ထက် ကောင်းနေ၍ သူတို့ ညံ့ဖျင်းမှုကို မျက်နှာပြုပြီပိ ရှက်သောကြောင့်သာ မတီးဘဲ ရပ်စဲသွားကြသည်ဟု အောက်မေ့မိပါသည်။

အစ ပထမ၌ သူတို့လူစုထဲတွင် ဘင်ဂျိုလက်သံကောင်း တစ်ခု ကြားရ၍ ကျွန်တော် နည်းယူထိုက်သူပဲဟု ထင်မှတ်ကာ

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာမိပါသည်။ သို့သော် သူ့လက်သံ ကောင်းမကောင်းမှာ ကိုယ့်ဟာ ကိုယ် တီးနေခြင်းထက် သူ့နား ကိုယ့်နားက ပိုမိုသိသာနိုင်မည်ဖြစ်၍ ကျွန်တော့် လက်သံမှာ သူ့နားတွင် သူ့ထက်ကောင်းသည်ဟု ယူဆသောကြောင့်သာ သူ မတီးဘဲ နေဟန်တူသည်။ ဤအတိုင်းမှန်လျှင် ယဉ်ကျေးသော အနောက်နိုင်ငံသားပီပီ တစ်နေ့နေ့ ကျွန်တော့်ထံ လာရောက်မိတ်ဖွဲ့ရမည်ဟု စိတ်ကူးပေါက်သည်နှင့် ဘင်ဂျိုကို ခါတိုင်းထက် ပိုမို တီးခတ်ရုံမက သူတို့ စစ်တပ်ဘက်ရှိ ကျွန်တော့်အိမ်နောက်ဖေး ဝင်းပေါက်ကိုပင် မပြတ် ဖွင့်ထားလိုက်ပါသည်။

သို့သော် တစ်နေ့သော်လည်း မလာ၊ တစ်နေ့သော်လည်း မလာ၊ သူတို့ စစ်တပ်ထဲကလည်း တီးမှုတ်သံမကြားရသည်နှင့် တံခါးဖွင့်ထား၍ လေးရက်မြောက်သောနေ့ ညနေခင်းတွင် မအောင့်အီးနိုင်တော့ဘဲ ကျွန်တော်ကိုယ်တိုင် သူတို့စစ်တပ်ဆီသို့ ရောက်သွားပါသည်။

ကျွန်တော်ကိုယ်တိုင်မှ အစပထမဦး အတီးသမားမှန်း မသိစေရန် ဘင်ဂျိုကို ယူမလာခဲ့ဘဲ သူတို့လို ဘောင်းဘီအရှည် ယန်ကီးရှပ်နှင့် စမတ်ကျကျ ဝတ်၍ လမ်းလျှောက်တုတ်ကို ကိုင်သွားပါသည်။ စစ်တပ်နဘေးသို့ ရောက်သည်တွင် ဝင်းတိုင်ကို ထောက်၍ ငိုင်နေသော အမေရိကန် အရာရှိတစ်ယောက်ကို တွေ့ရသည်နှင့်…



"ဟဲလို ဂွတ်အီးဗနင်း"ဟု စတင်နှုတ်ဆက်လိုက်ပါသည်။ သူကလည်း ကောင်းမွန်စွာ ပြန်လှန်နှုတ်ဆက်သည်နှင့် ကျွန်တော်က စီးကရက်ဘူးကို ထုတ်တယ် ပြီး အင်္ဂလိပ်ဘာသာဖြင့်

"တလောက ဒီစစ်တပ်ထဲက တီးမှုတ်သံ ကြားခဲ့ပါတယ်"

"ဟုတ်ကဲ့… တီးခဲ့မှုတ်ခဲ့ကြပါတယ်"

သူ့အမူအရာမှာ အတော်စိတ်ပျက်နေဟန်တူပါသည်။

"ဘင်ဂျိုလက်သံကောင်းတစ်ခု ကြားမိပါတယ်"

"ဟုတ်ကဲ့… ကျွန်တော် ကိုယ်တိုင်ပါပဲ"

"အခု လေးငါးရက်လောက်ရှိပြီ တီးသံမကြားရတာ"

"ဟုတ်ကဲ့… အတီးအမှုတ်ကို ဖြတ်ပစ်လိုက်ကြပါတယ်"

"စစ်တပ်ထဲက တားမြစ်လို့ပါလား"

"မဟုတ်ပါဘူး"

"ဘာ့ကြောင့်ပါလဲ"

သူသည် စီးကရက်ကို ဖွာထုတ်၍ ကိုယ်ဟန်ကို ပြင်လိုက်ခါ ကျွန်တော်နေသော အိမ်ကို ညွှန်ပြရင်း;

"ဟိုအိမ်က တီးသံကြားတာနဲ့…"

ကျွန်တော်မှာ ကျွန်တော်တွေးထင်ချက် မှန်ကန်ပြီဟု အောက်မေ့ကာ "ကမာရွတ်ရောက်မှ ငါ့လက်သံ ဒီလောက်တိုးတာဘဲ"ဟု ဝမ်းသာမိလျက် ကျွန်တော်ကိုယ်တိုင်ဖြစ်ကြောင်း ဖွင့်မပြောသေးဘဲ…

"အင်း… အဲဒီအိမ်က တီးသံက ခင်ဗျာ့ထက်သာတယ်လို့ ထင်တယ်ဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"သာပါ့ဗျာ၊ ဒီလောက်မြည်အောင် တီးနိုင်တာမတော့"

"ကောင်းကော... ကောင်းရဲ့လားဗျ"

ကျွန်တော်က မျက်နှာမချိုမချဉ်နဲ့ ထောက်လိုက်ပါသည်။

"ကောင်းဆို မပြောနဲ့တော့၊ အဲဒီ တီးသံကြားကတည်းက ကျွန်တော်တို့ တစ်သက်လုံးက ပါလာတဲ့ အတီးအမှုတ် ဝါသနာကို တစ်ခါတည်း ပြတ်ကရော"

"ဟင်... ဘာ့ကြောင့်"

"ခင်ဗျားဘဲ စဉ်းစားကြည့်တော့ဗျာ၊ ကျွန်တော်တို့ စစ်တပ်နဲ့ ထွက်ခဲ့တာ အမေရိက ကနေပြီးတော့ ဥရောပ အာရှတခွင် ပြံပြံစင်နေပြီ၊ ဒီလောက်ဆိုးဝါးတဲ့ နားခံပြင်းစရာကောင်းတဲ့ ဘင်ဂျိုသံ တစ်ခါမှ မကြားသေးဘူး။ ကျွန်တော်တို့ စစ်သားဆိုတော့ အမြောက်သံဗုံးသံတွေလဲ ကြားရတာ ရိုးနေပါပြီ"

ကျွန်တော် မျက်လုံးပြူးကာ...

"အို... ဒီလောက်ဘဲ"

"ဟုတ်ပါတယ်... ကျုပ် အထူးအဆန်း အံ့ဩစရာ ရွံစရာအဖြစ်နဲ့ အမေရိက,က မိတ်ဆွေတွေဆီတောင် မနေ့ကဘဲ စာရေးလိုက်ပြီ။ အဲဒါဗျာ ဘင်ဂျိုဆရာနဲ့ ခင်ဗျားနဲ့သိရင် တဆိတ်ကလေး ကျေးဇူးပြုပြီးတော့ မတီးဖို့ကို တားမြစ်ပေးစမ်းပါ"

ကျွန်တော် နောက်ထပ် ဘာမှ မပြောတော့ဘဲ ချာခနဲ လှည့်၍ အိမ်ဘက်သို့ ပြန်ခဲ့ပါတော့သည်။ ခြံဝင်းအတွင်းရောက်လျှင် စိတ်ကူးကြီးနှင့် ဖွင့်ထားသော ဝင်းတံခါးကို 'ဗျောင်း'ခနဲ ဆောင့်ပိတ်



ပြီး အိမ်ထဲသို့ ခြေသံပြင်းပြင်းနှင့် ဝင်ခဲ့ပါသည်။ စားပွဲပေါ်ရှိ ဘင်ဂျိုကိုကြည့်၍ ဆိုဖာပေါ် ဆောင့်ကြောင့်ထိုင်ချလိုက်သည်တွင် အစေခံသစ် ဘဆောင်သည် ရှိုးတိုးရှန့်တန့် မျက်နှာကလေးနှင့် စာရွက်ခေါက်ကလေး တစ်ခုကိုင်၍ နောက်ဖေးခန်းထဲမှ ထွက်လာပါသည်။

"ဟော ဒီမှာဆရာ"

"ဘယ်က လာပေးတဲ့စာလဲကွ"

"ဘယ်ကမှ မပေးဘူး၊ ကျွန်တော်ရေးတာပါ ဆရာ"

"မင်းက ငါ့စာရေး ပေးရအောင် မင့်ကို မင်း စာရေးဆရာများ မှတ်နေသလား" စိတ်ဆိုးဆိုးနှင့် ငေါက်လိုက်ပါသည်။

"မဟုတ်ပါဘူး ဆရာ"

"ဘာတွေများ ရေးထားတာလဲ"

"ဆရာ ဖတ်ကြည့်ပါ ဆရာ"

ကျွန်တော်သည် စာရွက်ကို ဖြန့်၍ ဘတ်လိုက်သည်တွင်...

"ရိုသေစွာစာအားဖြင့် ရေးသားအစီရင်ခံပါသည် ဆရာခင်ဗျား၊ အားလဲနာပါရဲ့ ဆရာ့ဘင်ဂျိုသံ ကျွန်တော် မခံနိုင်ပါ၍ အလုပ်ထွက်ခွင့် ပေးတော်မူပါ ဆရာသခင် ကျေးဇူးရှင် ခင်ဗျား"

'ပုံ ဘဆောင်'

ကျွန်တော့်မှာ ဒေါသလည်းဖြစ်။ အံ့အားလည်း သင့်ခါ...

"ဟင်... မင်းကပါ ဒီလိုဖြစ်လာပြန်ပလား၊ ကောင်းပြီ... ဘယ်တော့ ထွက်ချင်သလဲ"ဟု ခပ်ပြင်းပြင်း ငေါက်၍ မေးလိုက်ပါသည်။ ဘဆောင်မှာ ငိုမဲ့မဲ့မျက်နှာကလေးနှင့်...

www.burmeseclassic.com

www.burmeseclassic.com



"အခု တစ်စက္ကန့်အတွင်းမှာပဲ ဆရာ"

"မင်း ငါ့ဆီရောက်တာ ခုနစ်ရက်လောက် ရှိသေးတယ်၊ ရက်တွက်မပေးနိုင်ဘူး"

"ကိစ္စမရှိပါဘူး ကျွန်တော့်ရှိတာတောင် ပေးခဲ့ပါဦးမယ်"

* * *

ဤမျှအထိ ဖြစ်ပျက်သည့်တိုင်အောင် ကျွန်တော် ဘင်ဂျို ဝါသနာကို စိတ်မပျက်သေး။ ယခု ကျွန်တော့်လက်သံမှာ သူတို့၏ နားထဲ၌ မကောင်းဖြစ်နေသည်ကို ရိပ်မိပါသည်။ သို့သော် လောက၏ ဓမ္မတာ သဘောတရားအရ "အကောင်းဆုံးလျှင် မကောင်းဖြစ်ရမည်၊ မကောင်းဆုံးလျှင် အကောင်းဖြစ်ရမည်" ဆိုသည့်အတိုင်း ကျွန်တော့် လက်သံ မကောင်းဆုံးလျှင် အကောင်းဆုံးအဖြစ်သို့ ရောက်ရမည် မုချ။ ထို့ကြောင့် ဤမကောင်းဆုံးသည့်တိုင်အောင် မနေမနား လေ့ကျင့်မည်။ လောကတွင် အကောင်းတစ်ခုခုဖြစ်ရန်အတွက် အဖျက်အဆီးရှိသည်မှာ ဓမ္မတာ။ ဘုရားဖြစ်ခါနီးတောင်မှ ဒေဝဒတ်က နှောင့်ယှက်သေးသည်။ ယခု သူတို့၏ ပြောဆိုကဲ့ရဲ့ကြခြင်းကို ဂရုမစိုက် နောက်ဆုံးတစ်နေ့ မကောင်းဆုံး၍ အကောင်းဆုံးနေ့သို့ ရောက်လျှင်... အမေရိက စာရေးလိုက်သည်ဆိုသော စစ်ဗိုလ်ထံသွားရောက် လိပ်စာမေးထားပြီး အမေရိကသို့ပင် လိုက်သွားခါ 'ဟော့ အရင် မင်းကဲ့ရဲ့ခဲ့တာ ငါဘဲကွ'ဟု ကြွားဝါလိုက်ဦးမည်။



ယခုနောက်ထပ် အနိုင်းအစေငှားရလျှင်ရ၊ မရလျှင်လည်း နေပစေ၊ ကမာရွတ်ရောက်မှ မြို့နှင့်ဝေးကွာသည် ဖြစ်၍ လွယ်လင့်တကူ သွားလာနိုင်ရန် နောက်ဆုံးရက်လောက်ကပင် ဂျစ်ကားတစ်စီးကို သုံးထောင်နှင့် ဝယ်ထားလိုက်ပြီဖြစ်သောကြောင့် မြို့ထဲက ဟိုတယ်များသို့ သွားရောက် ထမင်းစားနေမည်။ အိမ်၌ ပြုစုရန် အစေခံမရှိဘဲ ခေတ္တ ဒုက္ခခံပြီး ဘင်ဂျိုအတီးကို မဖြစ်ဖြစ်အောင် လေ့ကျင့်မည်ဟု ဆုံးဖြတ်ချက်ချလိုက်ခါ ဂျော်နီဝါကား ဝီစကီကို သောက်နိုင်သလောက်သောက်ပြီး နှစ်ချိုက်စွာ အိပ်ပျော်လိုက်လေ၏။

နောက်တစ်နေ့ နံနက် အိပ်ရာထတွင် ညက အသောက်လွန်၍ ဦးခေါင်းလေးသည်နှင့် ပေါ်အူးကို အထူးသဖြင့် လွမ်းဆွတ်မိပါသည်။ ဤအချိန်၌ ပေါ်အူးသာရှိပါလျှင် 'ဖရူးဆော့လ်'ကို လာ၍ ပေးပြီး မီးဖိုချောင်ထဲ၌ ပူနွေးချိုမြိန်သော ဝမ်းဘဲသား မြူစွမ် ပြုတ်ကို စီမံနေချေပြီ။

ယခုမူကား ကျွန်တော့်ဟာ ကျွန်တော် ဖရူးဆော့လ်ပုလင်းယူ၍ သောက်ရခါ သုံးကြိမ်လောက် ဓာတ်သွားပြီး ဦးခေါင်းရှင်းသွားသည်နှင့် ရေချိုးအဝတ်လဲ၍ မြို့ထဲသို့ ကားကိုယ်တိုင်မောင်းနှင်ခဲ့လေ၏။

လမ်းတွင် အဆင်သင့်ပင် ပေါ်အူး ဈေးခြင်းတောင်းလေး ကိုင်လာသည်ကို မြင်ရသဖြင့် အနီးသို့ ရောက်သည်တွင် ကားကို ရုတ်တရက်ရပ်လိုက်ခါ–

www.burmeseclassic.com

www.burmeseclassic.com



"ဟော့… ပေါ်အူး"

"ဟာ… ဆရာ"

"မင်း ဘယ်ရောက်နေတာလဲ"

"ကျွန်တော် ဒေါက်တာသိန်းခံအိမ်မှာ လုပ်ရတယ် ဆရာ"

"ဟော့… ဘယ့်နှယ်ဟာလဲ အစဦးတော့ ကိုဝင်းမောင်ဆီမှာဆို"

"ဟုတ်တယ် ဆရာ၊ အခု ကျွန်တော့်ကို ဒီအိမ်မှာ လုပ်ခိုင်းတယ် ဆရာ"

"ဟင်… ဘယ့်နှယ့်ကြောင့်"

"ဒေါက်တာသိန်းခံနဲ့ သူ့သမီးက ကျွန်တော့်ကို လိုချင်တယ်ဆိုလို့"

"ဟင်… ဒါနဲ့ ကိုဝင်းမောင်က ပေးရရောလား"

"သူက မြင့်တင်တင်ကို ပိုးနေတာကိုး ဆရာရဲ့"

"ဩော်… ဒီလိုလား ဒါနဲ့ မင်းကလဲနေရရောလား"

"ကိုဝင်းမောင်က ကျွန်တော့်ကို ဒေါက်တာ သိန်းခံအိမ်က ရတဲ့လခအပြင် အပိုတစ်လ ၁၀ ပေးသေးတယ် ဆရာရဲ့"

"ဩ လုပ်ပါပေ့ကွယ်၊ ဒါထက် ဒီအကောင်ကြီး မြင့်တင်တင်ကို ပိုးဘို့များ ဘယ်သူက မြှောက်ပေးပါလိမ့်"

"ဟို စကားထစ်ထစ် ကိုခင်မောင်ကြီး ဆိုတဲ့လူနဲ့ ကိုသန်းဆွေဆိုတဲ့ ဂျပုကလေးကပေါ့ ဆရာရယ်"

"သူ့စွံပုံကော ပေါ်ရဲ့လားကွယ့်"



"ဝေးပါသေးတယ် ဆရာ၊ ဩော် ဒါထက် ဆရာရေ… မန္တလေးက ညွန့်လွင်လွင်တို့လဲ ရန်ကုန်မှာရှိနေသေးတယ် ဆရာ"

"ဟော… ဘယ်မှာလဲကွ"

"သမိုင်းက 'ဂရင်းဗီလာ' ဆိုတဲ့ ကိုဝင်းမောင်ရဲ့ အိမ်ကြီးကို သူတို့ငှားနေကြတယ် ဆရာ"

"ဩ… ဒါကြောင့် ဖိုးဝင်းမောင် ပိုက်ဆံ ဖောနေတာကိုးကွ၊ ဒါနဲ့သူတို့ မန္တလေးသားတွေ ရန်ကုန် ဘာလုပ်လာနေကြတာတဲ့လဲကွ"

"သူ့ငွေ့ကတော့ ဒေါ်သန်းတင်ကြီး နားထိုင်းတာနဲ့ မျက်စိရောဂါကို ဒေါက်တာချန်တိတ်ဆီ ကုနေတာတဲ့ ဆရာ"

"မင်း ဘယ့်နှယ်ကြောင့် သိတာလဲ"

"သူ့သမီး ညွန့်လွင်လွင်က ဒေါက်တာ သိန်းခံအိမ် နေ့တိုင်းလာနေတာပဲ ဆရာ"

"ဘာကြောင့် နေ့တိုင်းလာတာလဲကွ"

"မြင့်တင်တင်နဲ့ မိတ်ဆွေဖြစ်ပြီး မြင့်တင်တင်က မြှောက်ပေးတာနဲ့ နောက်ထပ် ရွှေမန်းမယ် ရွေးပွဲမှာ ဝင်မယ်လို့ လေ့ကျင့်ခန်း လာယူနေတာ ဆရာ"

"ဟင်… ရွှေမန်းသူလဲ မယ်ဒဂုံနဲ့ ပေါင်းမိတာနဲ့ ပျက်ပါပြီကွာ"

"မပျက်ပါဘူးဆရာ၊ အခု အရင်ကထက်ပိုပြီး ကြော့လာတာပဲ၊ ဆရာများမြင်ရရင်တော့…"

www.burmeseclassic.com

www.burmeseclassic.com



"မပြောစမ်းပါနဲ့ကွယ်၊ ငါ သရေကျအောင်၊ ဒါထက် သူတို့နှစ်ယောက် ငါ့အကြောင်းများ မပြောကြဘူးလားကွ"

"ပြောတယ် ဆရာ"

"ဘယ်လိုပြောလဲကွ"

"ဒီလူဟာ ရုပ်ရည်နဲ့ ပစ္စည်းနဲ့ ပညာနဲ့ တော်ရဲ့ 'တဲ့' ဒါပေမဲ့ ဘာမှုမလုပ်ချင်ဘဲ မြင်းပွဲသွား ဘိလိယက်ထိုးနဲ့ အလကား အချိန်ဖြုန်းနေတဲ့လူ အလေနတ်တော ဖြစ်နေတာကခက်တယ်လို့ မြင့်တင်တင်က ပြောတော့ "ဟုတ်ပါရဲ့ရှင် 'တဲ့' သူသာ ဒီ အကျင့်မျိုးတွေ မရှိဘူးဆိုရင် ကျွန်မနဲ့ ခုလောက်ရှိ လက်ထပ်ပြီးနေပြီ 'တဲ့' ဒီတော့ မြင့်တင်တင်က အမယ်လေး ဒီလိုဆို သူမနဲ့လေးတောင် မရောက်ရဘူး၊ ကျွန်မနဲ့ ကလေးတစ်ယောက်ရနေပြီတဲ့ ဆရာရဲ့"

"ဟော... ဟုတ်လား ဒီလိုဆို သူတို့က ငါ ဝါသနာပါတာတွေ ဖြတ်လိုက်ရင် နှစ်ယောက်စလုံးကဘဲ ယူဖို့ အသင့်ဆိုတဲ့ အဓိပ္ပာယ် ရောက်နေတာပေါ့ကွယ့်"

"ဟာ... ဆရာ နှစ်ယောက်စလုံးတော့လဲ ဘယ်ယူမလဲ၊ ဆရာကလဲ လောဘကြီးလိုက်တာ"

"ငါကလဲ တစ်ယောက်ယောက်ကို ပြောတာပါကွယ့်"

"ဒီလိုတော့ သေချာပါတယ် ဆရာ"

"ဒါပေမဲ့ ပေါ်အူးရေ..."

"ဆရာ"



"သုံးတောင်ထွာဝတ် မိန်းမရဲ့ အလိုကို လေးတောင်ဝတ်ယောကျ်ားက လျှော့ပေးရမယ်ဆိုတော့ ရှက်စရာ မကောင်းပေဘူးလားကွယ်"

"ကောင်းတာပေါ့ ဆရာ"

"ငါတို့က သူတို့ထက် တစ်ထွာပိုနေတာကွယ့်"

"ဟုတ်ပါတယ် ဆရာ"

"ဒါထက် မင်းကော သူတို့အိမ်နေရတာ ပျော်ရဲ့လားကွယ့်"

"တယ်ပျော်လှတယ် မဟုတ်ပါဘူး ဆရာရယ်"

"အေး... ငါလဲ ဒီလိုပဲ ထင်တယ်"

"မှန်ပါတယ် ဆရာ"

"ဒါဖြင့် ငါ့ဆီပြန်လာ နေပါလားကွယ့်"

"ဆရာ ဘင်ဂျိုမတီးတော့ဘူးလား"

"တီးတာပေါ့ကွယ့်"

"ဒါဖြင့် ဆရာရယ်"

"အေးလေ... မင့်သဘောပဲ"

"ဆရာ ဘင်ဂျိုဖြတ်လိုက်တဲ့နေ့မှာ ချက်ခြင်းလာခဲ့မယ် ဆရာ"

"မဖြတ်ဘဲနဲ့ လာလာ... ငါကတော့ ငါ့တပည့်ကို လက်ခံဖို့အသင့်ပဲ"

"ကျေးဇူးတင်ပါတယ် ဆရာ၊ ဒါထက် ဆရာ့ပုံသစ်နဲ့ကောဟန်ရဲ့လား ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီကောင်မရှိတော့ဘူးကွယ့်"

"ဘယ်ရောက်သွားသလဲ ဆရာ"

"အလုပ်ထွက်သွားပြီ"

"ဟင်... ဘာ့ပြုလို့လဲ ဆရာ"

"ငါ့ဘင်ဂျိုသံ နားမခံနိုင်လို့တဲ့ကွာ"

"ဟင်... ဆရာ့ဘင်ဂျိုကလဲ ခက်တော့တာပဲ"

"ငါ့ ဘင်ဂျိုက မခက်ဘူးကွယ့်၊ အခုအိမ်ခိုင်းဖို့ လူမရှိတာကခက်နေတယ်။ မင်းတတ်နိုင် ရှာပေးစမ်းပါဦးကွယ်"

"ဆရာရဲ့... ရှာပေးကော ဒီလိုပဲတစ်ရက် နှစ်ရက်ကြာ ဆရာ့ ဘင်ဂျိုသံကြောင့် ထွက်ပြေးကြမှာပဲ"

"အေး... ငါလဲ ဒီလိုပဲ တွေးမိတယ်"

ပေါ်အူးသည် အနည်းငယ် မျက်မှောင်ကုတ်၍ စဉ်းစားလိုက်ပြီး

"ဆရာ..ကျွန်တော် အကြံတစ်ခုရတယ်"

"အေးကွယ် ပြောစမ်းပါဦး"

"ဒီလို ဆရာ၊ ရိုးရိုးလူကို မငှားနဲ့"

"ဘာလဲ... ငါ့ဘင်ဂျို ခိုးပြေးအောင် သူခိုးငှားရမှာလား"

"မဟုတ်ပါဘူး ဆရာ၊ နားထိုင်းတဲ့လူကို ငှားပါ"

ကျွန်တော့်မှာ အခုမှ အသိဉာဏ်ဝင်စားလာကာ...

"ဟုတ်တယ်ဟေ့... မင်းပြောတဲ့အကြံ သိပ်ကောင်းတယ်၊ ငါ သိပ်သဘောကျတယ်၊ မင်းဉာဏ်ရှိတဲ့ကောင်ပဲကွယ့်၊ ကျေးဇူးတင်တယ်ကွာ၊ ဒါထက် မင်းနားထိုင်းတဲ့လူက ဘယ်မှာရမလဲကွယ့်"



"အလွယ်လေးပါ ဆရာရယ်၊ ပထမဦး ဒေါက်တာ သိန်းဖေ အိမ်မှာ လုပ်တဲ့လူက နထိုင်းကြီး၊ အခု ကိုဝင်းမောင်အိမ်မှာ... ကျွန်တော်နဲ့လဲ လိုက်ရတယ်၊ ကိုဝင်းမောင်ကလဲ သူမတော်ရမဲ့ ရည်းစားနဲ့ ယောက္ခမလောင်းရဲ့ အလိုလိုက်ပြီး အကြိုက်သာလဲလိုက်ရတယ်၊ သူ့ အဲဒီလူကြီးကို အိမ်က ကန်ထုတ်ချင်နေတယ်၊ ခများကြီး အလုပ်လက်မဲ့ ဖြစ်နေတော့ ဒေါက်တာသိန်းဖေနဲ့ မြင့်တင်တင် စိတ်မကောင်းဖြစ်မှာစိုးလို့သာ ထားရတာတဲ့ ဆရာ"

"အေး... ဟန်ကျလိုက်လေကွယ်၊ မင်းနဲ့တွေ့မှပဲ ငါအကြံကောင်း အစည်ကောင်း ရတော့တယ်။ ရော့ကွယ်... ငွေအစိတ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

"နောက် ငါ့မှာ အခက်အခဲတွေ့ရင် မင့်ဆီလာအကြံတောင်းရအောင် မင့် ဘယ်မှာတွေ့နိုင်မလဲကွယ့်"

"ကျွန်တော် မနက်တစ်ကြိမ် ညနေတစ်ကြိမ် ဈေးဝယ်ထွက်ရတယ်၊ ဆရာ ကမ်းနားဈေးက ကားဆိပ်မှာ လာစောင့်ရင် တွေ့နိုင်ပါတယ် ဆရာ"

"ကောင်းပါပြီကွယ်၊ ငါ ကိုဝင်းမောင်ဆီ သွားမယ်ဟေ့"

"ဟုတ်ကဲ့ဆရာ"

အမှန်မှာ ပေါ်အူးသည် အင်မတန် အကြံဉာဏ်ကောင်းသူ ဖြစ်ပါသည်။ သူပေးသည့် အကြံအတိုင်းပင် ကျွန်တော်သည် ကိုဝင်းမောင်၏အိမ်သို့ ရောက်ခဲ့၍ အကျိုးအကြောင်းကို ပြောပြရာ ကိုဝင်းမောင်မှာ အ,နေသော ဒင်္ဂါးအလှူခံပုံးထဲ ထည့်လိုက်ရသလို

www.burmeseclassic.com

www.burmeseclassic.com



ဝမ်းသာအားရနှင့်ပင် ကိုဘိုးရှင်းဆိုသူ အစေခံ နားထိုင်းကြီးအား ကျွန်တော့်ကားပေါ်သို့ တစ်ခါတည်း တင်ပေးလိုက်ပါတော့သည်။

ကျွန်တော့်အဖို့တွင် မှုကား အကြီးအကျယ် ဟန်ကျ၍သွားပါတော့သည်။ ဘင်ဂျိုကို စိတ်ရှိလက်ရှိ အားရပါးရ တီးခတ်၍ ကိုဘိုးရှင်းမှာ အခြားသူများကဲ့သို့ နားမငြီးတတ်ရုံမျှမက သူ့ အလုပ်အားချိန်များတွင် အနားလာခါ ပြုံးစိစိကြီး ထိုင်နေတတ်သဖြင့် ကျွန်တော့်မှာ မိမိအတီးကို နားထောင်မည့် ပုဂ္ဂိုလ်ပင် ရရှိနေသောကြောင့် ပေါ်အူးကို အထူးပင် ကျေးဇူးတင်မိပါသည်။

သို့သော်... နှစ်ရက် သုံးရက်မျှကြာသည်တွင် နားထိုင်းကြီးမှာ ကျွန်တော် တစ်စုံတစ်ခုကို အလိုရှိတိုင်း ရှိတိုင်း အသံကုန်အော်၍ အော်၍ ပြောရသဖြင့် ကျွန်တော်မှာ လည်ချောင်းနာပြီး အသံဝင်လာသည်နှင့် "ကြာလျှင်ခက်ရချည်ရဲ့"ဟု တွေးတောမိခါ စိတ်မသက်မသာဖြစ်၍ လာပြန်ပါသည်။

ထို့ကြောင့် ဤအခက်အခဲကို ပေါ်အူးထွင်တဲ့အလုပ် ပေါ်အူးပဲ အကြံထုတ်နိုင်းမှပဲဟု စိတ်ကူးခါ နောက်တစ်နေ့ နံနက်ခင်းတွင် ကြည့်မြင်တိုင် ကမ်းနားဈေးသို့ ရောက်ခဲ့ပါသည်။

အဆင်သင့်ပင် ဈေးခြင်းတောင်းနှင့် ဈေးထဲမှ ထွက်လာသော ပေါ်အူးကို တွေ့ရ၍–

"ဟော့... ပေါ်အူး"

"ဟာ... ဆရာပါလား"

"လာစမ်းပါဦးကွယ့်၊ ငါကြာရင် သေရတော့မယ်ကွယ့်"



"ဘာပြုလို့လဲ ဆရာ"

"မင့်လူကြီးက တယ် နားထိုင်းတာကိုးကွယ့်"

"နို့... ဆရာ တမင် နားထိုင်းတာပဲ ခေါ်ရတာကိုး"

"ငါ သူ့ အော်အော်ပြောရတာနဲ့ လည်ချောင်းနာပြီး အသံတွေ ဝင်လှပြီ။ အဲဒါ ငါကလဲ လက်မလွှတ်ချင်ဘူး၊ ဒီလိုပဲ ပင်ပင်ပန်းပန်း အော်မနေရအောင် မင်း အကြံထုတ်စမ်းပါဦးကွယ်"

ပေါ်အူးသည် အနည်းငယ် စဉ်းစားလိုက်ခါ...

"ဒီမှာဆရာ"

"ဟုတ်ပြီ... ဆိုစမ်းပါ"

"ဆရာနဲ့ ကျွန်တော်နဲ့ မြစ်ကြီးနားဈေးထဲက ဂျင်းဖောပျော်ပွဲစားရုံတစ်ခုမှာ ဆရာရယ်၊ စစ်ဗိုလ် ဗိုလ်မြင့်ဆိုတာရယ် ထမင်းအတူစားကြတာလေ၊ အို... အို... သူ့ နာမည် ကျွန်တော် တွေးမိပြီ၊ •လ, မောင်းစောတောင်"

"အေးအေး လ,မောင်းစောတောင် ငါလဲခုမှ တွေးမိတယ်၊ အထက် နယ်မှာဆိုရင် ဗိုလ်ချုပ်အောင်ဆန်းရဲ့ လက်ရုံးတစ်ခုပေါ့ကွယ့်"

"ဟုတ်တယ် ဆရာ၊ သူဟာ နားလဲထိုင်းတယ်၊ အသံလဲတိမ်နေတယ်၊ သူနဲ့စကားပြောတော့ ဘယ်လိုပြောရသလဲ၊ ဆရာ တွေးမိရဲ့လား"

"ဟုတ်ပြီပေါ့... ဟုတ်ပြီပေါ့၊ သူ့အိတ်ထဲက အမြဲတန်းပါလာတဲ့ ကျောက်သင်ပုံး ကျောက်တံတိုကလေး တစ်ချောင်းနဲ့ ရေးရေးပြောရတယ်"

www.burmeseclassic.com

www.burmeseclassic.com



"အခု ဆရာလဲ ကျောက်သင်ပုံးတစ်ချပ်နဲ့ ကျောက်တံ ဝယ်သွားပေါ့ ဆရာရဲ့"

"အေးဟေ့... ဟန်ကျလိုက်တာကွယ်၊ မင်းနဲ့တွေ့မှပဲ အကြံကောင်း ဉာဏ်ကောင်းရတော့တယ်၊ တစ်ယောက်တည်းဆို မျောက်သစ်ကိုင်းလွတ် ဖြစ်နေတာ၊ ရော့ကွယ်... ငွေငါးဆယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

"နဲတယ်လဲ မအောက်မေ့ပါနဲ့ကွယ်"

"ကိစ္စမရှိပါဘူး ဆရာ"

* * *

ယခုမူကား ကျွန်တော့်မှာ ပေါ်အူး၏ ကျေးဇူးကြောင့် ဘင်ဂျိုကိုလည်း တီးချင်တိုင်း တီးရသည်။ အနားၥ္ဍ နားထောင်မည့် ပုဂ္ဂိုလ်တစ်ယောက်လည်း အဖော်ရလေသည်။ အသံနှာအောင်လည်း မအော်ရတော့ပြီ၊ ကျွန်တော့်လက်သံကောင်း မကောင်းကို ကျောက်သင်ပုံးတွင်ရေး၍ မေးသောအခါ ပြုံးစိစိကြီးနှင့် အကြိမ်ကြိမ်ခေါင်းညိမ့်၍ပြလေ့ရှိသည်။ ကျွန်တော့်မှာ အကြီးအကျယ်ကျေနပ်ခါ ဘင်ဂျိုလက်သံ ချန်ပီယံဘွဲ့ထူးကိုဆွတ်ခူးရန် အချိန်နီးကပ်လာပြီဟု အောက်မေ့မိပါတော့သည်။

သို့သော် ထိုနားထောင်သူပုဂ္ဂိုလ်၏ တစ်နေ့တစ်ခြား ထူးခြားလာပုံကို ကျွန်တော် သတိပြုမိပါသည်။

အစတွင် ပထမဦး၌ ကျွန်တော့်အနီးတွင် နီးကပ်စွာထိုင်၍ နားထောင်လေ့ရှိပါသည်။



ငါးရက်ခန့်ကြာသည်တွင် ကျွန်တော့်အနီးမှ ငါးပေမျှကွာသောနေရာသို့ရွှေ့၍ နားထောင်ပါသည်။ နောက်ငါးရက်ကြာပြန်သော် နောက်ငါးပေရွှေ့သွားပြန်ပါသည်။ သူ၏မျက်နှာအမူအယာနှင့် ပြောပုံဆိုပုံ သံနေသံထားမှာလည်း တစ်နေ့တစ်ခြား ပြောင်းလဲ၍လာပါသည်။ နောက်ငါးရက်ကြာပြန်သော် နောက်ငါးပေရွှေ့သွားပြန်ပါသည်။

ဤသို့လျှင် ငါးရက် ငါးပေနှင့် ငါးကြိမ်မျှရွှေ့ရသေးသည်၊ နှစ်ဆယ့်ခြောက်ရက်မြောက်သောနေ့တွင် ပေအစိတ်မျှကျယ်သော ကျွန်တော့်တိုက်ပုကလေးထဲတွင် သူမရှိတော့ပါ။ နေ့လည်အားလပ်ချိန် သူလာရောက်နားထောင်သင့်ပါလျက် မပေါ်လာသဖြင့် ကျွန်တော်သည် ကျောက်သင်ပုံးပေါ်၌ –

"ဦးဘိုးရှင်းကြီး... ခင်ဗျား ခါတိုင်းလို ဘာလုပ် နားမထောင်သလဲဗျ၊ ကျွန်တော်တစ်ယောက်ထဲတီးရတာ ပျင်းတယ်ဗျ" ဟုရေး၍ ကျောက်သင်ပုန်းတစ်ဘက် ဘင်ဂျိုတစ်ဘက်ကိုင်ခါ နောက်ဘေးဘက်ရှိ သူ့အခန်းကလေးထဲသို့လိုက်သွားရာ သူ့အိပ်ရာလိပ်နှင့် အဝတ်အစားတို့ကို သိမ်းဆည်းနေသည်ကို တွေ့ရပါသည်။

ကျွန်တော်က နောက်မှလက်ကုပ်လိုက်၍ ကျောက်သင်ပုန်းကိုပြလိုက်ရာ သူသည်စာကိုမျှ ဖတ်မကြည့်တော့။

"မောင်ရင်... ကျုပ်နားမထိုင်းတော့ဘူးကွဲ့ ... ကျုပ်နားနှစ်ဘက်စလုံး အကောင်းပကတိဖြစ်သွားပြီ ... မောင်ရင့်ဘင်ဂျိုသံကြောင့် ... "

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ အကြီးအကျယ်အံ့သြမိခါ ...

"ဟင် ... ခင်ဗျားနားတွေကောင်းသွားပြီ ... "

"ဟုတ်တယ် ... မောင်ရင့်ကျေးဇူးဘဲ ... ဒါပေမယ့် အခု တော့ မောင်ရင့်လက်သံ ဆက်လက်နားမခံနိုင်လို့ ယခင့် ယခင် လူများရဲ့လမ်းစဉ်အတိုင်း ပြေးတော့မလို့"

"အလိုလေးဗျာ ... ကျေးဇူးမတင်တဲ့အပြင် ကျေးဇူးရှင် ဆီကပဲ ထွက်ပြေးတော့မလို့"

"အားတော့နာပါရဲ့ မောင်ရင် ... ဒါပေမယ့် ကျုပ်နားဟာ ထိုင်းရာက အခုပြန်ကောင်းလာပြီ၊ နောက်တစ်ရက်လောက် မောင့် လက်သံကြားရရင် တစ်ခါထဲ နားနှစ်ဘက်စလုံး ... လုံးလုံးမကြား နိုင်အောင် ကန်းသွားတော့မှာတဲ့ ... "

"ဒါ ... ဘယ်သူကပြောတာလဲ"

"ကျုပ်ဆရာ ... ဒေါက်တာသိန်းဇံကပေါ့"

"ခင်ဗျားသူနဲ့ဘယ်တုံးက တွေ့လို့လဲ"

"ဟိုနေ့က ဈေးသွားရင်း လမ်းမှာတွေ့လို့ ကျုပ်နားတစ်မျိုး ဖြစ်လာကြောင်း ပြောပြတော့ သူကပြောတာ ... "

"သူက ဘယ်လိုပြောသလဲ"

"ဒီကြေးကြိုးက ပေါ်လာတဲ့အသံကြောင့် ဖုံးသံနဲ့ရှော့(က်) ဖြစ်တဲ့နားဟာ ပြန်ကောင်းနိုင်တယ်တဲ့။ ဒါပေမယ့် နားပြန်ကောင်း ကောင်းခြင်း တစ်ရက်မဆိုင်းဘဲပြေးလာခဲ့တဲ့ ... "



"တောက် ... ဒီခွေး ကြိုဟ်ကောင်ကြီး" ဒေါသသံနှင့်ဟောက် လိုက်ပါသည်။

"သူမပြောလဲ ... ကျုပ်ပြေးမှာဘဲ ... မောင်ရင် မောင်ရင့် လက်သံ နားမခံနိုင်တော့ဘူး"

"တော်ပါပေ့ဗျာ ... "

ကျွန်တော့်မှာ ဤမျှော်လင့်ပဲနှင့် ထူးဆန်းစွာကြုံတွေ့ရ သည့် အဖြစ်အပျက်တွင် ရန်သူတော် ဒေါက်တာ သိန်းဇံ ပါဝင် ရောက်ရှပ်ပွေလာသည်နှင့် ဒေါသထွက်ခြင်း၊ အံ့သြမိခြင်းတို့ဖြင့် ကျွန်တော့်စိတ်ထဲတွင် ရှုပ်ပွေလာခါ ပထမဦးစိတ်ကူးလာခဲ့သည့် ကျောက်ဆည်မြို့က ကျောက်တောင်ကြီးတမျှ ကြီးမားမာကျောလှ သော ဘင်ဂျိုချန်ပီယံဘွဲ့ထူး ဆွတ်ခူးမည့်စိတ်ဓာတ်အစိုင်အခဲကြီး မှာ ဟီရိုရှီးမားမြို့ကြီး အနုမြူဗုံးချခံရသလို ရုတ်တရက် ချက်ခြင်း ကျေမွှန်ပျောက်ကွယ်သွားရုံမျှမက လက်ထဲကဘင်ဂျိုကိုပင် ဗွမ်းခနဲ ရိုက်ခွဲလိုက်ပါတော့သည်။

ဤစဉ်တွင် ဦးဘိုးရှင်းကြီးသည် သူ၏ အထုပ်အပိုးများကို ပြင်ဆင်ပြီးကာ ကျွန်တော့ကိုမျှ လှည့်မကြည့်တော့ဘဲ တစ်ခါတည်း သုတ်ခြေတင်ပါတော့သည်။

* * *

ကျွန်တော်သည် အိမ်ထဲသို့ပြန်ဝင်ကာ ပက်လက်ကုလားထိုင် ပေါ်ထိုင်၍ လွန်ခဲ့သော အဖြစ်အပျက်တို့ကို ပြန်လှန်စဉ်းစားရင်း

www.burmeseclassic.com

www.burmeseclassic.com



စိတ်မချမ်းသာမှုကို ခံစားနေလိုက်ရာ တစ်နာရီမျှကြာသည်တွင် အပြင်ဘက်မှ တံခါးခေါက်သံကို ကြားရပါသည်။

“ဘယ်သူလဲဝင်ခဲ့” ဟု ပြောလိုက်ရာ ပေါ်အူးသည် သူ့ပစ္စည်း အထုပ်အပိုးများကိုသယ်ဆောင်ကာ ဘွားခနဲ ဝင်လာသည်ကိုမြင်ရသည်တွင် ကျွန်တော်မှာ ပွဲထဲကဇာတ်မင်းသားသေခါနီး ကယ်ဆယ်မည့် နတ်မင်းပေါ်ပေါက်လာသကဲ့သို့ ထခုန်မတတ် ဝမ်းသာလုံးဆို့သွားကာ–

“အမယ်လေး ... ပေါ်အူးရယ် အဆင်သင့်လိုက်တာကွာ”

“ကျွန်တော် အဆင်သင့်အောင် လာခဲ့တာပဲဆရာ ... ”

“မင်းမကြိုက်တဲ့ ဘင်ဂျိုကြီး ငါရိုက်ခွဲပစ်လိုက်ပြီကွ ...”

“ဒါသိလို့ ကျွန်တော်လာခဲ့တာပဲဆရာ ... ”

“မင်းကို ဘယ်သူပြောလဲကွ”

“ကိုဘိုးရှင်းကြီး ဒေါက်တာသိန်းခံအိမ် ပြန်ရောက်လာပြီလေ ... ”

“ဟော ... ဟုတ်လား၊ မင်းလဲဒါနဲ့ ချက်ခြင်းလာခဲ့တာပေါ့”

“ဟုတ်တယ်ဆရာ ... ”

“အေးကွာ ဟိုတုန်းကလွန်တာတွေလွန်ပ့ါစေ၊ အခု ဒို့ဆရာတပည့်နှစ်ယောက် အရင်တုံးကလို ချစ်ချစ်ခင်ခင်နေကြတာပေါ့ကွယ်”

“ဟုတ်ကဲ့ဆရာ”

“ငါမင်းနဲ့ ပြန်တွေ့ရတာ ဝမ်းသာတယ်ကွယ် ... အရက်သောက်ရအောင် ဂျော်နီဝါကားတစ်လုံး ဖွင့်ခဲ့ကွယ်”



“ဟုတ်ကဲ့ဆရာ”

ကျွန်တော်သည် ဝီစကီကို ဆိုဒါခပ်များများရော၍ ပေါ်အူးနှင့် ရှေးဟောင်းနောက်ဖြစ်တို့ကိုပြောရင်း ခိမ်နှင့် တစ်စိမ့်စိမ့်သောက်နေလိုက်ရာ အတော်ကလေး ရေချိန်ကိုက်လာသည်တွင် တံခါးခေါက်သံကို ကြားရပြန်ပါသည်။

“ခမ်းမင်း” ဟု အသံခတ်လေးလေးနှင့်ပြောလိုက်ရာ ကျွန်တော် အလွန်တရာမုန်းတီးရွံရှာလှသော ဒေါက်တာသိန်းခံ ဝင်လာသဖြင့်–

“အလို ... ဂြိုဟ်မင်းကြီး ဘယ်လိုကဘယ်လို မွှေအုံးမလို့ ပေါက်လာတော်မူတာလဲခင်ဗျာ ... ဘင်ဂျိုလဲ မရှိတော့ပါဘူး”

* * *

သူ၏အမူအရာမှာ ခါတိုင်းကဲ့သို့ ရှုသိုးသိုးကြီးမဟုတ်ဘဲ ကတ္တရာစီးတုံး မီးအုံးထားသကဲ့သို့ ပျော့ပျောင်းသောအမူအရာနှင့်–

“မောင်ရင်ကကျုပ်ကို အတော်ဘဲစိတ်ဆိုးနေတာကိုးကွဲ့”

သူ့ပါးစပ်က မထွက်ဘူးသည့် ပျော့ပျောင်းသောလေသံ ချေးဦးပေါက် ပေါ်လာပါသည်။

သို့သော် ကျွန်တော့်မှာ ခတ်ထွေထွေရှိသည်နှင့်–

“ဆိုးပြီလားဗျ ... မဆိုးဘဲနေနိုင်ပါ့မလား၊ ခင်ဗျားဟာဘဲ ခင်ဗျား ပြန်စဉ်းစားကြည့်ပါအုံး ... ကိုယ့်သမီးနဲ့ ပေးစားချင်၊

www.burmeseclassic.com

www.burmeseclassic.com



မပေးစားချင်တဲ့ဖာသာ နေတာမဟုတ်ဘူး ... မန္တလေးက သူများသမီးနဲ့ကြိုက်နေတာတောင် လိုက်နှောက်ယှက်ရသေးတယ်။ ခင်ဗျားမသေသမျှ ကျုပ်မိန်းမ မရတော့ဘူးဆိုတာကျနေတာဘဲ၊ ဒါတင်မဟုတ်သေးဘူး ကိုယ်ဝါသနာပါလို့ ဘင်ဂျိုကလေးဝယ်တီးနေတာတောင်ဘဲ အိမ်ပေါ်ကဆင်းပြေးရအောင် ခင်ဗျားသွားတွန်းတယ်၊ ကဲ ... ခင်ဗျား ကျုပ်အပေါ် ဘာကောင်းတာရှိသလဲ"

ဤမျှ ကျွန်တော်က မူးမူးနှင့်ဟောက်သည့်တိုင်အောင် သူ့မှာအတော် စိတ်လက်ရှည်သော အမူအရာနှင့် –

"လွန်ပြီးသားဟာတွေ လွန်ပါစေမောင်ရင် ... "

"ဘာလွန်ပြီးသားဟာ လွန်ရမှာလဲဗျ၊ ခင်ဗျားကတော့ လုပ်ရတဲ့လူကိုး၊ ကျုပ်ကတော့ ခံရတဲ့လူ ဘယ်မှာကျေနိုင်မလဲဗျ"

"မောင်ရင်ပြောတာလဲ ဟုတ်ပါတယ်ကွယ် ... ဦးတောင်းပန်ပါတယ်၊ ဦးမှာ အခု မောင်ရင့်ဆီက အကူအညီယူရမယ့်ကိစ္စတစ်ခုရှိနေလို့"

"ဘာကိစ္စလဲ"

"ဩော် နားထိုင်းတဲ့လူတစ်ယောက်ကို ပျောက်အောင်ကုပေးပါမယ်လို့ အာမခံလိုက်မိတယ်"

"ခင်ဗျား အရူးကုတဲ့ဆရာဝန်က နားထိုင်းတာနဲ့ ဘာဆိုင်သလဲ"

"ဩော် ... ငွေတစ်သောင်းရမယ့်ကိစ္စကိုး မောင်ရဲ့"

"ခင်ဗျား ဘယ်သူက ငွေတစ်သောင်းပေးမှာတဲ့လဲ"



"ဒီလို ... မောင်ရင်ရဲ့၊ အခုမန္တလေးက စက်သူဌေးကတော်ဒေါ်သန်းတင်ကြီးတို့ မိသားတစ်စုဟာ သမိုင်းက ကိုဝင်းမောင်ရဲ့ "ဂရင်းဗီလာ" အိမ်ကြီး ငှားနေပြီးတော့ သူ့နားနဲ့မျက်စိရောဂါကို ဒေါက်တာ ချန်တိတ်ဆီမှာကုနေတာ တစ်လကျော်ပြီ၊ မျက်စိသာ ရသင့်လောက်ရပြီး နားက ကုလို့မရဘူး။ အဲဒါနဲ့ သူ့နားကိုပျောက်အောင် ကုနိုင်ရင် ငွေတစ်သောင်းပေးမယ်လို့ ပြောတယ်မောင်ရဲ့"

"ဒါနဲ့ ... ကျွန်တော်နဲ့ ဘာဆိုင်သလဲ"

"ဆိုင်ပြီးလား မောင်ရင်ရယ်၊ ဆိုင်တာက ဒီလိုကွဲ့ ဦးဟာ ဟိုတုန်းက အိမ်ကခိုင်းတဲ့ မောင်ဘိုးရှင်းရဲ့ နားထိုင်းတာကို အတော်ကြာကုနေတုန်းမှာဘဲ မောင်ဘိုးရှင်းဟာ မောင်ရင့်အိမ်ရောက်လာပြီး မောင်ရင့်ရဲ့ ဘင်ဂျိုသံကြားရတာနဲ့ အရက်အစိတ်အတွင်းမှာ နားနှစ်ဘက်စလုံး အကောင်းဖြစ်သွားတာကို တွေ့ရတယ်။ ဒီတော့ ဦးအကြံရတာက ဒေါ်သန်းတင်ကြီး နားထိုင်းတာလဲ မောင်ဘိုးရှင်းလိုဘဲ စစ်အတွင်းက ဗုံးခိုကျင်းထဲမှာ ဗုံးသံနဲ့ ရှော့(က်) ဖြစ်ပြီး နားအူသွားတာချင်းတူလေတော့ မောင်ဘိုးရှင်းလိုဘဲ ကျုပ်က အတွင်းဆေးကုမယ်း ... မောင်ရင်က ဘင်ဂျိုသံပေးဆိုရင် မကြာခင် နားကောင်းသွားရမယ်ထင်တာနဲ့ ကျုပ်က အာမခံလိုက်တာ"

"ဟတ် ... ဟား ... ရှိဖို့ကောင်းသေးတော့ ကျုပ်က ခင်ဗျား လို ကြေးစားကုတဲ့ အရူးဆရာဝန်လဲ မဟုတ်ဘူး၊ ဒေါက်တာ ချန်တိတ်လဲမဟုတ်ဘူး ... ကျုပ်ဝါသနာပါလို့သာ ဘင်ဂျိုတီးတာ အခု ဝါသနာကုန်လို့ ဘင်ဂျိုတောင် ခွဲပစ်လိုက်ပြီ"

www.burmeseclassic.com

www.burmeseclassic.com



"ကျုပ် ... အသစ်ဝယ်ပေးပါ့မယ် မောင်ရင်ရယ်"

"ကျုပ် ... မတီးဘူးဆို မတီးဘူးဗျို့"

"ခဏဖြစ်ဖြစ်တီးပါ မောင်ရယ်၊ ဒေါ်သန်းတင်က မောင်ဘိုးရှင်းလောက် မထိုင်းလေတော့ အရက် ၂၀ ထက်ပိုပြီး တီးရမယ် မထင်ပါဘူး၊ ကျုပ်ကလဲ ဂရုစိုက်ပြီး အတွင်းအာရုံကြောကို ပြုပြင်ပါ့မယ်"

"ဟား ဟား ကျုပ် ဘင်ဂျိုတီးတာနဲ့ နားထိုင်းတာ ပျောက်ရမယ်လို့ ခင်ဗျားကလဲ အရူးဆရာဝန်ပီပီ အရူးစကားတွေ ပြောတာပဲ"

ဤသို့ ကျွန်တော် မူးမူးနှင့် ခပ်ကြမ်းကြမ်းပြောသည့်တိုင်အောင် ငွေတစ်သောင်း မြင်နေသော ဒေါက်တာ သိန်းခံ့မှာ စိတ်မပျက်သေးဘဲ

"ကျုပ် သေသေချာချာ စူးစမ်းထားပါတယ် မောင်ရယ်၊ မောင်ဘိုးရှင်းနဲ့ အဖြစ်ချင်းလဲတူတယ်၊ အသက်ချင်းလဲတူတယ်၊ အမှန်ပျောက်ရမှာပဲ မောင်ရင်ရယ်၊ မောင်ကသာ ဝေဒနာရှင်ရဲ့ အကျိုးကိုကြည့်ပြီး လက်သံခပ်ပြင်းပြင်းသာ တီးပေးပါ"

"ဟတ်... ဟား... ခင်ဗျားတို့နှစ်ယောက်ရဲ့ အကျိုးကြည့်ပြီးတော့ ကျုပ်က တီးရမယ်၊ အမယ်လေး ရယ်ချင်တိုင်း ရယ်ရရင် ကျုပ် အူတက်သေလိမ့်မဗျို့၊ ကျုပ် တော်ချင်ရက်နဲ့ မတော်ခဲ့ရတဲ့ ယောက္ခမကြီး နှစ်ယောက်အတွက် အလကားသက်သက် ကျုပ်က ဘင်ဂျိုတီးရမတဲ့၊ ဟတ်ဟား... ဟတ်ဟား အမယ်လေး ပေါ်အူးရဲ့ ငါ့ကို နှိပ်ပေးပါဦးကွယ့်"



ကျွန်တော် မူးမူးနှင့် ဤမျှ ရယ်သွမ်းသွေးသည့်တိုင်အောင် ငွေမက်သော ဒေါက်တာသိန်းခံ့မှာ သည်းညည်းခံလျက်...

"ဒီလိုလဲ အလကားမဟုတ်ရပါဘူး မောင်ရယ်"

"အလကားမဟုတ်လို့ ဘာများပေးဦးမလို့လဲ ခင်ဗျာ"

"ဒီလိုလေ... ကျုပ်ရမဲ့ ငွေတစ်သောင်းထဲက မောင်ရင်က ဘင်ဂျိုတီးခ ၃၀၀၀ ယူကွယ်"

ကျွန်တော့်မှာ ရုတ်တရက် မျက်နှာထားပြင်လိုက်ကာ

"ဩ ... ကျုပ် ၃၀၀၀ ပေးတော့ ဦးက ၇၀၀၀ ဘဲယူမယ် ဆိုပါတော့"

"ဟုတ်ပါတယ် မောင်ရယ်"

"ဒါဖြင့် ဦးက ဒီကိစ္စမှာ ငွေ ၇၀၀၀ လိုချင်တယ်ဆိုပါတော့"

ဒေါက်တာသိန်းခံ့မှာ အနည်းငယ် အားရှိလာဟန်နှင့် ...

"ဟုတ်ပါတယ် မောင်ရယ်"

"ကိုင်း... ဒါဖြင့် ပေါ်အူးရေ ဘဏ်က ချက်(က) ဘုတ်ယူခဲ့စမ်းကွယ်၊ ဒီအရူး ဆရာဝန်ကြီး ငွေ ၇၀၀၀ ချက်လက်မှတ်ပေးလိုက်ရအောင်"

ဤတွင်မှ ဒေါက်တာသိန်းခံ့မှာ မျက်နှာကြီး ရုတ်တရက် နီရဲလာကာ နောက်ထပ် သည်း ညည်းမခံနိုင်တော့ဘဲ ထိုင်ရာမှ ဝေါက်ခနဲ ထပြီး တစ်ပါတည်း သုတ်ခြေတင်ပါတော့သည်။

ကျွန်တော့်မှာ ကျွန်တော်၏ အခဲမကြေလာခဲ့သော ဂြိုဟ်ကောင် ရန်သူကြီးအား အချက်ကျကျ ကလဲ့စားချေလိုက်ရသဖြင့်

www.burmeseclassic.com

www.burmeseclassic.com



သူ အလွန် မခံမရပ်နိုင် ဖြစ်သွားသလောက် ကျွန်တော်၏ အကြီးအကျယ် ဝမ်းသာလိုက်ပုံမှာ ပြောစရာမရှိတော့ပါ။ သူထွက်သွားကတည်းက ရယ်လိုက်ရသည်မှာ အူများပင် တက်လုခမန်းဖြစ်၍ ပေါ်အူးကပင် နှိပ်ပေးရပါတော့သည်။

နောက်ဆုံး၌ "ပေါ်အူးရေ... ငါဝမ်းသာလိုက်တာကွာ၊ ငါတစ်သက်မှာ ဒီလောက်ဝမ်းသာတာ တစ်ခါမှမတွေ့ဘူးသေးဘူး ဝမ်းသာတဲ့ အထိမ်းအမှတ်နဲ့ မင်းလဲ ငါနဲ့အတူတူ အရက်သောက်ကွာ ဆရာတပည့်နှစ်ယောက် ပြန်ပေါင်းထုပ်ရင်း ပျော်ကြရအောင် ထမင်းဟင်းတွေတော့ ချက်မနေနဲ့တော့ တို့သောက်လို့ ဝခါမှ ရန်ကုန်ထဲသွားပြီး ဟိုတယ်မှာ စားမယ်ကွ"

"ကောင်းပါပြီ... ဆရာ"

* * *

သို့သော်... မြို့ထဲသို့ မသွားရသေးမီ ဆရာတပည့်နှစ်ယောက် ဖိမ်နှင့်သောက်၍ ကောင်းနေစဉ်မှာပင် တိုက်ရှေ့မှ ကားရပ်သံကြားပြီး ဒုတိယတဖန် တံခါးခေါက်သံကို ကြားရပြန်ပါသည်။

"ဟူးအာယူး... ခမ်းမင်း" ဟု ဆိုလိုက်သည်နှင့် တစ်ပြိုင်နက် ရုတ်တရက် ဝင်လာသူနှစ်ဦးကို မြင်လိုက်ရသည်တွင် ကျွန်တော်၏ မျက်စိနှစ်လုံးမှာ ကိုယ့်အပြင် ကိုယ် မယုံနိုင်သလို ရုတ်ချည်း ပြာခနဲ ဖြစ်သွားပြီး အသည်းနှလုံးကို အရက်ပြန်နှင့် လောင်းလိုက်သကဲ့



သို့ တခဏအတွင်း ရင်အုံတစ်ခုလုံး ပူခနဲ အေးခနဲ စိမ့်၍ သွားပါတော့သည်။

အကြောင်းမှုကား ဝင်လာသူနှစ်ဦးမှာ အခြားသူများမဟုတ်၊ ဤနေရာ ဤဂေဟာတွင် နှစ်ယောက်ပြိုင်တူ ကိုယ်ထင်ပြရန် ကျွန်တော် မည်သည့်အခါကမျှ မတွေးထင်ခဲ့သည့် ကျွန်တော်၏ အဆက်ဟောင်းများဖြစ်သော ရန်ကုန်မြို့ အလှဘုရင် မြင့်တင်တင်မယ်ဒဂုံနှင့် ရွှေမန်းမြို့ လှထိပ်ခေါင်တင် ညွန့်လွင်လွင် အပျိုချောတို့ နှစ်ကိုယ်နှော၍ လာကြခြင်းဖြစ်ပါသည်။

နှစ်ယောက်စလုံးမှာပင် ရှိသမျှသူတို့အလှတွေကို မည်မျှကြာအောင် အစွမ်းကုန် ပြုပြင်ချယ်လှယ် လာခဲ့ကြသည် မသိ လိပ်ခွေရစ်မွ အချိုးကျသော အမောက်တို့အောက်တွင် နီထွေးဖောင်းမို့သော ပါးပြင်နှစ်ဖက် ဝိုင်းရံထားသည့် တောင်ကြက်ပြောဖူးရောင် လွင်လွင်ရဲရဲ စိုစိုရွှဲနေသော နှင်းဆီဖူးသဏ္ဍာန် နှုတ်ခမ်းတို့နှင့် ကြည်လင်တောက်ပသော မျက်လုံးနက်ကလေးများမှာ တဒင်္ဂပဟန် အတွင်း ရုတ်ချည်း ကြွေကျတော့မည့်နှယ် အရည်တလယ်လယ် အရောင်တလျှပ်လျှပ် ဖြစ်နေပါတော့သည်။

ကျွန်တော့်မှာ မမြင်စဘူးထူးကဲသော ရတနာတို့ကို တွေ့မြင်ရသလို ငါးစက္ကန့်မျှ ကြက်သေသေပြီးမှ ရုတ်တရက် သတိရလာကာ ခပ်မူးမူးနှင့် ပါးစပ်ထဲ လွယ်လွယ်တွေ့ရာပင်...

"အမယ်လေး ချောကြပါပေ့၊ လှကြပါပေရဲ့၊ ထိုင်ကြပါခင်ဗျ၊ ဘာကိစ္စကြွလာတော်မူပါသလဲခင်ဗျာ၊ ဟဲ့... ဟဲ့... ပေါ်အူးရေ...

www.burmeseclassic.com

www.burmeseclassic.com



ပေါ်အူးရေ... ဟော့ဒီပုလင်းတွေ ဖန်ခွက်တွေသိမ်းကွာ ဒီပစ္စည်းမျိုးတွေက ဒီလို ဂုဏ်သရေရှိ မိန်းမချောကလေးတွေရှေ့မှာထားလို့ မသင့်လျော်ဘူးကွာ၊ ပြီးတော့ မင့်မမများအတွက် တစ်ခုခုစီမံခဲ့ကွာ"

"ဟုတ်ကဲ့ ဆရာ"

သူတို့နှစ်ယောက်မှာ ကျွန်တော်တို့ ဆရာတပည့်ဖြစ်နေပုံကို ပြုံးစိစိကြည့်ရင်း ထိုင်ကြကာ မြင့်တင်တင်က

"ဩ... ကိုအေးဆွေ အရက်လဲသောက်တတ်သကိုး"

"သောက်တတ်တယ် မဟုတ်ပါဘူးခင်ဗျာ၊ တစ်ခါတလေ အဆာပြေဆိုသလို ဝမ်းသာတာနဲ့... ဟာ... ဟုတ်ပါဘူး၊ စိတ်ညစ်တာနဲ့ သောက်မိတာပါ ခင်ဗျာ၊ ဘာကိစ္စပါလဲ ခင်ဗျား၊ လာရင်းအကြောင်းကို မိန့်ကြားတော်မူကြပါခင်ဗျား၊ အခုန မမြင့်တင်တင်ရဲ့ မွေးသဖခင်ကြီးကို ဘောက်တီးလွှတ်လိုက်လို့ ရန်တွေ့လာတာလား ခင်ဗျာ"

"အမယ်လေး... ဖြစ်နေလိုက်တာ ရန်တွေ့ရအောင် လာတာ မဟုတ်ဘူးရှင်ရဲ့" နှုတ်သီးကောင်းသော မယ်ဒဂုံက ဖြတ်၍ ငေါက်လိုက်ပါသည်။

"ဒါဖြင့် ဘာလုပ်လာကြတာလဲ ခင်ဗျား၊ မယ်ဒဂုံနဲ့ ရွှေမန်းမယ် အရွေးခိုင်းမလို့ လာကြတာလား ခင်ဗျာ၊ ဒီလိုဆိုရင် ကျွန်တော့်ဆီ မလာကြပါနဲ့၊ ဦးဇော်ဝိတ်တို့၊ ဦးသော်ဇင်တို့ဆီ သွားကြပါခင်ဗျာ"

"အမယ်လေး... ဘာတွေရှောက်ပြောနေပါလိမ့် လူကြီးကိုက..."



ရှက်တတ်သော ရွှေမန်းသူက ဆူလိုက်ပြန်ပါသည်။

"လာတဲ့ကိစ္စကို အမိန့်ရှိပါဦး ခင်ဗျာ"

သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ပြုံးစိစိနှင့်ကြည့်ကြပြီးမှ မြင့်တင်တင်က....

"ကိစ္စကတော့ရှင် အခုန ကျွန်မ ဖေဖေ[illegible]သွားတဲ့ကိစ္စပါပဲ"

"ဘာလဲ ဘင်ဂျိုတီးဖို့လား ခင်ဗျာ၊ ဒါတော့ သည်းခံကြပါ၊ တစ်သက်နဲ့တစ်ကိုယ် ဘယ်တော့မှ ဘင်ဂျို မတီးတော့ပါဘူးလို့ ဆုံးဖြတ်ထားလိုက်ပါတယ် ခင်ဗျာ၊ ဘင်ဂျိုကိုတောင် နေ့လယ်ကပဲ ရိုက်ခွဲလိုက်ပါပြီ ခင်ဗျာ"

"ကျွန်မတို့ အနေ့ အသစ်ဝယ်ခဲ့ပါတယ်ရှင်"ဟု ပြောပြီး မြင့်တင်တင်သည် အပြင်ဘက်သို့လှည့်၍ "ဦးဘိုးရှင်း ယူခဲ့"ဟု လှမ်းပြောလိုက်သည်တွင် နားထိုင်းပျောက် သက်သေခံ ဂြိုဟ်ဘိုးရှင်းသည် ဘင်ဂျိုတစ်လုံးကို ကိုင်၍ ဝင်လာပြီး အလျင်အမြန် ပြန်ထွက်ပြေးပါသည်။

မြင့်တင်တင်သည် ဘင်ဂျိုကို ကျွန်တော့်ဘက် ထိုးပေးခါ

"ရော့ပါရှင်... ကျွန်မတို့ကိုယ်တိုင် ကိုအေးဆွေဘို့ ဝယ်ခဲ့တာပါ၊ တီးပါရှင် ကျွန်မဖေဖေအတွက် သူ့အာမခံထားတဲ့ကိစ္စ အောင်မြင်သွားအောင်"

"ဟုတ်ပါတယ်ရှင်... တီးပေးပါ၊ ကျွန်မတို့ဖေဖေ နားပြန်ကောင်းသွားအောင်"

www.burmeseclassic.com

www.burmeseclassic.com



ရွှေမန်းသူ ညွှန့်လွှင်လွှင်ကပါ ထောက်လိုက်ပြန်ပါသည်။

"ဟုတ်တယ် ခင်ဗျားတို့အဖေကိစ္စ အမေကိစ္စတော့ တယ်သိတတ်ကြတယ်၊ ကိုယ့်လိုဘတ်သာ ကိုယ်ပြောကြပေါ့ သူများလို[illegible]တော့ သတိတောင်မရကြဘူး"

နှ[illegible]ချက်စလုံး တစ်ယောက်မျက်နှာ တစ်ယောက် ကြောင်စီစီနှင့် ကြည့်လိုက်ကြ[illegible]ါ

"ဘာလဲရှင်… ကိုအေးဆွေလိုဘတ်က"

"အမယ်လေး… ဒါများ မေးနေရသေးလား ခင်ဗျာ၊ ဖွင့်ပဲပြောနေရဦးမှာလား၊ အမိတို့နှစ်ယောက်စလုံးပဲ ကျွန်တော်နဲ့ နောက်ကဖြစ်ခဲ့တာတွေ ပြန်တွေးကြပါဦးတော့၊ ဘာလဲ မေ့ကုန်ပြီလား" ဟု ပြောရင်း လွန်ခဲ့သည့် အဖော်တွေကို သတိရသော မျက်လုံးများဖြင့် သူတို့နှစ်ယောက်အား မျက်စိကစား၍ ကြည့်လိုက်ပါသည်။

သူတို့နှစ်ယောက်သည် တစ်ယောက်ကို တစ်ယောက် ပြူးစီစီနှင့် ကြည့်နေကြပြီးမှ ရဲရင့် သွက်လက်သော မယ်ဒဂုံမြင့်တင်တင်က…

"ဒါဖြင့်… ကိုအေးဆွေ လိုဘတ်ပြည့်ချင်ရင် ကျွန်မတို့ ခိုင်းတာလုပ်ပေးလေ"

"ကျုပ် မြော်လင့်ခဲ့တာ ပြန်ဖြစ်နိုင်ပါ့မလား"

"ဖြစ်နိုင်ပါတယ်"

ကျွန်တော့်စိတ်ထဲ၌ အတော် ဖိုးကျိုင်းဒုတ် ဖြစ်သွားပါသည်။

"ဟုတ်မှလဲ ညာကြပါ အမိတို့ရယ်"

"အမယ်လေး… ကျွန်မတို့က ညာမလားရှင်ရဲ့"



ရွှေမန်းသူက စကားဖန်ထိုးလိုက်ပြန်ပါသည်။

ဤတွင် ကျွန်တော့်မှာ လက်မြှောက်ခဲ့ရသော မြာနှစ်ပွေ၏ မမျှော်လင့်သော ချော့မြူခြင်းကို ခံရသဖြင့် အကြီးအကျယ်ဝမ်းမြောက် ဝမ်းသာ ဖြစ်နေပါသည်။ သို့သော် လွယ်လွယ်ကူကူနှင့် လိုက်လျောခြင်းကို မပြုသေးပဲ။

"ဒါပေမဲ့ဗျာ၊ ဒီကိစ္စက ကျုပ်သဘော တစ်ခုထဲနဲ့ မပြီးသေးဘူး၊ ဟောဒီ… ကျုပ်တပည့်ကို တိုင်ပင်ရဦးမယ်"

ပေါ်အူးမှာ ပြီးလွယ်စီးလွယ် လိုင်းမဂျူး နှစ်ဖန်ခွက်နှင့်ပလိန်းကိတ်ကို ယူငင်ခဲ့ကာ အနီးသို့ ပြန်ရောက်နေပါသည်။

"ကဲ… ခင်ဗျားတို့ စားသောက်နေခဲ့ကြဦး၊ ကျုပ်တို့ဆရာတပည့်နှစ်ယောက် တိုးတိုးကြိတ် သွားတိုင်ပင်လိုက်ဦးမယ်၊ လာဟေ့… ပေါ်အူး" ဟု ခေါ်သွားကာ နောက်ဖေးခန်းထဲသို့ ရောက်သည်တွင်…

"ဘယ့်နဲ့လဲ တပည့်ရ၊ ငါတော့ မိန်းမရချင်တာနဲ့ ဘင်ဂျိုပြန်တီးချင်နေပြန်ပြီ"

"ဒီလိုဆို ကျွန်တော်လဲ ပြန်ပြေးမှာပဲ ဆရာ"

"ဟာ မင်းကလဲ ဒီလိုမလုပ်နဲ့ကွာ၊ အခုတီးမှာက ဝါသနာကြောင့် တီးတာမှ မဟုတ်တာ အလုပ်သဘောနဲ့ တီးမှာပဲကွ"

"အလုပ်သဘောနဲ့ဆို ပိုပြီး လက်သံပြင်းပြင်း တီးမှာပေါ့ ဆရာ"

"မဟုတ်ဘူးကွဲ့၊ အချိန်နဲ့ တီးမှာပြောတာပါ"

"ဘယ်လိုအချိန်နဲ့လဲ"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလကွယ်... မနက်စာစားပြီး ၁၁ နာရီက နေ့လယ် လက်ဘက်ရည်သောက်ချိန် ၂ နာရီအထိ တစ်နေ့ ၃ နာရီပဲ တီးပေးမယ်၊ အဲ... ဒီအချိန်အတွင်းမှာ မင်းက မြို့ထဲကားနဲ့ သွားလယ်နေတာပေါ့ကွယ်၊ မကောင်းဘူးလား"

"ဒီလိုဆိုရင်တော့ ကောင်းပါတယ်ဆရာ၊ နို့... ဆရာ့မြားတွေကတော့ တကယ်ဘဲ ဟန်မှာပဲလား"

"အဲဒါ သေချာအောင်လုပ်ရမှာပေါ့ကွ"

"ဆရာက ဘယ်သူ့ ယူမှာလဲ"

"အဲ... ဒါကလဲခက်တယ်ကွယ်၊ ငါက နှစ်ယောက်စလုံးကို ကြိုက်နေတယ်"

"ဆရာကလဲ ... လောဘကြီးလိုက်တာ၊ မဖြစ်နိုင်တာကို"

"အေးကွာ... ကြည့်လုပ်တာပေါ့"

"ကဲ... သွားကြမယ်"

"ဒီမှာဆရာ... အပြင်ရောက်ရင် ချက်ချင်းကြီး ဝန်မခံလိုက်နဲ့ဦး၊ မတီးဘူးလို့ မူနေဦးနော်၊ သူတို့ပါးစပ်ကကို ချစ်ပါမယ်၊ ကြိုက်ပါမယ် ပြောလာမှ တီးမယ် ပြောလိုက်နော်"

"အေးဟေ့... မင်းပြောတဲ့အကြံကောင်းတယ်"

ကျွန်တော်တို့နှစ်ယောက် အပြင်ရောက်ကြသောအခါ သူတို့နှစ်ယောက်လည်း တီးတိုးတိုင်ပင်နေကြ၍ ကျွန်တော်အနီးသို့ ရောက်သည်တွင် ကျွန်တော့်မျက်နှာကို မော်ကြည့်နေကြပါသည်။

ကျွန်တော်က ဟန်နှင့်ပန်နှင့် အိမ်ခြေကြီး နှစ်ပိဿာခွဲသားဆောင်ကာ...



"မမြင့်တင်တင်တို့ မညွန့်လွင်လွင်တို့ ကျွန်တော် မတီးနိုင်တဲ့အတွက် ဝမ်းနည်းပါတယ် ခင်ဗျာ" ခပ်တည်တည်ပြောလိုက်ရာ၊ နှစ်ယောက်စလုံး မျက်နှာပျက်သွားပြီး မြင့်တင်တင်က...

"ဟင်... အခုနကတော့ ကိုဆွေ့ဟာက တီးမလိုလိုနဲ့" နဲ့နဲ့ခရာသံကလေးပါလာပါသည်။

"ဟုတ်တယ်၊ အခုတော့ ကိုဆွေ့တပည့်က သဘောမတူဘူးဆိုတာကိုးဗျ"

"အမယ်လေး... သူ့တပည့်အလိုဘဲလိုက်နေ၊ လွင်လွင်တို့ တင်တင်တို့အလိုတော့ မလိုက်ဘူးတဲ့" ရွှေမန်းသူက နှုတ်ခမ်းကလေးမဲ့လိုက်ပါသည်။

"သြော်... သူ့တပည့်က သူ့ဆရာကို ချစ်တာကိုးဗျ၊ လွင်လွင်တို့ တင်တင်တို့ကမှ သူ့တပည့်လို မချစ်ကြတာဘဲ"

ကျွန်တော်က ညုလိုက်ပါသည်။

ဤတွင် မြင့်တင်တင်က နှုတ်ခမ်းကလေးကို ချစ်စရာကောင်းအောင်မဲ့ခါ...

"အမယ်လေး... ချစ်ပါသတဲ့ရှင်၊ ချစ်ပါသတဲ့ ကိုကြီးဆွေရဲ့"

"အမယ်လေး... ဒါမျိုးတွေ ယုံရမှာလားလို့"

ကျွန်တော်က မူလကြီး လုပ်လိုက်ပြန်သည်။

"အဟုတ်ပါ ကိုဆွေရယ်၊ လွင်လွင့်ကိုချစ်ရင် တီးရမယ်"

ရွှေမန်းသူကပါ အားကျမခံ ညုပြန်ပါသည်။

နှစ်ယောက်စလုံးပင် သနားစရာ မျက်ခုံးကလေးတွေချို၍ ကျွန်တော့်မျက်နှာကို ကြည့်နေကြပါသည်။

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ နေ့လယ်ကပင်စ၍ တစ်သက်နှင့်တစ်ကိုယ်သည် ဘင်ဂျိုကို မတီးတော့ပါဘူးဟု ဆုံးဖြတ်ထားခဲ့သည်။ သို့သော် အချစ်ပေါင်းများ၏ အဆစ်တောင်းခြင်းကို တွေ့ရသည့်တွင် 'သံဃာအား ဘုရားမှမဆန်နိုင်' ဆိုသကဲ့သို့ ဤမြာနှစ်ပွေအား ဒိငနွား မခံနိုင်တော့ပါ။ ထို့ကြောင့် ပေါ်အူး၏ မျက်နှာရိပ်မျက်နှာကဲကို တစ်ချက်မျှကြည့်ပြီးလျှင်...

"ကဲ... ကဲ... ချစ်ရင် တီးဆိုကြလို့ တီးပါတော့မယ်၊ ဒီထက် တီးပြီးရင်လဲ ချစ်ရမယ်နော်၊ ရှင်းရှင်းလဲပြောကြပါဦး၊ နော ပြီးမှ ခွေးခြေကြီး ခွေးကလေးလှဲ့စားသလိုလဲ မလုပ်ကြပါနဲ့ဦး"

"အမယ်ငလေး ကိုဆွေရယ်၊ မိန်းကလေးတွေက အရှက်ငှဲပြီး ဒီလောက်တောင်ပြောနေမှ တော်ရောပေါ့၊ သူ့ကိုယ်က လွန်လွန်းတယ်"ဟု မြင့်တင်တင်က မျက်စောင်းထိုးလိုက်ပါသည်။ ကျွန်တော့်စိတ်ထင်မှာ သူပြောတိုင်း ညွန့်လွင်လွင်က ကွန့်၍ ကွန့်၍ လာသဖြင့် ရွှေမန်းသူဘက် ပါမသွားအောင် ပိတ်ပင်လိုက်ခြင်းဟု ထင်ပါသည်။ သို့သော် ယခုအချိန်အထိ ကျွန်တော့်မှာ ဘယ်သူ့ကိုမျှ မခွဲခြားနိုင်သေးပါ။ နှစ်ယောက်စလုံးကို အတူတူချစ်နေပါသည်။

သူပြောသောစကားမှာလည်း ဟုတ်ပါသည်။

ကျွန်တော့်ကိုယ်က အလိုက်ကန်းဆိုးမသိ။ ရောင့်တက်လွန်းရာကျနေပါသည်။ ထို့ကြောင့် အားနာလာသည်နှင့် နောက်ထပ် မပလီတော့ဘဲ ပေါ်အူးနှင့် တိုင်ပင်ထားသည့်အတိုင်းပင် အချိန်နှင့်တကွ နက်ဖြန်ကစ၍ တီးရန် ဂတိပေးလိုက်ပါသည်။



"ကဲ... မနက်ဖန်တော့ ၁၁ နာရီရောက်အောင် လွင်လွင်တို့အမေကို လာပို့ပေတော့၊ တင်တင်တို့ လွင်လွင်တို့ နှစ်ယောက်ပါလိုက်ခဲ့နော်၊ ဘင်ဂျိုတီး နားထောင်ရအောင်"

"အမယ်လေး ကျေးဇူးတင်ပါတယ်ရှင် ကျွန်မတို့တော့ နားမထောင်ပါရစေနဲ့၊ ကဲ... သွားမယ်ကိုဆွေ ချဲ့ရီးယို"

ကျွန်တော်သည် သူတို့မော်တော်ကားကြီး ကွယ်ပျောက်သွားသည့်တိုင်အောင် မျှော်ကြည့်နေပြီးမှ...

"ကွာ... မြာနှစ်ယောက် ဝင်ပွေလိုက်တာနဲ့ အမူးပြေသွားတာပဲ၊ နောက်ထပ် ယူခဲ့ဦးကွာ"

"ဟုတ်ကဲ့ဆရာ"

ကျွန်တော်တို့ ဆရာတပည့်နှစ်ယောက်သည် အကြီးအကျယ်ဝမ်းသာသော အထိမ်းအမှတ်နှင့် ထပ်၍ သောက်ကြရင်း မယ်ဒဂုံနှင့် ရွှေမန်းသူ ဘယ်သူ့ ယူရမလဲဟု အတော်ကြာအောင် ဆွေးနွေးကြပါသည်။

"ဆရာ... မြာနှစ်ယောက်ကဖြင့် 'အပျိုတွေချည့်ဘဲ ကြိုက်တာရွေးယူ'ဆိုပြီး ဖောလင်းစီတဲ့ အပေါက် ရောက်နေပြီဆရာ၊ ဟိုတုံးကလန်ခဲ့သမျှ အခုတော့ ဒါဘယ်လ်ပိုကာ ဝင်နေတာဘဲ"

"အေးပေါ့ကွာ"

"ဆရာတစ်ယောက်ယောက်နဲ့တော့ သေချာနေပြီလို့ချင်တာသာ အမိဖမ်းပေတော့"

"အဲဒါ ဘယ်သူ့ရွေးရမလဲဆိုတာ ခက်နေတာပေါ့ကွ"

www.burmeseclassic.com

www.burmeseclassic.com



“ဒါကတော့ ဆရာနဲ့ပေါင်းရမှာ ဆရာ့သဘောလေ”

“နှစ်ယောက်စလုံးက မက်စရာ ပေါ်အူးရဲ့၊ အဲဒါကြောင့် ခက်တာ”

“အမယ်… ဆရာက မင်းသားသံတွေ ဘာတွေနဲ့၊ ဒါဖြင့် နှစ်ယောက်ပြုံးရမယ်ဆိုရင် ယူမယ်လား ဆရာ”

“ဒါတော့ ‘အောက်တော့(ဖ်)ကွက်ရှင်’ပေါ့ကွာ”

“ဘာလဲ ဆရာ့ ‘အောက်တော့(ဖ်)ကွက်ရှင်’ ဆိုတာက”

သေချာလွန်းလို့ မေးစရာမလိုတော့ဘူး၊ မမေးဘဲနဲ့ သိသင့်တယ်လို့ ပြောတာပေါ့ကွ၊ မင်းက ငါ့တပည့်လုပ်နေပြီးတော့ အင်္ဂလိပ် စကားလေး ဘာလေး မှတ်ထားမှပေါ့ကွယ့်”

“မှတ်ထားပါမယ်… ဆရာ၊ မှတ်ထားပါ့မယ်”

* * *

ကျွန်တော့်မှာ မူလဘင်ဂျိုတီး ချန်ပီယံဘွဲ့ထူးကို ဆွတ်ခူးရန် ကြံစည်ခဲ့လင့်စကား ယခုမူ ဆေးဝါးသမားတော်ဘက်ကပါရမီပါခဲ့လေသလားမသိ၊ အရှုးကုဆရာဝန်နှင့် ပေါင်းပြီး နားထိုင်းရောဂါကုသခြင်းအလုပ်ကို လုပ်ရပါတော့သည်။

သူဌေးကတော် ဒေါ်သန်းတင်မှာ နေ့စဉ် အချိန်မှန်မှန် ကျွန်တော့်အိမ်သို့ ရောက်ရှိလာ၍ ကျွန်တော့်မှာ ၃ နာရီကြာအောင် ဘင်ဂျိုတီးရပါသည်။ ဒေါက်တာ သိန်းခံကလည်း အတွင်း အာရုံကြောများကို ပြုပြင်ပေးသည်ဟု ပြောပါသည်။



ပေါ်အူးမှာ ဒေါ်သန်းတင်ရောက်လာလျှင် အိမ်မှ ထွက်သွား၍ ဘင်ဂျိုတီးပြီးမှ ပြန်လာလေ့ရှိပါသည်။

ဤသို့လျှင် နေ့စဉ်ရက်ဆက် မိန်းကလေးများအားထားခဲ့သည့် ဂတိအတိုင်း ဘင်ဂျိုတီး၍ ပေးလိုက်ရာ ဒေါ်သန်းတင်ကြီးမှာ ဒေါက်တာ သိန်းခံ မှန်းဆသည့် အတိုင်းပင် အရက် ၂၀ပြည့်သော နေ့၌ နားနှစ်ဘက်စလုံး အကောင်းပကတိဖြစ်၍ သွားပါတော့သည်။

ဒေါက်တာသိန်းခံကား ကျွန်တော့်ဆီ တစ်ခါမျှ ပေါ်မလာ၊ ငွေတစ်သောင်းရ၍ ကျေနပ်နေပေမည်၊ ကျွန်တော့်မှာလည်း ရွှေမန်းသူနှင့် မယ်ဒဂုံတို့ကို မြင်ယောင်ခါ ဘယ်သူ့ ချစ်လိုက်ရပါ့မလဲဟု တွေးရင်း ဝမ်းသာအားရ ဖြစ်နေပါသည်။

အလုပ်တာဝန် ပြီးသွားသည်၏ နောက်တစ်နေ့တွင်…

“ပေါ်အူးရေ… အလုပ်တာဝန်တော့ ပြီးသွားပြီကွ”

“ပြီးသွားရင် ဘင်ဂျိုကြီး ရိုက်ခွဲလိုက်တော့မယ် ဆရာ”

“အေး… ခွဲလိုက်ကွာ”

“နို့ဆရာ… ရွှေမန်းသူနဲ့ မယ်ဒဂုံ ဘယ်သူ့ယူမလဲ ဆရာ”

“အဲဒါ စဉ်းစားနေတယ်ကွ၊ မင်းအကြံပေးစမ်းပါဦးကွာ”

“ဒီလိုလုပ်ဆရာ၊ သူတို့နှစ်ယောက်စလုံးကပဲ ချစ်ရင် တီးတီးရင် ချစ်မယ်လို့ ကတိထားသွားတယ် မဟုတ်လား”

“ဟုတ်တယ်လေ”

“ဒီတော့ ဆရာ အထူးစဉ်းစားမနေနဲ့၊ သူတို့စကားအတိုင်း ဆရာ့ဆီ လာကြမှာပဲ ဒီတော့ အရင် လာရာလူကို ယူလိုက်ဆရာ”

www.burmeseclassic.com

www.burmeseclassic.com



"တစ်ယောက်တစ်ကွဲ မလာဘဲ နှစ်ယောက်ပြူးလာနေရင် ကောကွာ"

"အမယ်… ဒါမျိုး ဘယ်နှစ်ယောက် ပြိုင်လာမလဲ ဆရာ၊ သူ တို့လဲ နားလည်တာပေါ့၊ ကြည့်နေဆရာ… ရန်ကုန်သူ မမြင့် တင်တင်က အရင် ဦးအောင်လာလိမ့်မယ် သူက အလယ်ဆရာ"

"အမယ်.. မင်းက မထင်နဲ့အုံး ရွှေမန်းသူကလေးကလဲ အသွက်ကလေးကွ၊ သူအရင် ရောက်လာချင်လာမှာ"

"လာ… ယူလိုက်တာပေါ့ ဆရာ"

"အေးကွာ… မင်းပြောတဲ့အကြံ ငါကြိုက်တယ်၊ သူတို့ တစ်ယောက်ယောက် ရောက်လာရင် မင်းကရှောင်ပေးကွနော်"

"မှာစရာ မလိုပါဘူး ဆရာ၊ စိတ်ချပါ"

ကျွန်တော့်မှာ ပေါ်အူးအကြံပေးသည့်အတိုင်း စောင့်နေလိုက်ရာ တစ်ရက်ကြာ မလာ၊ နှစ်ရက်ကြာ မလာနှင့် ငါးရက်မျှ ရှိသည်တွင် မဆိုင်းနိုင်တော့ဘဲ…

"ဟေ့… ပေါ်အူးရေ… မင့်ဟာကလဲ တစ်ယောက်မှ မလာပါလားကွ"

"စောင့်ပါဦးလား ဆရာ"

"ဟာ… မစောင့်နိုင်တော့ဘူးကွာ၊ မိန်းကလေးဘဲကွ၊ ဒါမျိုး ယောကျ်ားကလေး အိမ် ဘယ်လာမလဲကွ ကိုယ်က လိုက်မှာပေါ့"

"ဟာဆရာ… ခုခေတ် မိန်းကလေးတွေက သူတို့ကြိုက်ရင် ကားနဲ့ လာခေါ်ပါတယ် ဆရာ"



"ငါတော့ မစောင့်နိုင်တော့ဘူးကွာ"

"ကဲ… မစောင့်နိုင် ဆရာ ဘယ်သူ့ဆီ သွားမလဲ"

"အဲဒါ မင်းပဲ တာဝန်လွှဲတယ်၊ မင့်ဆရာကတော် မင်းဘဲ စဉ်းစားပေတော့"

"ကျွန်တော့်သဘောတော့ ဆရာ နီးနီးနားနား ကိုယ့်မြို့သူပဲ သဘောကျတယ် ဆရာ၊ နို့ပြီး အဝတ်အစား အပြင်အဆင်မှာလဲ မန္တလေးသူ ကောင်းလှတယ်ဆိုရင် ရန်ကုန်သူ အိပ်နေတာလောက် ရှိတယ် ဆရာ"

"ဒါပေမဲ့ ရွှေမန်းသူတွေက ရွှေဝတ် ရွှေထည်တော့ ရန်ကုန် ထက်သာတယ်ကွ"

"ရွှေဝတ် ရွှေထည်တွေက ဘာလုပ်မလဲဆရာ၊ ရွှေတွေ လေးငါးဆယ်သားလောက် ဝတ်ထားတော့ ဆရာ ကိုယ့်မိန်းမ ကိုယ်မွေ့ရ၊ ဖက်ရ၊ ချီရ၊ မရတော့ ရှုပ်ရှုပ်ယှက်ယှက် ခိုးလိုးခုလုနဲ့ လေးတောင် လေးသေးတယ် ဆရာ"

"အေး… မင်းပြောတာ ဟုတ်တယ်ဟေ့"

"နို့ပြီး… ဆရာ မန္တလေးသူများ ညည ဘုရားရှိခိုးလိုက်ရင် အရှည်ကြီးပဲ တော်တော်နဲ့ မအိပ်ရဘူး။ နို့ပြီး တစ်ခုခု အကြံအစည်များ ပေါက်အလမ်းမတဲ့ရင် မနက်စောစော လေးနာရီလောက် ထပြီး မီးလင်းအောင် ဘုရားရှိခိုးလိုက်တာက ရှိသေးတယ်၊ နားကို ငြီးရော့"

"အေးကွယ်၊ မင်းပြောတာ မှန်တယ်"

www.burmeseclassic.com

www.burmeseclassic.com



"ဒါကြောင့် ကျွန်တော်တော့ မမြင့်တင်တင်ကိုပဲ ယူစေချင်တယ် ဆရာ"

"အေး... ကောင်းပြီ ဒါဖြင့် သူတို့အိမ် အခုသွားမယ်၊ ငါ့ဖို့ သတို့သားနဲ့တူအောင် လှလှပပ အဝတ်အစား ထုတ်ပေးကွာ"

ကျွန်တော်တို့သည် စမတ်ကျကျ ဝတ်ဆင်ကာ မကြာမီ မြင့်တင်တင်တို့အိမ်သို့ ရောက်ခဲ့လေ၏။

"အလို... ကိုအေးဆွေကြီး" မယ်ဒဂုံခေါ်ပုံက သင်းလှသည်။

"ထိုင်ပါရှင်... ထိုင်ပါ... ကျွန်မ မန္တလေးလိုက်သွားကြပြီ အောက်မေ့နေတာ"

"ဘာလို့ မန္တလေးလိုက်သွားရမှာလဲ တင်တင်ရဲ့"

"ညွန့်လွင်လွင်တို့ သားအမိတစ်တွေ ပြန်သွားကြပြီလေ"

"သူတို့ ပြန်သွားတာနဲ့ ကိုဆွေနဲ့ ဘာဆိုင်လို့လဲ တင်တင်ရဲ့"

"နို့... ကိုအေးဆွေနဲ့ ညွန့်လွင်လွင်တို့ ယူကြမလို့ဆို"

"ဘယ်သူက ပြောတာလဲ"

"ဟိုနေ့ကပဲ ကိုအေးဆွေက ပြောနေတာပဲ"

"အို... ဒါက တင်တင့်ကို ရည်ရွယ်ပြီး ဒီကပြောတာပဲ"

"မသိပေါင်ရှင် ကျွန်မဖြင့် ရွှေမန်းသူကိုမက်ပြီး ပြောနေတာလားလို့ ကူတောင်ပြောပေးရသေးတယ်"

"ရွှေမန်းသူကို ဘာလုပ်ဖို့ မက်ရမှာလဲ တင်တင်ရယ်၊ ဟော ဒီက မယ်ဒဂုံသာ ချစ်မှာပေါ့၊ ကိုယ့် ပထမဦးဆုံး ချစ်လာခဲ့တဲ့သူပဲ



အခုဆို တင်တင့်ဖေဖေကပါ သဘောတူပြီ ထင်ပါရဲ့၊ သူခိုင်းတာ လုပ်ပေးလို့ ငွေတစ်သောင်းရသွားတာနဲ့..."

"ငွေတစ်သောင်းရလို့ ကျွန်မတို့ အကြံအောင်တာပေါ့ရှင့်"

"ဘာအကြံအောင်တာလဲ"

"ဒီလိုလေ... ကျွန်မနဲ့ ကိုဝင်းစိန်နဲ့ ကြိုက်နေတာ အတော်ကြာပြီ၊ အဲဒါ လူကြီးချင်း ပြောကြတော့ သူ့မိဘများက သူ့သား ဘီအေအောင်ပြီးသားကို အမေရိကသွား ပညာသင်ဖို့ စရိတ်ထောက်နိုင်မှ သဘောတူနိုင်မယ်ဆိုတော့ ကျွန်မတို့က အကြံရကြပ်နေတာ ကိုအေးဆွေ အကူအညီနဲ့ ငွေတစ်သောင်းရတော့ ဟန်ကျသွားတာပေါ့ရှင်"

"ဟင်... ဒီကအတွက် မျှော်လင့်ချက် မရှိဘူးပေါ့"

"ဘယ်ရှိတော့မလဲရှင်၊ ငွေရရခြင်းပဲ နှစ်သက် သဘောတူ စာချုပ်လိုက်ကြပြီ ဟာကို"

ကျွန်တော်သည် ထိုင်ရာမှ ငေါက်ခနဲ ထလိုက်ကာ...

"ကဲ တပည့် ပေါ်အူးရေ"

"ဆရာ"

"မင့်စိတ်ကြိုက်တော့ လွဲသွားပြီ၊ မန္တလေးပဲ လိုက်မှပဲ"

"လိုက်ပါရှင်၊ မညွန့်လွင်လွင်ကလေးကလဲ ပစ္စည်းလဲရှိ ရုပ်လဲ ရုပ်ချော သဘောလဲကောင်းပါတယ်"ဟု မယ်ဒဂုံက ဝင်ထောက် လိုက်သည်တွင် ကျွန်တော့်မှာ စိတ်ဆိုးနေပြီဖြစ်၍...

"တော်... ဒါ မင့်အလုပ်မဟုတ်ဘူး၊ ငါသဘော ငါ့ပြည့်သာ ငါပြောတာ လာ ပေါ်အူး သွားမယ်"ဟု ဆိုကာ နှစ်ယောက်သား

www.burmeseclassic.com

www.burmeseclassic.com



ထွက်ခဲ့ကြပါသည်။

ကားပေါ်သို့ ရောက်သည်တွင် ပေါ်အူးက...

"ဆရာ ကံကောင်းပါတယ်ဗျာ၊ ဒီမိန်းမ မရတာပဲ အလကား ရန်ကုန်သူတွေ အဝတ်ပေါ်တိုင်း ဝတ်ချင်၊ ဘိုင်စကုတ်ဆယ်ရုံရှိ ဆယ်ရုံကြည့်ချင်၊ တစ်နေ့တစ်နေ့ သူတို့ အလှပြင်ရတာနဲ့ အမောက်ပုံ အမျိုးမျိုး ကောက်ရတာနဲ့ အင်္ကျီအရောင်တွေ လုံချည်အရောင်တွေ ဖိနပ်အရောင်တွေ ဖဲကြိုး အရောင်တွေ ကြယ်သီး အရောင်တွေ အဆင်အမျိုးမျိုး ဝယ်ချင်ရတာနဲ့၊ ဘယ်တော်ရုံ တန်ရုံ ဝင်ငွေလောက်နိုင်မလဲ ဆရာရဲ့၊ အဲဒီအထဲက ကားကိုယ်တိုင် မောင်းလိုက်ချင်တာနဲ့ ယောက်ျားချောချောတွေနဲ့ ဆိုရှယ်လုပ်လိုက်ရတာနဲ့၊ အဲဒါ လင်က သဘောမကျရင် ခေတ်မမီဘူး၊ သဘောထားသေးတယ်နဲ့ သူတို့ကပဲ အပြစ်တင်လိုက်ကြသေးတယ်၊ ဆရာ... ရန်ကုန်သူမယူတာပဲ ကောင်းပါတယ် ဆရာရယ်"

"အေးကွယ်... မင်းပြောတာ ဟုတ်ပါတယ်"

"တကယ်ဆို ဆရာ... ရွှေမန်းသူတွေက အပြောအဆို ယဉ်ကျေးတယ်၊ ဘုရား တရား ကြည်ညိုတယ်၊ အိမ်ထောင်သိက္ခာရှိတယ်၊ ကြည့်ပါလား၊ မညွှန့်လွှင်လွှင်ကို ရွှေခြေကျဉ်းကြီး တဝင်းဝင်းနဲ့ ဘယ်လောက်များ ကြက်သရေရှိသလဲလို့..."

"အေးကွယ်... ငါအစထဲက သူ့စိတ်ကူးနေတာကွဲ၊ ကဲ... တို့ ခုညရထားနဲ့ပဲ မန္တလေးလိုက်မယ်၊ ဘူတာဘက်မောင်းကွယ်၊ စကွင်း ကလပ်(စ်)က ဘုတ်(က်) လုပ်ထားရအောင်"

* * *



ကျွန်တော်တို့သည် ထိုနေ့ည ရထားနှင့်ပင် မန္တလေးသို့ လိုက်ခဲ့၍ နောက်တစ်နေ့ညနေတွင် မန္တလေးမြို့သို့ ဆိုက်ရောက်ခဲ့ကြလေ၏။

သူဌေးကတော် ဒေါ်သန်းတင်နှင့် ဘင်ဂျိုတီးရင်း အတော်အကျွမ်းဝင်လိုက်ပြီဖြစ်၍ ညွှန့်လွှင်လွှင်တို့ အိမ်သို့ပင် တစ်ခါတည်း ဝင်ရောက် တည်းခိုလိုက်ပါသည်။

ဦးဘတုတ်နှင့် ဒေါ်သန်းတင်မှာ အထူးတလည် ကျေးဇူးတင်ကြောင်းနှင့် ဝမ်းသာအားရ ဆီးကြိုပြုစုပါသည်။ ညွှန့်လွှင်လွှင်ကလေးမှာလည်း ချစ်ကြိုက်ရမည့် လူပျိုကလေး ရောက်ရှိလာသည်ဖြစ်၍ ရွှေမန်းသူအပျိုကလေး ဖြစ်သည့်အတိုင်း ရှိုးတိုးရှန့်တန့်ကလေး ဖြစ်နေပါသည်။

ညစာထမင်းစားပြီးကြသည်တွင် ညွှန့်လွှင်လွှင်ကလေးသည် တိုက်နံဘေးရှိ ပန်းခြံထဲ၌ တစ်ယောက်တည်း ပန်းပွင့်ကလေးများကို ချေမွနေသည်ကို မြင်ရပါသည်။ အပျိုကလေးများ ဤသို့ တစ်ယောက်တည်းနေခြင်းမှာ ချစ်သူအား မျှော်မှန်းတမ်းတနေခြင်း ဖြစ်သည်ကို ကျွန်တော်သိပါသည်။

ထို့ကြောင့်...

"ပေါ်အူးရေ..."

"ဆရာ..."

"ငါသွားပြီး စကားပြောတော့မယ်ကွာ၊ မင်း [illegible]အရိပ် အခြေကြည့်ပြီး မနီးမဝေးကနေပေတော့"

www.burmeseclassic.com

www.burmeseclassic.com

"ကောင်းပါပြီ ဆရာ"

ကျွန်တော်သည် လက်တွင် ဆီမွှေးများ လိမ်းခြယ်ခါ သွား၍ ညွှန့်လွှင်လွှင်ထိုင်နေသော ခုံရှည်တစ်ဘက်၌ ထိုင်လိုက်ပြီးလျှင်—

"လွှင်လွှင်ရေ"

"ရှင်"

"ကိုဆွေတော့ မျှော်လင့်ချက်ကြီးနဲ့ လိုက်ခဲ့တာပဲကွယ်"

"ဘာ မျှော်လင့်ချက်ကြီးလဲ ရှင့်"

"ဟိုနေ့က ကိုဆွေ့အိမ်မှာ ပြောခဲ့ကြတာလေ"

"ဘာပြောခဲ့ကြတာလဲရှင်"

"မေ့ချင်ယောင်ဆောင်မနေပါနဲ့ လွှင်လွှင်ရယ်၊ ချစ်ရင် ဘင်ဂျိုတီး၊ တီးရင် ချစ်မယ်ဆိုတာလေ"

"သြော်... ဒါက ရှင့်အချစ် မြင့်တင်တင်ကို ရည်ရွယ်ပြီး ပြောတာမဟုတ်လားလို့"

"ဘယ်ဟုတ်ရမှာလဲ၊ သူ မလိုချင်လို့ဘဲ အခု ရန်ကုန်ကနေပြီး မန္တလေး လိုက်လာခဲ့တာ"

"သိပါဘူးရှင်"

"အခုသိတော့ လွှင်က ကိုဆွေ့ကို ချစ်မယ်မဟုတ်လားလို့ လွှင့်မိဘများကလဲ သဘောတူပါပြီထင်ပါရဲ့၊ ဘာပြုလို့လဲဆိုတော့ လွှင့်မေမေကြီး နားထိုင်းတာကို ပျောက်အောင်လုပ်ပေးတဲ့ ကျေးဇူး ရှိနေတာကို..."

"ဟုတ်ပါတယ်ရှင်... ကျွန်မလဲ မေမေနားထိုင်းပျောက်သွားတာနဲ့ ကျွန်မ ဆုတောင်းပြည့်သွားတာပဲ"



"ဘယ်လိုပြည့်သွားတာလဲ"

"ကိုအေးဆွေ မမှတ်မိဘူးလား၊ ရှင်နဲ့ ကျွန်မနဲ့ အရင်စေ့စပ်တုန်းက ပြောကြတာ ကျွန်မမှာ ကိုအောင်ကြည်ဆိုတဲ့ ချစ်သူရှိတယ်လို့"

"သိသလေ... အဲဒါ ကိစ္စမရှိပါဘူးလို့ သူနဲ့ ပြတ်နေတာပဲ"

"အခု မပြတ်ဘူးရှင့်၊ သူက ကျွန်မအမေ နားပြန်ကောင်းလာတာနဲ့ ကျွန်မကို ယူတော့မတဲ့ရှင့်"

"ဟင်"

"မဟင်နဲ့... သူကအစတုန်းက ကျွန်မကို မချစ်လို့မှ မဟုတ်တာ ကျွန်မမေမေ နားထိုင်းလို့သာ ရှောင်သွားတာပဲ၊ ခုတော့ ကိုအေးဆွေကြောင့် နားပြန်ကောင်းလာလို့ ကျေးဇူးတင်ပါတယ်ရှင်"

"ဒီလိုဆို ကိုဆွေအတွက် မျှော်လင့်ချက် မရှိတော့ဘူးလား"

"လုံးဝမရှိတော့ပါဘူးရှင်"

ကဲ... ကြည့်တော့ဗျာတို့ ထိုကြောင့် ကျွန်တော့်မှာ ရွှေမန်းသူ၏ မေတ္တာရိပ်မြုံ ခိုလှုံသင့်ပါလျက် မခိုလှုံခဲ့ရကြောင်းကို အစဦးကတည်းကပင် ဘော်ပြခဲ့ပါသည်။

ဤသို့ မျှော်လင့်ချက်မရှိကြောင်းကို သိရသည်နှင့် တစ်ပြိုင်တည်း ကျွန်တော်သည် မတ်တပ်ရပ်လိုက်ကာ...

"ပေါ်အူးရေ..."

"ဆရာ..."

"ဟာ... မင်းက ငါတို့အနီးကလေး ကပ်နေတာကိုးကွ"

www.burmeseclassic.com

www.burmeseclassic.com



"ဆရာ မဖွံ့ပုံပေါ်တာနဲ့ ကျွန်တော် ဆေးဝေးမသွားတော့ဘူး ဆရာ"

"ဒါဖြင့် မင်း တို့ပြောတာ အကုန်ကြားပြီပေါ့"

"တစ်လုံးမကျန်ကြားပါတယ် ဆရာ"

"ဒါဖြင့် တို့များ နက်ဖြန်မနက် ရထားနဲ့ ပြန်မှ ထင်ပါရဲ့ကွာ"

"အောက်တော့(ဖ်)ကွက်ရှင်ပါပဲ ဆရာ"

* * *

BURMESE CLASSIC .com

# ချစ်ကြောင်းကုန်စင်

သော်တာဆွေ

www.burmeseclassic.com

www.burmeseclassic.com

သင်သည် စာရေးဆရာမတို့ကို စာကိုကြိုက်ရုံမက လူကိုပါ သဘောကျ၍ ဂေါ်မိပါသလား။ ဤဝတ္ထုတွင် စာရေးဆရာမလင်ဖြစ်ရလျှင် မည်သို့ကြုံရမည်ကို ဖော်ပြထားသည်။

BURMESE CLASSIC .com

ကျွန်တော်သည် တပင်တပန်း ကြိုးစားရေးသားခဲ့ရသော ဆောင်းပါးကြီးကို အဆုံးသတ်လိုက်ရပြီဖြစ်သဖြင့် များစွာပင် စိတ်လက် ပေါ့ပါးသွားကာ ဖောင်တိန်ကို စားပွဲပေါ်ချလိုက်ပြီး ကျောပြင်ကော့၍ အပျင်းဆန့်ရင်း နောက်ထပ် ဘာများဖြည့်စွက်ထည့်သွင်းရသော် ပိုမိုကောင်းမွန်လေမည်နည်းဟု တွေးတောနေစဉ်၊ အခန်းတံခါး ဖွင့်သံကြားရပြီးနောက် ပေါ်အူးရောက်လာကာ...

"ဆရာ... ဒေါ်ဒေါ်မြရယ် ဖုန်းနဲ့စကားပြောနေတယ် ဆရာ"

"အို"

ကျွန်တော်က ကိုယ်ကို တွန့်လိမ်ရင်း ဘာကိစ္စများတဲ့လဲ ဟူသော အမူအရာကို ပြလိုက်ပါသည်။

"သူ့ ဆရာ့ကို ရေးခိုင်းထားတဲ့ ဆောင်းပါးပြီးပလားဆိုတာ သိရရင် သိပ်ဝမ်းသာမှာပဲတဲ့ ဆရာ"

"ဪ"

"ဟုတ်ကဲ့ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် ကိုယ်ကို ပြန်တည့်လိုက်ပြီး...

"ဟော့... ပေါ်အူး"

"ဆရာ"

"တို့ ယောကျ်ားတွေဟာ ဖက်ရှင်ကိစ္စမှာ မိန်းမတွေနဲ့ ရင်ဘောင်တန်း လိုက်နိုင်အောင် သူတို့လို ခံ့မြင့်ဖိနပ်စီးရင် ကောင်းမလား မကောင်းဘူးလားဟေ့"

"မကောင်းဘူး ဆရာ"

"ကဲ... ဒါဖြင့် အန်တီမြ ရေးခိုင်းတဲ့ ဆောင်းပါးပြီးပြီလို့ ပြောလိုက်ပေတော့"

"ကောင်းပါပြီ ဆရာ"

"အေး... နောက်ပြီး မင်းပြန်ခဲ့ဦးကွာ၊ ဒီဆောင်းပါးကို မင့်ငါဖတ်ခိုင်းကြည့်ဦးမယ်"

"ဟုတ်ကဲ့ဆရာ"

ပေါ်အူးထွက်သွားသောအခါ ကျွန်တော်သည် စီးကရက်တစ်လိပ်ကို မီးညှိလိုက်ပါသည်။

"အေး... ဟော့... ဘာတဲ့လဲ"

ဖုန်းချသံကြားပြီးနောက် ပေါ်အူးပြန်ရောက်လာလျှင် ကျွန်တော်က မီးခိုးငွေ့ကို မှုတ်ထုတ်ရင်း မေးလိုက်သည်တွင် ပေါ်အူးခြေစုံရပ်ကာ...

"ပြီးရင်... ဆရာ သူ့ဆီကို လက်ဘက်ရည်သောက်လာရင်းနဲ့ ယူခဲ့ပါတဲ့ ဆရာ"



"အေး... ကောင်းပြီ၊ ဩော်... ဟော့... ပေါ်အူး၊ မင်း သူထုတ်ဝေတဲ့ 'တော်လေးဝ' ဂျာနယ်ကို ဖတ်ဖူးလို့လား"

"ဟင့်အင်း... ကျွန်တော် တစ်ခါမှ မဖတ်ဖူးဘူး ဆရာ"

"အေး... ဒါဖြင့် နောက်တစ်ပတ်ထုတ်တဲ့အခါ ဖတ်ပေတော့၊ မင်းဆရာရေးတဲ့ ယောဒီ 'ဖက်ရှင်ရင်ဘောင်တန်း' ဆောင်းပါးကြီး ပါလိမ့်မယ်ကွ"

"ဟုတ်ကဲ့ ဆရာ"

"ဩော်... မင်း အခုပဲ ဖတ်ပြီး ထင်မြင်ချက်ပေးစမ်းပါဦးကွာ၊ မင်း ငါ့ကိုဆင်ပေးတဲ့ ဖက်ရှင်နည်းတွေလည်း ပါတယ်ကွ"

ဖောင်တိန် လက်ကမြင်းခါစ သူတို့မှာ မိမိတို့ ရေးသည်ကို အခြားသူများအား ဖတ်ချင်မှန်းမသိ၊ မဖတ်ချင်မှန်းမသိ အတင်းဖတ်ခိုင်းပြီး 'ကောင်းသည်'ဟူသော ချီးမွမ်းစကားကို ကြားလိုသော ထုံးစံအတိုင်း ကျွန်တော်က ပေါ်အူးအား မိမိ၏ ခွေးခြစ်သလို လက်ရေးများနှင့် ရေးထားသော ကော်ပီတို့ကို ထိုးပေးလိုက်ပါသည်။ ပေါ်အူးခမျာမှာ ဆရာတပည့်ချင်းဖြစ်နေ၍ သူ့စိတ်ထဲတွင် မည်သို့နေသည်ကို မသိ။ အပြင်ဟန်ပန်မှုကား အတော်ပင် ဂရုစိုက်သော ဟန်နှင့် ဖတ်နေပါသည်။

ဤနေရာ၌ ကျွန်တော်သည် မိတ်ဆွေအား အခြားသူများကို မဖော်ပြမီ ကျွန်တော့်အန်တီနှင့် မိတ်ဆက်ပေးပါရစေ... ကျွန်တော်၏ ဦးရီးတော် ဦးချစ်ဖုန်း၏ 'တစ်ဦးတည်းသောနှမ' (ကျွန်တော်တို့ ဆွေမျိုးထဲတွင် ပစ္စည်းကလေး ပြည့်စုံလျှင် မယားပြိုသူတွေ များ

www.burmeseclassic.com

www.burmeseclassic.com



လွန်းခြင်းကြောင့် ဤနေရာ၌ ကျွန်တော့် ဦးရီးနှင့် အဒေါ်ကို ရှာရှာဖွေဖွေ ဂုဏ်ပြုရခြင်း ဖြစ်ပါသည်) ဒေါ်ဒေါ်မြကြီးမှာ ကိုယ့်ကိုယ်ကို အထင်ကြီးသူတို့၏ ကျက်စားရာ စာပေနယ်တွင် 'ဒဂုန်မြမြကြီး'ဟူသော ကလောင်အမည်ကို ခံယူရုံသာမက အခြားပတ်ဘလစ်ရှာများက သူ့လက်ရာတို့ကို လက်မခံတော့သောအခါတွင် သူကိုယ်တိုင်ပင် 'တော်လေးဝ' ခေါ် အမျိုးသမီး ဂျာနယ်ကြီးကို ထုတ်၍ သူရေးချင်သည်တို့ကို ရေးကာ ခုနစ်ရက်တစ်ပတ် (သို့မဟုတ်) နှစ်ပတ်တစ်ခါ (ဝါ) တစ်လလျှင် တစ်ကြိမ် မှန်မှန်ကြီး ထုတ်ချင်သလိုထုတ်နေလျက် ကျွန်တော့် ဦးကြီး၏ အမွေရလိုက်သော ပစ္စည်းတို့ကို အလီလီ သုံးဖြုန်းနေသူဖြစ်၍ ပုံနှိပ်တိုက်ရှင်နှင့် စက္ကူမင်ရောင်းသော ကုလားတို့က 'ဘေးအမျိုးမျိုးမှ ကင်းလွတ်ပါစေ'ဟူသော ဆုမွန်တောင်းခြင်းကို ခံရသူဖြစ်ပါသည်။ (ကြွေးတွေရှိနေလို့)

သူ့ဂျာနယ်မှာ အမျိုးသမီးများအတွက် ကိုယ်လက်အင်္ဂါမလှမနေရ လေ့ကျင့်နည်း၊ ရည်းစားထားနည်း၊ လင်ယူသားမွေးနည်း၊ ကာမသင်တန်း (ဤကဏ္ဍတွင် အထူးသဖြင့် ဈေးမန်းကာမအော်နာ စာရေးဆရာများကိုယ်တိုင် ဝါသနာအလျောက် စေတနာ့ဝန်ထမ်းကူညီရေးသားပေးကြသည်) လင်ချစ်အောင် ပြုနည်း၊ ပိုက်ဆံရှိလျှင် ဟင်းကောင်းချက်နည်း၊ အဝတ်အစားအမောက်အတက်ဖက်ရှင်ထွင်နည်း အစရှိသဖြင့် ဘာသာပြန်များနှင့် စိတ်ကူးပေါက်သမျှတို့ကို ကောက်လံမပြည့်မခြင်း ထည့်သွင်းရေးသားနေသည်ဖြစ်၍ ဤဂျာနယ်ကို အမြဲတစေ တစ်ကျပ် တစ်ကျပ်ပေး၍ ဝယ်ယူဖတ်



ရှုသူ အမျိုးသမီးများသည် မကြာမီပင် နတ်ရေကန်ထဲ ပစ်ချလိုက်သကဲ့သို့ အမရာ ကိန္နရီ၊ မဒ္ဒီ၊ သမ္ဘုလ တည်းဟူသော ဘုရားလောင်းကတော် နှစ်ဆုံတို့၏ ဂုဏ်အင်္ဂါအပေါင်းနှင့် လူသိနတ်ကြား ပြည့်စုံသွားရမည်ဖြစ်ခြင်းကြောင့် 'တော်လေးဝ'ဟူသော အမည်ကို မှည့်ခေါ်ထားသည်ဟု ကျွန်တော့် အဒေါ်က ရဲရဲဝံ့ဝံ့ကြီး ပြောကြားလေ့ရှိပါ၏။

အထူးသဖြင့် သူ့ဂျာနယ် တစ်နေရာတွင် ယောကျ်ားပျိုကလေးများနှင့် မိန်းမပျိုကလေးတို့၏အကြောင်းသင့်ရန် အရင်းခံဖြစ်သောဖက်ရှင်ကိစ္စတွင် မြင်လိုသော ဖက်ရှင်များ၊ ထွင်လိုသော ဖက်ရှင်များကို ပွင့်ပွင့်လင်းလင်းကြီး ရေးသားခွင့်ပြုထားလေရာ တစ်ေ
အခါ၌ ကျွန်တော်နှင့် စကားစပ်မိ၍ ကျွန်တော့်အား ဤ
နှင့် ပတ်သက်သည့် ဆောင်းပါးတစ်ခုကို ရေးသားခိုင်းသဖြ
တော်လည်း ထင်သမျှ မြင်သမျှ ကြိုးစားပန်းစား ရေးလိုက်ဖြစ်ပါသည်။

ကျွန်တော့်ဆောင်းပါး၏ အမည်မှာ "ဖက်ရှင် ရင်ဘောင်တန်း"ဖြစ်၍ မိန်းမများသည် ယောကျ်ားတို့နှင့် ရင်ဘောင်တန်းလိုက်မည်ဟူသော စကားဖြင့် ယောကျ်ားထုကို ချိုးကျိုးထားဘိသကဲ့သို့ ကျွန်တော်တို့ ယောကျ်ားများကလည်း ဖက်ရှင်ကိစ္စ မိန်းမများနှင့် ရင်ဘောင်တန်းလိုက်ခြင်း၊ တုပခြင်း၊ နည်းခိုးခြင်းဖြင့်မိန်းမထုကို ကျေးဇူးတုံ့ပြန်သင့်သည်ဟု အစချီလျက် ယခုခေတ်မိန်းမတို့၏ ထွင်သမျှ ဆင်သမျှ ဖက်ရှင်တို့ကို ကျွန်တော်တို့

www.burmeseclassic.com

www.burmeseclassic.com



ယောကျ်ားကလေးများက နှစ်သက်သဘောကျရုံသာမက တတ်နိုင်သမျှ တုပသင့်သည်အတိုင်း ယခုကာလခေတ်မီသော အချို့ ယောကျ်ားကလေးများ အမောက်ထောင်နေကြခြင်း၊ မသိမသာ နှုတ်ခမ်းမွှေးကလေးဆိုးခြင်း၊ ရည်းစားဆီကလိုလို နှမထံကလိုလိုနှင့် လက်သည်းတစ်ခုတစ်လေ ဆေးဆိုးခြင်းတို့မှာ များစွာပင် လျော်ကန် သင့်မြတ်လှပါကြောင်း အစရှိသည့်ပြင်၊ တကယ်ပင် နည်းလမ်းကျနမှန်ကန်စွာ ရေးသားထားပေရာ မိန်းကလေးများနှင့် အမောက်ထောင် ယောကျ်ား လမ်းသူရဲကလေးတို့ များစွာပင် သဘောကျကြလိမ့်မည်ဟု အောက်မေ့မိပါသည်။

ကျွန်တော့်မှာ စာရေးဆရာ ဒဂုံမြမြကြီးနှင့် တွဝရီးတော်ချေ ရှေးဆရာ သွေး ပင်ပါလေသလား မသိ၊ များစွာပင် စိတ်ကူး လျက် ဤဆောင်းပါးကို အဆုံးသတ်ပြီးမှပင် ယောကျ်ား လေးများသည် မိန်းမပျိုကလေးများကဲ့သို့ အမောက်ထောင်ရုံ သာမက ခုံမြင့်ဖိနပ်ကိုပါ စီးသင့်သည်ဟု ဖြည့်စွက်ရေးသားမည် ကြံပါသေးသည်။ သို့ရာတွင် မိတ်ဆွေသိသည့်အတိုင်းပင် ပေါ်အူးကို တိုင်ပင်လိုက်မိ၍ သူက ဖျက်သောကြောင့်သာ ရပ်တန်းက ရပ်လိုက်ရပါသည်။

ပေါ်အူးမှာ စိတ်ကူးဉာဏ်ဘက်တွင် ခေသူမဟုတ်ပါ။ ကျွန်တော်တို့ မြန်မာဘုရင် မိန်းမအများဆုံး ယူနိုင်သူ မင်းတုန်းမင်းတရားကြီး၏ အဘိုးတော်သည့် "ဘိုးတော်ဘုရား" သည် အမတ်ကြီး ဦးပေါ်အူးထံမှ အကြံဉာဏ်ကောင်းများ ရသကဲ့သို့ ကျွန်တော်



လည်း ပေါ်အူးထံမှ ရပါသည်။ (ပေါ်အူး၏ နာမည်ရင်းမှာ ပေါ်ဦး ဖြစ်သော်လည်း ကျွန်တော့်မှာ ဘိုးတော်ဘုရား မဟုတ်သဖြင့် သူ့နာမည်ကို ပေါ်အူးဟု ပြောင်းထားရခြင်းဖြစ်သည်ကို ဤအခါပါနှင့် ဆိုလျှင် ကျွန်တော်သည် မိတ်ဆွေအား နှစ်ကြိမ်မြောက်ပြောခြင်း ဖြစ်ကောင်း ဖြစ်နေပါလိမ့်မည်။)

ယခုလည်း ပေါ်အူးသည် ကျွန်တော်၏ ဆောင်းပါးကို တချကျနန ဘတ်နေပြီဖြစ်၍ သူ၏ ထင်မြင်ချက်ကို ပေးပါလိမ့်မည်။ ပေါ်အူးက ဤသို့ ဂရုတစိုက် ဘတ်နေစဉ်အခါ၌မူ အဘယ်ကြောင့်မသိ ကျွန်တော်သည် ပေါ်အူးအား ပိုမို ခင်မင်စိတ်ပေါ်လျက် သူ့ကို ခြင်ကိုက်မှာ သူ့မျက်နှာ ယင်နားမှာ ကိုပင် စိုးရိမ်နေမိကာ အသက်ပင် ပြင်းပြင်းမရှူဝံ့သလို သူ့မျက်နှာကို စေ့စေ့ကြည့်နေမိပါသည်။

ပေါ်အူးသည် ဆောင်းပါးကို ဘတ်၍ ပြီးသွားသောအခါ၌ သက်ပြင်းကြီး တစ်ချက်ချလိုက်ကာ ကျွန်တော့် ခေါင်းကိုကြည့်၍ ပြုံးစေ့စေ့ကြီး လုပ်နေသဖြင့် ချီးမွမ်းစကားကို မျှော်လင့်နေသော ကျွန်တော်မှာ အတော်ပင် အောင့်သက်သက်ကြီး ဖြစ်သွားလျက်

"ဟေ့... ပေါ်အူး မင့်ဟာက ငါ့ကြည့်ပြီး ဘာပြုံးစေ့စေ့ လုပ်နေတာလဲကွ"

"ဆရာ့စာကို ဖတ်ပြီး ဆရာ့ခေါင်းက အမောက်ကို သဘောကျလို့ပါ ဆရာ"

ကျွန်တော်မှာ မိမိ ဆောင်းပါးတွင် ရေးသားထားသည့်အတိုင်း ကျွန်တော်ကိုယ်တိုင်လည်း လမ်းသူရဲ အမောက်ထောင်ထားသူ ဖြစ်ပါသည်။ ထို့ကြောင့်...

www.burmeseclassic.com

www.burmeseclassic.com



"ယေား... ငါက ငါလုပ်တဲ့အတိုင်း ငါရေးပြီး၊ ငါရေးတဲ့အတိုင်း ငါလုပ်တာကွ၊ တချို့စာရေးဆရာတွေလို အရေးတခြား အလုပ်တခြား မဟုတ်ဘူးကွ၊ အဲဒါကို မင်း ဘယ့်နှယ့်သဘောရသလဲ"

ပေါ်အူးသည် မျက်ထားကို အတည်ပြောင်းပစ်လိုက်ကာ...

"ကျွန်တော့် ယူဆချက်အတိုင်း အတည်အလင်း ပြောရမယ်ဆိုရင်တော့..."

"အေး... ပွင့်ပွင့်လင်းလင်းသာပြောကွ"

"ကျွန်တော် ဒီလိုယောကျ်ားကလေးတွေ အမောက်ထောင်တာကို လုံးဝမကြိုက်ဘူး ဆရာ"

ကျွန်တော်သည် အံ့အားသင့်သလို ဖြစ်သွားကာ...

"အေး... မင်းက ဘာဖြစ်လို့ မကြိုက်ရတာလဲကွ၊ အခုခေတ်က အမောက်ခေတ်၊ သူမောက် ငါမောက် မောက်နေကြတာကို"

ပေါ်အူးသည် လက်နောက်ပစ်၍ ကိုယ်ဟန်ပြင်လိုက်ကာ...

"သူမောက် ငါမောက် မောက်ကြတယ်ဆိုတာမှာ မိန်းကလေးတွေ မောက်တာကိုတော့ ကျွန်တော် မပြောလိုပါဘူးဆရာ၊ သူတို့အဖို့မှာ ပိုပြီး လှလာတာအမှန်ပါပဲ"

"အေး... တို့ ယောကျ်ားတွေကော မလှဘူးလားကွ"

ကျွန်တော်က သူ့စကားကို ဖြတ်၍မေးလိုက်ရာ... ပေါ်အူးမှာ အဖြေရကြပ်သလို ဖြစ်နေပြီးမှ...

"ကျွန်တော်တို့ ယောကျ်ားတွေ မျက်မြင်ပြောရရင်တော့" ဟု ဆိုကာ စကားပြတ်နေသဖြင့် ကျွန်တော်က သွက်လက်စွာပင်...



"အေး... ကြည့်မကောင်းဘူးလို့ ဆိုချင်တာပေါ့ကွာ၊ ဟုတ်တယ် မဟုတ်လား"

"ဟုတ်ပါတယ် ဆရာ"

"ဒါမမဲ့ကွာ... ဒီကိစ္စမှာ တို့ယောကျ်ားချင်း ကြည့်ကောင်းဖို့ မကောင်းဖို့လုပ်တာ မဟုတ်ဘူးကွ၊ မိန်းကလေးတွေ နှစ်သက်တဲ့ အမောက်ကို သူတို့လိုလိုက်တုခြင်းအားဖြင့် သူတို့က ကြိုက်အောင်လို့ တို့က အပင်ပန်းခံပြီး စတိုင်လုပ်ရတာကွ၊ နို့ပြီး တို့ကိုယ်လဲ တို့ပိုပြီး ကြည့်ကောင်းတယ်လို့ ထင်တယ်ကွ"

"ကိုယ့်... ကိုယ်... ကို... ကြည့်ကောင်းတယ်လို့ ထင်တာ မထင်တာတော့ ကျွန်တော် မပြောလိုပါဘူးဆရာ၊ သို့သော်လဲ မိန်းကလေး,လေးတွေ နှစ်သက်တဲ့ မိန်းမအမူအရာ အပြုအပြင်ကို ယောကျ်ားက လိုက်တုခြင်းအားဖြင့် မိန်းမက သဘောကျလိုက်မယ် ဆိုတာကိုတော့ ကျွန်တော် ကန့်ကွက်ချင်ပါတယ် ဆရာ... ဘာဖြစ်လို့လဲဆိုတော့ မိန်းမနဲ့–ယောကျ်ား တစ်ဦးနဲ့တစ်ဦး အကြောင်းဆက် ပေါင်းဖက်ကြတာမှာ တစ်ဖက်နဲ့ တစ်ဖက် မတူညီမှုတည်းဟူသော ခြားနားချက်က အရင်းခံပြီး ဂယောဆက်ကြတာပါ ဆရာ၊ ဥပမာဆိုရင် မိန်းကလေးက ကန့်ကရ ပျော့ပျော့ပျောင်းပျောင်းနဲ့ လေယူရာတိမ်း စတိုင်မျိုးလုပ်တဲ့အခါမှာ ယောကျ်ားက သန်မာဖြတ် လတ်တဲ့ အမူအရာမျိုးကိုလုပ်မှ မိန်းကလေးက နှစ်သက်တတ်ပါတယ် ဆရာ၊ မိန်းကလေးတွေဟာ ယောကျ်ားတွေက သူတို့ကို လိုက်လျောတာ မကြိုက်ဘူးဆိုအာမှာ မိန်းမရှာတွေကို သူတို့စက်ဆုပ်ပုံပေါက်ပြီး

www.burmeseclassic.com

www.burmeseclassic.com



သိနိုင်ပါတယ်ဆရာ၊ အမှန်ကတော့ မိန်းမဟာ မမ,ယယနဲ့ ယောကျ်ားဆိုရင် ကျားကျား,ယားယားရှိမှ ကောင်းပါတယ် ဆရာ”

“အေး ပေါ်အူး… မင်းပြောတာကို မဟုတ်ဘူးလို့ ငါမဆိုချင်ပါဘူး၊ ဒါပေမဲ့ တို့က အမောက်ထောင်တာနဲ့ ကျားကျားယားယားမဖြစ်တော့ဘူးဆိုတာတော့ မဟုတ်ပါဘူးကွာ၊ ယောကျ်ားတွေအမောက်ထောင်မှာ တို့ဗမာနဲ့ တရုတ်ကပြားတွေသာမဟုတ်၊ ကမ္ဘာကျော် အမေရိကန်နဲ့ အင်္ဂလိပ်လူမျိုးတွေပါ ထောင်နေကြတာကို အနောက်နိုင်ငံ ရုပ်ရှင်ကားတွေထဲမှာ တွေ့နိုင်တယ်ကွ၊ ရှင်းရှင်းပြောရရင် တို့လဲဘဲ အဲဒီ အင်္ဂလိပ်ရုပ်ရှင် ဓာတ်လိုက်ကြီးတွေကို တုပြီး ထောင်းတာကွ”

ကျွန်တော်သည် မိန်းမတွေ နှစ်သက်အောင် သူတို့ကို တုပြီး ထောင်သည်ဟုဆိုရာမှ ပေါ်အူးမပြောနိုင်အောင် အနောက်နိုင်ငံ ဓာတ်လိုက်တွေကို တုပြီး ထောင်သည်ဟု စကားကြောင်း ပြောင်းပစ်လိုက်ပါသည်။ သို့သော် ပေါ်အူးမှာ အင်္ဂလိပ်ဓာတ်ကားများနှင့် အင်္ဂလိပ်ရုပ်ရှင်များကို သေချာစွာ စေ့ငုထားသူဖြစ်၍၊ ပြန်လှန်ချေပရန် အကြောင်းပြနိုင်သူဖြစ်ပါသည်။

“ဒီကိစ္စမှာတော့ ဆရာ… တုတယ်ဆိုပေမဲ့ ပင်ကိုယ်ရုပ်ဓာတ်ခံချင်းက လိုပါသေးတယ်ဆရာ၊ သူတို့အနောက်နိုင်ငံသားတွေမှာဆိုရင်… ခေါင်မြင့်မြင့်ကြီးတွေ မေးရိုးခိုင်ခိုင်ကြီးတွေနဲ့ ဆံပင်ကိုထောင်လိုက်တော့… အထက်အောက် မျှပြီး ကြည့်ကောင်းပါတယ်ဆရာ၊ နို့ပြီး သူတို့လူမျိုး ဆံပင်တွေမှာလဲ အများအားဖြင့် တမင်



သက်သက် အတင်းအကြပ် ထောင်ရတယ် မဟုတ်ပါဘူး၊ ဆံပင်မှာတဲ့ ကောက်တဲ့ လူမျိုးတွေမို့ နဂိုရ်ကိုက ခပ်မောက်မောက်နေတာပါ ဆရာ၊ အဲဒါကိုတုပြီး ကျွန်တော်တို့ အရှေ့နိုင်ငံ ဂျပုဆံပင်ပျော့ပျော့ လူတွေက အတင်း ကော့စမတစ်တိုက်၊ တချို့က ဆံပင်ပြင်တဲ့ဆိုင် သွားပြီးတော့ ဓာတ်နဲ့ ညှပ်နဲ့ တမင်ကောက်အောင်–မောက်အောင် လုပ်လိုက်တော့ မျက်နှာကလေးတွေ ခွက်ခွက်၊ မေးရိုးကလေးတွေ စုတ်ချွန်းချွန်းနဲ့ အင်မတန် အကြည့်ရဆိုးပါတယ်ဆရာ၊ ဒီကိစ္စမှာ ယောကျ်ားတွေ သာမဟုတ်ပါဘူး၊ တချို့ မျက်နှာကလေး ငယ်ငယ် မေးတိုတို (သို့မဟုတ်) ဂုတ်တိုတိုနဲ့ မိန်းမတွေ အမောက်ကြီးတွေ အဆမတန် ထောင်ထားတာဟာလဲ အတော်ဘဲ ကြည့်မကောင်း ရှုမကောင်းဖြစ်ပါတယ် ဆရာ၊ အမှန်ကတော့ဆရာ… ယောကျ်ားဖြစ်ဖြစ် မိန်းမဖြစ်ဖြစ် မတုရဘူး မထောင်ရဘူး မဆိုပါဘူး၊ ကိုယ့်အင်္ဂါရုပ်နဲ့ ကိုယ်နဲ့လိုက်အောင် ပြုပြင်နိုင်ရင် ကောင်းတာပါပဲဆရာ”

“ကဲကွာ… ဒါဖြင့် ပေါ်အူးအရှည်တွေ ရှောက်ပြောမနေနဲ့၊ ငါ့ မျက်နှာနဲ့ အခု ငါ့အမောက်နဲ့ ကြည့်ကောင်းလား မကောင်းဘူးလား ပြောစမ်းကွာ”

“ကြည့်မကောင်းပါဘူး ဆိုတာထက် မသင့်တော်ပါဘူးလို့ ကျွန်တော်ပြောချင်တယ် ဆရာ”

ပေါ်အူးက တစ်ချက်ခုတ် နှစ်ချက်ပြတ် ပြောလိုက်ရာ ကျွန်တော့်မှာ ကျွန်တော့်ထိပ်က အမောက်ကလေးကို လက်ဖြင့်စမ်းရင်း အတော်ပင် အောင့်သက်သက်ဖြစ်သွားလျက်–

www.burmeseclassic.com

www.burmeseclassic.com



"အေး... ဒါကတော့ မင့်အထင်အမြင် မင်းပြောတာကိုးကွ၊ ငါပိုးနေတဲ့ မင့်ဆရာကတော်လောင်း ကြည်ကြည်ထွေးရဲ့သဘောကို မင်း ပြောနိုင်တာ မဟုတ်သေးပါဘူးကွာ၊ သြော်... ဒါထက် ပေါ်အူး ရေ... မင်းမှာပေါက်တစ်ခုရှိထယ်ကွ"

ကျွန်တော့်မှာ အကြောင်းမဲ့သက်သက် လွယ်ကူစွာနှင့် ကျွန်တော် နှစ်သက်နေသော ခေါင်းက အမောက်ကို ရုတ်တရက် မချိုးနှိမ်လိုသဖြင့် ပေါ်အူးနှင့် အမောက်ကိစ္စ ပြတ်သွားရန် စကားကြောင်းလွှဲပြောင်းပစ်လိုက်ပါသည်။ ပေါ်အူးကလည်း အလိုက်သိစွာပင်...

"ဘာတုန်းဆရာ"

"မင်း ငါ့သူငယ်ချင်း တင်မောင်ရင်ရဲ့ မိန်းမ မကျင်ရီကို သိတယ်မဟုတ်လား"

"စာရေးဆရာမ 'ကျင်စာရီ' မဟုတ်လား၊ သိသားပဲဆရာ"

"အေး... သူက ငါနဲ့ ဟိုနေ့ကတွေ့လို့ သူ့ခြံဖို့ ဥယျာဉ်စိုက် တစ်ယောက်လောက် ရှာပေးဖို့ မင့်ကို ပြောခိုင်းတယ်ကွ"

"ဘယ်လို ဥယျာဉ်စိုက်လဲ ဆရာ"

"အိုကွာ... ဘူးပင်တို့ ခရမ်းပင်တို့၊ ဂေါ်ဖီတို့၊ ဆလပ်တို့ စိုက်တတ်တဲ့ လူကွာ၊ သူက စာရေးဆရာမပီပီ သူတို့ခြံထဲမှာ စားသောက်စရာ အသီးအရွက်ကလေးတွေ စိုက်၊ ရှုခင်းကြည့် လတ်လတ်ဆတ်ဆတ် အသီးအရွက်တွေ စားပြီး ဝတ္ထုတွေ ရေးမလို့တဲ့ကွာ"

"သြော်... ဟိုဆရာ့ ဒေါ်ဒေါ်မြတို့အိမ်က ခင်ကြီးလို အသီးအပင် စိုက်ဖို့ဆိုပါတော့"



"အေး... ဟုတ်တယ် သူလဲ အန်တီမြတို့ခြံ မြင်တာနဲ့ စာရေး ဆရာမချင်း သဘောတွေ့သွားထင်ပါရဲ့ကွာ၊ အဲဒါ မင်း သူ့ သဘောကျနိုင်တဲ့ ဥယျာဉ်စိုက်ကို ရှာပေးနိုင်ရင် မင့်ကို ဘောက်ဆူး ကောင်းကောင်းပေးမယ်တဲ့"

"ယောကျ်ားလား... မိန်းမလား ဆရာ"

"အေး.. အဲဒါ ငါမမေးလိုက်မိဘူးကွာ"

"မေးလိုက်ပါဦး ဆရာ၊ ကျွန်တော်ရှာပေးနိုင်ပါတယ်၊ ဆရာ့ အန်တီမြတို့အိမ်က ခင်ကြီးလဲ ကျွန်တော်ခေါ်ပေးတာပဲ"

"အေး... ကောင်းပြီ... ငါမေးခဲ့မယ်၊ သြော်... ဒါထက် ပေါ်အူးရေ နေ့လယ်စာ ကော်ဖီ ငါ အိမ်မှာ မသောက်ဘူးကွာ၊ ဟောဒီကော်ပီ ပို့ရအောင် သွားရင်းနဲ့ အန်တီမြဆီမှာပဲ သောက်မယ်၊ ငါ အပြင်ထွက်ဖို့ နေ့လယ် အဝတ်အစား ပြင်ပေးကွာ"

"ကောင်းပါပြီ ဆရာ"

* * *

"ဟဲ့လို... ကိုအေးဆွေ"

"ဟလို... ဟလို... မကျင်ရီ"

ကျွန်တော်သည် ၃၉ လမ်းရှိ အန်တီမြ၏ တော်လေး၀ ဂျာနယ်တိုက်သို့ ရောက်၍ လှေကားတက်မည်အပြုတွင် အပေါ်မှ ဆင်းလာသော ကျွန်တော့်သူငယ်ချင်း တင်မောင်ရင်၏မိန်းမ မကျင်ရီနှင့် တွေ့၍ နှုတ်ဆက်ကြခြင်း ဖြစ်ပါသည်။

www.burmeseclassic.com

www.burmeseclassic.com



အပျိုရည်များစွာ ကျန်သေးသော မကျင်ရီသည် သူ၏ နီထွေးသော နှုတ်ခမ်းတို့ကို ဖြဲ၍ပြုံးလိုက်ကာ...

“ဒီလို ရှုပ်ရှုပ်ယှက်ယှက် ကုလားစုရပ်ကွက်ထဲများ မလာစဘူး ဘာကိစ္စထူးများ ရှိလို့လဲ ကိုအေးဆွေ”

ကျွန်တော်သည် လက်ထဲမှ ဆောင်းပါး စာရွက်လိတ်ကို မြှောက်ပြကာ...

“အန်တီမြက အာတီကယ်လ်လေး တစ်ခု ရေးခိုင်းတာနဲ့များ ကြိုးကြိုးစားစား ရေးပြီး ယူခဲ့ရတယ်၊ စာရေးရတာများ တယ်ပြီး မသက်သာလှဘူးဗျနော်”

ကျွန်တော်သည် မကျင်ရီမှာ နိုင်ငံကျော် စာရေးဆရာမ ‘ကျင်စာရီ’ဖြစ်၍ စာရေးရခြင်းမှာ မလွယ်ကူကြောင်း သူ့ကို ချီးကျူးသောအနေဖြင့် ပြောလိုက်ရာ စာရေးဆရာမ ကျင်စာရီသည် သွားတက်ကလေးများပေါ်အောင် မရယ့်တရယ်ကလေး ပြုံးပြီး...

“ကိုအေးဆွေ အဖို့မှာတော့ ဟုတ်မှာပေါ့လေ၊ အရီတို့ အဖို့မှာတော့ တယ်ပြီး မခက်လှပါဘူး... ဟဲ ဟဲ ဟဲ” လုပ်လိုက်သဖြင့် ကျွန်တော့်မှာ အတော်ကလေး အောင့်သက်သက် ဖြစ်သွားပါသည်။ စင်စစ် အမှန်မှာ သူတို့လို စာရေးဆရာများသည် ပတ်ဘလစ်ရှာ (သူတို့ဝတ္ထုကို ဝယ်မည့်သူ)ထံတွင် မည်မျှ ခဲခဲယဉ်းယဉ်း ကြိုးစားပမ်းစား ရေးရကြောင်း ဈေးကောင်းကောင်းရအောင် ပြောတတ်၍ ကျွန်တော်တို့ကဲ့သို့ အပြင်လူနှင့် တွေ့လျှင်မူ သမ်ကာရုံကာ လွန်စွာ လွယ်ကူလှသကဲ့သို့ သူတို့ ဝတ္ထုဖတ်သူများပင် လူပေါ်များ



ဖြစ်အောင် ပြောတတ်ကြသည်ကို သတိမမူမိလေတကား၊ ထို့ကြောင့် ကျွန်တော်သည် စကားကို ပြန်မဆက်တော့ဘဲ...

“ဩော်... မကျင်ရီ ဥယျာဉ်စိုက် တစ်ယောက်လောက် လိုချင်တယ်ဆိုတာ ကျွန်တော် ပေါ်အူးကို ပြောခဲ့ပြီး သူက ယောကျ်ားလား မိန်းမလားဆိုတာ မေးခိုင်းလိုက်တယ် မကျင်ရီ”

အို... ကျေးဇူးတင်ပါတယ် ကိုအေးဆွေ၊ ယောကျ်ားဖြစ်ဖြစ်၊ မိန်းမဖြစ်ဖြစ် အစိုက်အပျိုးကောင်းရင်ပြီးတာပါပဲ၊ မြန်မြန်သာရအောင် ရှာခိုင်းပါ။ အခုနယ် ကိုအေးဆွေလဲ သိတဲ့အတိုင်းဘဲ၊ နယ်နဲ့ အဆက်အသွယ်မကောင်းတော့ ဟင်းသီးဟင်းရွက် လတ်လတ်ဆတ်ဆတ်ကို မစားရဘူး အရီ့သဘောကတော့လေ ကိုယ့်ခြံကလေးနဲ့ ကိုယ်ကြိုက်တဲ့ အသီးအပင်ကလေးတွေစိုက်ပြီး အေးအေးဆေးဆေး စားနေချင်တာပဲ။ အရီတို့ ထမင်းချက်ကဖြင့် ရန်ကုန်မှာ အကောင်းဆုံးပေါ့။ အို... ဒါကို ကိုအေးဆွေသိမှာမဟုတ်သေးပါဘူး၊ ဩော်... ဟန်ကျပြီ၊ ဟန်ကျပြီ၊ အဆင်သင့်ပဲ၊ နက်ဖြန်ခါညနေ ကိုအေးဆွေ အားတယ်မဟုတ်လား၊ အို... ကိုအေးဆွေမှာ ဘာအလုပ်မှ မရှိပဲပဲ အားမှာပေါ့ ညစာထမင်းစားရအောင် အရီတို့အိမ်ကို လာခဲ့နော်၊ ကိုအေးဆွေရဲ့ အန်တီမြရော ပြီးတော့ ဦးကြီးအစားပုတ် ဗိုက်ရွဲ ဦးချစ်ဖုန်းကြီးရော၊ အခုပဲဖိတ်ခဲ့တယ်၊ ဟန်ကျလိုက်တာရှင် ကိုအေးဆွေတို့ တူဝရီးတွေ စုံစုံလင်လင်ကို အရီတို့ ထမင်းချက်လက်ရာ 'တိုနီ'ရဲ့ ဒင်နာပေးရဦးမယ် လာခဲ့နော်၊ ဆက်ဆက်လာခဲ့မယ် မဟုတ်လား ကိုအေးဆွေ”

www.burmeseclassic.com

www.burmeseclassic.com



လျှာရှည်ရှည်နှင့် စကားများသော စာရေးဆရာမပိပိ ဥယျာဉ်စိုက်မှ ထမင်းစားပွဲအထိ သူ့ဟာသူ မေးပြောပြော၍ ဖိတ်ခေါ်လေရာ ကျွန်တော့်မှာလည်း ဤကဲ့သို့ ကိစ္စမျိုးတွင် ငြင်းဆိုရန် ဝါသနာမရှိသည့်အတိုင်း ကျွန်တော့်သူငယ်ချင်း တင်မောင်ရင်ကိုလည်း သူနှင့် ပြားခါမှ အတွေ့အကြုံနည်းပါးနေသောကြောင့်...

"လာခဲ့မယ်၊ မကျင်ရီ... ကျွန်တော့်သူငယ်ချင်း တင်မောင်ရင်ကော ရှိရဲ့မဟုတ်လား"

"အို... ရှင့်သူငယ်ချင်း မရှိလို့ ဘယ်ကို သွားရမလဲရှင့်... ရှင့်လူ အခု ကျွန်မလက်ထဲရောက်မှ ပြားပြားဝပ်နေပြီ၊ အရင်ကလို ဘယ်မှ အလဟသ မလယ်မပတ်ရတော့ဘူး၊ ကျွန်မက သူ့ကို စည်းစနစ်တကျ ဆုံးမဩဝါဒ ပေးထားတာ၊ ရှင့်လူဦးကျိုးနေပြီ ရှင်ရဲ့၊ ဟုတ်တယ် ကိုအေးဆွေ၊ ကိုတင်မောင်ရင်ရယ် အရီနဲ့ရတာဟာ သူ့အဖို့ သိပ်ပြီး ကုသိုလ်ကောင်းတာပဲ၊ အရီက သူ့ကို လင့်အရာသာမကဘူး တူကလေးလို၊ မောင်ကလေးလို၊ သားကလေးလို အမျိုးမျိုးထားပြီး အစစအရာရာ ပြုးပြုးပြင်ပြင်နဲ့ချစ်ခင် ယုယပေးတာ၊ ရှင့်လူ သိပ်ကြည်နူးနေတာပဲ၊ နို့ပြီး အရီကို ကြောက်လဲကြောက်၊ ရိုလဲရို သေတယ်ရှင့်၊ အရီကလဲ သူ့ကို ကြောက်အောင် ရိုသေအောင် လုပ်ထားတာပဲ... ဟုတ်တယ်လေ၊ သူ့လိုလူလဲ အရီတို့လို ပြုပြင်တတ် တဲ့လူနဲ့မှ ဟန်ကျသွားတာပဲ၊ သြော်... သြော်... ကိုအေးဆွေ တစ်ယောက်လဲပဲ ကိုကိုရင်လိုလူပဲ၊ အရီနဲ့တူတဲ့ အရီ့သူငယ်ချင်း စာရေးဆရာမ တစ်ယောက်နဲ့ ပေးစားဦးမှပဲ၊ အဲ... အဲ... သူ့ဆီကိုလဲ



ကိုအေးဆွေက မေတ္တာစာတွေ ပေးထားတာနဲ့ အဆင်သင့်ပဲ၊ အရီက လှော်ပေးလိုက်ဦးမယ်၊ ဟဲ... ဟဲ... သွားမယ်နော်၊ နက်ဖြန်ညနေ လာခဲ့နော် ဆက်ဆက်"

သူ့ဘာသာသူ လေတကြောတည်းနှင့် တောက်ရှောက်ပြောပြီး ကျွန်တော့် စကားမေးကိုမျှ မစောင့်တော့ဘဲ သူ့ထီးအရိုးတိုကလေးကို လှုပ်ရမ်း၍ ထွက်သွားလေရာ ကျွန်တော်မှာ ကျွန်တော် စာပေးထားသော သူ့ သူငယ်ချင်းစာရေး ဆရာမမည်သူဖြစ်သည်ကို မေးချင်ပါလျက် ပါးစပ်အဟောင်းသားနှင့် ကျန်ခဲ့ပါတော့သည်။ အမှန်မှာ စွဲလိုစွဲငြားနှင့် ကျွန်တော် စာပေးထားသော မိန်းကလေးတွေ ၄-၅ ယောက်မျှရှိပေရာ ၎င်းတို့အထဲတွင် သူ့ သူငယ်ချင်း စာရေးဆရာမ ပါဝင်နေသည်ကို ကျွန်တော် မသိခဲ့ပါ။ အကယ်တန္တိ ကျွန်တော် သိရှိခဲ့ပါသော် စာရေးဆရာမနှင့် လင်မယားတော်ရခြင်းသည် များစွာပင် စိတ်ပျက်ဖွယ်ကောင်းလှကြောင်းကို ကျွန်တော့်သူငယ်ချင်း တင်မောင်ရင်၏ ပြောစကားဖြင့် အော့ကြောလန်နေပြီဖြစ်၍ ကျွန်တော်သည် ထိုကလေးမထံမှ မေတ္တာစာတို့ကို ပြန်လည်ရုတ်သိမ်းမည် ဖြစ်ပါသည်။ ယခုမူ မကျင်ရီခေါ် စာရေးဆရာမ 'ကျင်စာရီ'၏ စိတ်မြန် ကိုယ်မြန် အကုန်လုံး မြန်ဆန်မှုကြောင့် ကျွန်တော်မှာ မိမိစာပေးထားမိသူ စာရေးဆရာမမှာ မည်သူမည်ဝါ ဖြစ်သည်ကိုမျှ မေးခွန်းမရလိုက်ပါ။ နောက်မှပင် စုံစမ်းမေးမြန်း၍ အလျှင်အမြန် ပြန်လည် ရုတ်သိမ်းမှပဲဟု စိတ်ကူးကာ အိမ်ပေါ်ထပ် အန်တီမြဆီသို့ တက်ခဲ့ပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



"ဟဲ့လို မောင်ဆွေ"

"ဟဲလို အန်တီ"

"မင်း အာတီကယ်လ် ပြီးခဲ့ပလားကွယ့်"

"ပြီးခဲ့ပြီ... အန်တီ"

ကျွန်တော်သည် ကုလားထိုင်တစ်ခုပေါ်သို့ ထိုင်လိုက်ရင်း လက်ထဲမှ စက္ကူလိပ်ကို အန်တီ၏ ရှေ့သို့ထိုးပေးလိုက်ပါသည်။

အန်တီမြသည် ကျွန်တော့်စာရွက်တို့ကိုဖြန့်ကာ ကိုယ်တိုင်လာပေးသော စာမူကို လက်ခံရသော အယ်ဒီတာတို့၏ ထုံးစံအတိုင်း တကယ်ပင် ဂရုစိုက်ဟန်ဖြင့် (အမှန်မှာ သမ်ကာရှုံကာမျှသာ) ကြည့်လျက်...

"ဘယ့်နှယ် မင့်ဆောင်းပါးအတော် ကောင်းရဲ့လားကွဲ့" ဟု မေးလိုက်ပါသည်။

"ကောင်း မကောင်း အန်တီပဲ ဖတ်ကြည့်လေ၊ ကျွန်တော်တော့ ပေါ်အူးကို ပထမဖတ်ခိုင်းကြည့်ခဲ့ပြီ"

ပေါ်အူးဟူသော အသံကို ကြားလိုက်မှပင် အန်တီမြသည် ကျွန်တော့်ကော်ပီကို နောက်မှပဲ ကြည့်တော့မည်ဟူသော အမူအရာဖြင့် စားပွဲပေါ်ရှိ အခြားစာမူများနှင့် ရောထွေးပစ်လိုက်ကာ ကျွန်တော့်ကို မျက်မှန်အပေါ်မှ မျက်စိကျော်ကြည့်လျက်...

"မင့်အကောင် ပေါ်အူးဟာ လူရှော်ပဲကွ၊ မင်းပြန်သွားတော့ ပြောလိုက်စမ်းကွာ အန်တီမြကပြောတယ် မင်းကို လူရှော်လို့"

"အို... ဘာဖြစ်လို့လဲ အန်တီ"



"ဟိုကွာ ငါ့အိမ်ကို ထမင်းချက်ကောင်းကောင်း တစ်ယောက် လောက် ရှာပေးစမ်းပါဆိုတာ အခု သီတင်းတစ်ပါတ်ကျော်သွားပြီ။ ဘာမှ စကားဖြန့်မရသေးဘူး"

"အို... ဟုတ်လား... ဟက်လား" ကျွန်တော်သည် လက်ဝါး ချင်းပွတ်၍ ရယ်မိကာ 'ပေါ်အူးက အိမ်တွေဖို့ အခိုင်းအစေရှာတဲ့ ကိုယ်စားလှယ်ဖြစ်နေပြီကပဲ၊ တင်မောင်ရင်မိန်းမ မကျင်ရီကလဲ သူ့ကို ဥယျာဉ်စိုက်တစ်ယောက် ရှာပေးခိုင်းနေတယ်၊ အခုပဲ မကျင်ရီနဲ့ ကျွန်တော် လှေကားအတက်မှာ တွေ့လိုက်လို့ အဲဒီကိစ္စ ပြောပြီး ကျွန်တော့်ကို နက်ဖြန်ညစာစား ဖိတ်သွားတယ်၊ အန်တီနဲ့ ဦးကြီးချစ်လဲ ဖိတ်ဆို"

အန်တီမြသည် မျက်နှာကြီး ပြည့်အက်အက်နှင့် ရွှန်းရွှန်းပြုံးပြုံးကာ...

"အို... ဟုတ်လား၊ အေးကွဲ့ သူ့ထမင်းချက်အသစ်ရဲ့ လက်စွမ်းပြရအောင်ဆိုပြီး ဖိတ်သွားတယ်၊ နို့ပြီး သူ့ဝတ္ထုရှည်တစ်ပုဒ်လဲ ၁၅၀၀ နဲ့ ဈေးတည့်သွားတယ်"

"အို... သူ့ဝတ္ထု တစ်ပုဒ် ထောင့်ငါးရာဆိုတော့ မများဘူး လား အန်တီ"

အန်တီမြသည် အကြံပိုင်သော မျက်နှာကြီးနှင့်...

'ဘယ်များမလဲ မောင်ဆွေရယ်၊ မင်းမှမသိဘဲ၊ 'ကျင်စရို နာမည်နဲ့ အချစ်ဝတ္ထုဆိုရင် စာအုပ် ၅၀၀၀ တော့ အေးအေး[illegible]လေး ကုန်တာကွ၊ ၂ကျပ်တန် ငါးထောင်ကုန်ရင် အနည်းဆုံးစရိတ်စက

www.burmeseclassic.com

www.burmeseclassic.com



နှုတ် ၂၀၀၀ တော့ မြတ်တာကွ၊ မင့်နှယ်ကွာ၊ ကိုယ်က ဝတ္ထုအကြွေး ဝယ်၊ ပုံနှိပ်ခကို စာအုပ်ရောင်းပြီးမှပေး၊ စာရေးဆရာကို အိတ်ထဲ ရှိမှ နဲနဲစီလီပေး၊ ကိုယ့် တော်လေးဝတိုက် ထုတ်ဆိုတဲ့ နာမည် ကလေး စိုက်ရရုံပဲ။ အေးအေးကလေး နှစ်ထောင်ကျန်နေတာ အိုကေပေါ့ကွ၊ နို့ပြီး အခုသူရေးမဲ့အချစ် ဝတ္ထုကလဲ အခု သူလင် ရမှဖြစ်ပျက်တဲ့ ကိုယ်တွေ့တွေကို မှတည်ပြီးရေးမှာကွ၊ ဘယ် လောက်များ စာရူးကလေးတွေ ကြိုက်လိုက်ကြဦးမလဲဆိုတာ ချိုးမွမ်း စာတွေ တစ်ပုံတခေါင်းကြီးလာမှာ မြင်ယောင်သေးတော့ကွာ၊ ငါဖြင့် ၅၀၀၀ မဟုတ်ဘူး၊ ၆၀၀၀ ရိုက်ပြီး နှစ်သောင်းရိုက်တယ်တောင် ကြော်ငြာမယ် စိတ်ကူးထားတယ်”

ကျွန်တော်မှာ စာဖတ်အလွန်ပျင်းသူ ဖြစ်ခြင်းကြောင့် မည်သည့် စာရေးဆရာ၊ မည်သို့ဆိုသည်ကို မသိသဖြင့်–

“ဟင်… တင်မောင်ရင် မိန်းမက ဒီလောက်ပဲ စာရေးကောင်း လို့လား”

“အို… ဘယ်က စာရေးကောင်းတယ်တော့ ဟုတ်မလဲကွာ ဒီလိုပဲ မဟုတ်က ဟုတ်က အချစ်အလွမ်းတွေ ရေးတော့ စာဖတ် ပရိသတ်အချစ်ရူးသမားတွေက ကြိုက်ကြတာပေါ့ကွာ၊ နို့ပြီး ဒီငနဲမကလ လဲ မိန်းမသာဖြစ်တယ်၊ ခြင်ထောင် ခန်းရေးတဲ့နေရာမှာ ယောကျ်ား မသာဘူး၊ တစ်တစ်ခွခွ ရေးတာကွ အညို၊ ဒီတော၊ အခရာတွေကျ တော့လဲ ပြောစရာမရှိဘူး၊ နှားရှက်စရာကောင်းလောက်အောင်ကို ရေးပြတာကွ၊ အဲဒါကိုပဲ လူတွေက ကြိုက်နေကြတော့ တိုင်းပြည်ရဲ့



စာဖတ်ပရိသတ် အဆင့်အတန်းနိမ့် တယ် နိမ့်တယ် ပြောနေကြတာ ဒါပေါ့ကွာ။ ငါဖြင့် သူ့လိုရေးနိုင်ပါရဲ့၊ ဒါပေမဲ့ ရေးချင်စိတ်မရှိဘူး၊ လက်မရဲပါဘူးကွာ”

ကိုယ့်ထက်သာ၍ လူကြိုက်များသည်ကို မနာလိုတတ်သော စာရေးဆရာတို့၏ ထုံးစံအတိုင်း အန်တီမြသည် မဲ့ကာရွဲ့ကာဖြင့် စာဖတ်ပရိသတ်၏အပေါ်တွင် အပြစ်ဖို့၍ ပြောရှာလေရာ၊ ကျွန်တော့် မှာ သူတို့ စာရေးဆရာများ၏ ကိစ္စတွင် စိတ်ဝင်စားခြင်းမရှိသော ကြောင့်…

“အင်း… နို့… အန်တီမြ ဂျာနယ်ကော ဟန်ရဲ့လား”

အန်တီမြသည် စီးကရက်တစ်လိပ်ကို မီးညှိပြီး ဘူးကို ကျွန် တော့်ဘက် ထိုးပေးလိုက်ကာ…

“အာ… ဒီဂျာနယ်အလုပ်က ဟန်လှတယ် မဟုတ်ပါဘူးကွာ၊ အဲဒီလို လုံးချင်းဝတ္ထု လူကြိုက်များတာကလေးတွေ ကြားဖြတ်ထုတ် ရမှ ဟန်တာကွ၊ အမှန်မှာ ဂျာနယ်မဂ္ဂဇင်းတွေက မြတ်တာမဟုတ် ပါဘူး၊ တိုင်းပြည်စာဖတ်ပရိသတ်ရဲ့ ဗဟုသုတ တိုးတက်ရာတိုးတက် ကြောင်းသာ လုပ်နေရတာပါ”

ပတ်ဘလစ်ရှာတို့၏ ထုံးစံ လေကြောအတိုင်း တိုင်းပြည် အတွက်ဟု ပြောလိုက်ပြန်ပါသည်။

“နို့… ဒါဖြင့် အန်တီမြဂျာနယ်က ရေရှည်သွားနိုင်ပါမလား”

“အဲဒါပေါ့ မောင်ဆွေ၊ ထမင်းချက် ကောင်းကောင်း တစ် ယောက်လောက် လိုနေတာ”

www.burmeseclassic.com

www.burmeseclassic.com



"အို…အန်တီကလဲ ထမင်းချက်ကောင်းကောင်းနဲ့ ဂျာနယ်အလုပ်နဲ့ ဘာဆိုင်လို့လဲ"

"ဆိုင်ပြီလား မောင်ဆွေ မင်းက နားမလည်လို့ဘဲ၊ ထမင်းချက်သမားကောင်းကောင်းသောရမယ်ဆိုရင် အန်တီ့ ဂျာနယ်အဖို့ကို နှစ်ချက် အထောက်အပံ့ရမယ်ကွဲ့"

"ဘယ်လိုနှစ်ချက်လဲ"

"ဒီလိုကွဲ့… ဒီကိစ္စမှာ မင့်ဦးကြီးက ပမာနပဲ သူ့အကြောင်းလဲ မင်းအသိသားပဲ မောင်ဆွေ၊ မင့်ဦးကြီးက အင်မတန် ထမင်းကောင်း ဟင်းကောင်းကြိုက်တာ တစ်နေ့ ထမင်းစားမကောင်းရင် တစ်နေ့ ညည်းတဲ့လူကွဲ့၊ အဲဒါနဲ့ အခု ခက်နေတာက အိမ်မှာရှိတဲ့ ထမင်းချက်က ညံ့လေတော့ အန်တီက နေ့တိုင်း လိုက်လိုက်ပြီး စီမံနေရတဲ့အတွက် အချိန် အလဟဿကုန်တယ်၊ တကယ်လို့သာ ထမင်းချက်က စိတ်ချလက်ချ လွှဲထားနိုင်လောက်အောင် တော်မယ်ဆိုရင် ပထမအချက်က အန်တီ့မှာ မီးဖိုချောင်မှာ ကုန်မဲ့အချိန်ကို ဂျာနယ်ဘက်မှာ သုံးနိုင်တယ်၊ ဒုတိယအချက်က ထမင်းချက်ကကောင်းလို့ မင့်ဦးကြီးဟာ စားသောက်ပြီး မြိန်မယ်ဆိုရင် စိတ်လက်ရွှင်ရွှင်လန်းလန်းနဲ့ ခိမ်ကြွေ့နေမယ်၊ အဲဒီလိုဆိုရင် ငါတောင်းတဲ့ငွေကို သူ ကြည်ကြည်ဖြူဖြူနဲ့ ချက်(က်) ဘုတ်မှာ လက်မှတ်ထိုးပေးမယ်၊ သူ့အကျင့်လဲ မင်းအသိသားပဲ စားသောက်ကောင်းပြီး နေထိုင်ကောင်းမယ်ဆိုရင် ဘာမှ မနမြောတတ်ဘူး၊ သူတောင်းစားကိုတောင် ငွေသုံးလေး ဆယ်ပေးချင် ပေးပစ်တာ၊ အေး… စားသောက်မကောင်း



တဲ့ အခါနဲ့ဆုံရင်ဖြင့် သူ ကျောင်းဆောက်လှူဘူးလောက်အောင် အဆွယ်ကောင်းတဲ့ ဘုန်းကြီးကိုတောင် ဝှပြောချင် ပြောမှစ်တဲ့လူကွဲ့"

အန်တီမြပြောသည့်အတိုင်းပင် ကျွန်တော့်ဦးကြီး ဦးချစ်ဖုံးမှာ အစားအသောက်နှင့် စိတ်နေသဘောထား ဒွန်တွဲနေလျက် အစားကောင်းလည်း အင်မတန်ကြိုက်သူဖြစ်၍ သူ၏ ကြီးမားသော ကိုယ်ခန္ဓာကြီးနှင့် နေပုံထိုင်ပုံ အမူအယာကို မြင်ရလျှင် မိတ်ဆွေ၏ စိတ်ထဲတွင် "ဒီလူကြီးဟာ အိပ်ခြင်း စားခြင်းမှတစ်ပါး စကားမျှပင် ကောင်းစွာ ပြောတတ်ပါလေစ"ဟု အောက်မေ့ရပါလိမ့်မည်။ သူ၏ စိတ်ဓာတ်မှာလည်း စားသောက် ကောင်းလျှင် ပြုံးပြုံးရွှင်ရွှင်နှင့် အိပ်ရာထဲတွင် ခွေလျောင်းနေတတ်လျက် မကောင်းလျှင်မူကား အနီးအနားရှိ ယင်ကောင်နှင့် အိမ်မြှောင်များကိုပင် နားရပါမည်လား၊ စုတ်ထိုးရပါမည်လားဟု ရန်သူသဖွယ် ဆဲရေးမြည်တွန်၍ နေတတ်ပါသည်။ သူနှင့် လာ၍ တွေ့ဆုံချင်သူများသည် ပထမဦးစွာ သူ ထမင်းစားကောင်းလား၊ မကောင်းလားကို သူ့အိမ်က အစေခံတစ်ယောက်ယောက်အား မေးကြည့်ရသေးသည် အထိပင် ဖြစ်ပါသည်။ အလုပ်အကိုင်ဟူ၍ကား ဘာမျှမလုပ်။ ငုတ်တုတ်ထိုင်စားနိုင်အောင်ပင် အမွေရလိုက်သည်ဖြစ်၍ ပစ္စည်းများ နင့်နေအောင် ချမ်းသာလျက် အင်္ဂလိပ်များရှိစဉ်က 'ဆာ' ဘွဲ့ကိုပင် ဝယ်ယူထားလိုက်သူဖြစ်ခြင်းကြောင့် ယခုတိုင် 'ဆာချစ်ဖုန်း'ဟု ကျော်ကြားနေပါသည်။ သူနှင့် ရင်းနှီးသူများကား သူ့ကို 'စားချစ်ဖုန်း'ဟု ခေါ်ကြပါသည်။ သူတို့၌ သားသမီးလည်း မရှိသဖြင့် ကုန်ကျစရာဆို

www.burmeseclassic.com

www.burmeseclassic.com



လျှင် သူ၏ သမုဒ္ဒရောင် ဝမ်းတစ်တောင်အတွက်နှင့် အန်တီမြ၏ ဝါသနာ ပြင်းထန်သော စာအုပ်ဂျာနယ်ရှုံးသည်မှတစ်ပါး တစ်ခါတစ်ရံ အားကျမ်ခံ အလှူအတန်းပြုခြင်းမျှသာ ရှိလေသည်။ ယခု စစ်ကိုင်း တောင်ရိုး၌ရှိသော 'ဆိုင်းလင့်ရိပ်သာချောင်' မှာ ဦးကြီး ချစ်ဖုန်း၏ ကောင်းမှုဖြစ်၍၊ ထိုချောင်ထက် တောင်ကုန်းမြင့်အောင် ဆောက်ထားသော 'တိုးတိတ် ဆိတ်ငြိမ်ချောင်' မှာ ဦးကြီးချစ်ဖုန်းနှင့် အားကျမ်ခံ ဆောက်ထားသော ဦးရွှေဖျိုင်းခေါ် ကျွန်တော့်အခြားဦးကြီး တစ်ယောက်၏ကောင်းမှုဖြစ်ပါသည်။ (မကြာမီ ကျွန်တော့် ဦးကြီးဖျိုင်းသည် ဤဝတ္ထုထဲ၌ ဇာတ်ကောင်တစ်ယောက်အဖြစ်နှင့် ပါလာပါတော့မည်။)

ကျွန်တော်နှင့် အန်တီမြသည် ဤသို့ ဦးကြီးအကြောင်းနှင့် သူ့ဂျာနယ်အကြောင်းကို ပြောနေစဉ်မှာပင် နေ့လယ်စာ လက်ဘက်ရည်ပွဲ ရောက်လာ၍ နှစ်ယောက်သား စားသောက်ကြကာ အခြားထွေရာလေးပါးစကားတို့ကို ပြောကြပါသေးသည်။ နောက်ပိုင်း၌ တင်မောင်ရင်တို့ လင်မယားအကြောင်း ရောက်သွားပြီး မနက်ဖြန် ကျင်စာရီ ဖိတ်ခေါ်သွားသော ညစာစားပွဲတွင် သူတို့၏ ထမင်းချက် လက်သစ်၏ လက်စွမ်းကို ကြည့်ကြရန်နှင့် အဆုံးသတ်၍ ကျွန်တော် ပြန်ခဲ့ပါတော့သည်။

* * *

ယခုအခါ၌ ကျွန်တော်သည် မိတ်ဆွေအား ဤဇာတ်ကွက်တွင် အရေးပါသောလူများ၏ နာမည် အလုပ်အကိုင်နှင့် အကျင့်စာရိတ္တ



အချို့တို့ကို ဖော်ပြပြီးသော်လည်း အချိန်ကာလနှင့် ကျွန်တော်တို့၏ နေရာဌာနများ ကျန်ရှိနေပါသေးသည်။

ကျွန်တော်သည် ရှေးယခင်အခါက ရန်ကုန်မြို့ထဲတွင် တိုက်ခန်းတစ်ခုကို ငှားရမ်း၍ နေခဲ့ရာ ဘင်ဂျိုတစ်လုံးဝယ်ပြီး လက်ကမြင်းမိသည်တွင် ဒေါက်တာ သိန်းခံ (မတော်လိုက်ရသော ယောက္ခမကြီး) နှင့် အိမ်နီးပါးနားတို့၏ ကျောက်တွန်းမှုကြောင့် တိုက်ရှင်ကုလားသူဌေး၏ နှင်ချခြင်းကို ခံရသဖြင့် ဘင်ဂျိုဝါသနာကိုလည်း မဖြတ်နိုင်သေး၍ စိတ်ရှိ လက်ရှိ တီးနိုင်ရန် ဝင်းနှင့်၊ ခြံနှင့် သီးသီးသန့်သန့် ဖြစ်သော ကမာရွတ်ရှိ ကျွန်တော့်သူငယ်ချင်း ကိုဝင်းမောင်၏ တိုက်ပုကလေးတစ်လုံးကို ငှားရမ်းနေထိုင်ခဲ့ကြောင်း မိတ်ဆွေသည် မှတ်မိပါလိမ့်မည်။ သို့ရာတွင် ယခု အင်းယားလမ်းသို့ ပြောင်းရွှေ့လာခဲ့ကြောင်းကိုမူ မိတ်ဆွေသိရှိလိမ့်ဦးမည် မဟုတ်ပါ။

တင်မောင်ရင်နှင့် မကျင်ရီတို့၏ နေအိမ်မှာလည်း အင်းယားလမ်း၌ပင်ရှိ၍ ထိုအချိန် အင်းစိန်နယ်ဆူပူခါနီးတွင် ကမာရွတ်ပင်လျှင် သမိုင်းကဲ့သို့ စိုးရိမ်စရာဖြစ်ခဲ့ခြင်းကြောင့် သူတို့လင်မယား၏ ခေါ်ငင်ချက်ကြောင့်ပင် ဤလမ်းသို့ ပြောင်းရွှေ့လာခဲ့ခြင်းဖြစ်ပါသည်။

ကျွန်တော်၏ ယခုအိမ်မှာ အင်းယားလမ်း တောင်ဘက်ပိုင်းတွင်ဖြစ်၍ လက်နက်မျိုးစုံနှင့် စစ်သားများ နေ့ညမပြတ် စောင့်နေသော 'ဝန်ကြီးကွာတာ' နှင့်နီးသည် ဖြစ်သောကြောင့် ယခုသို့ အချိန်အခါမျိုး၌ နေထိုင်ရန် အတော်ပင်ဟန်ကျလှသည်ဟု ဆိုရချေမည်။

www.burmeseclassic.com

www.burmeseclassic.com



တင်မောင်ရင်တို့အိမ်မှာကား ယုနီဗာစတီ အဇင်းနယ္ယူးလမ်းနှင့် အင်းယားလမ်းဆုံအနီးတွင်ရှိ၍ အန့်တီမြတို့အိမ်မှာ ယုနီဗာစတီ အဇင်းနယ္ယူးလမ်းတွင် ဖြစ်သောကြောင့် ကျွန်တော်တို့ သုံးအိမ်မှာ တစ်အိမ်နှင့် တစ်အိမ် သိပ်ပြီး ကွာလှမ်းလှသည် မဟုတ်ချေ။

နောက်တစ်နေ့ညနေတွင် ကျွန်တော်သည် မကျင်ရီ၏ ဖိတ်ခေါ်ချက်အရ ညစာစားရန် သူတို့အိမ်သို့ သွားခဲ့ရာ ကျွန်တော့် ဦးကြီး လင်မယားမှာ ရောက်နှင့်နေ၍ အန့်တီမြနှင့် မကျင်ရီမှာ တစ်နေရာတွင် စကားပြောနေလျက် တင်မောင်ရင်နှင့် ဦးကြီးချစ်မှာ စားပွဲတစ်လုံးတွင် အရက်သောက်နေကြသဖြင့် ကျွန်တော်လည်း မကျင်ရီတို့ကို နှုတ်ဆက်ပြီး နောက် အရက်စားပွဲ၌ပင် ဝင်ထိုင်လိုက်ရပါသည်။

ကျွန်တော့်ဦးကြီး၏ ဝါဒမှာ ထမင်းမစားမီတွင် အရက်ကို ဝအောင်သောက်တတ်သူဖြစ်၍ စားပြီးနောက်၌မူ အိပ်ရာသာလျှင် သူ့မိတ်ဆွေ ဖြစ်ပါသည်။ တင်မောင်ရင်မူကား မကျင်ရီနှင့်ရှုမှ အရက်ကို ကောင်းစွာသောက်တတ်သူ မဟုတ်ပါဘဲလျက် ယခုမူ ဦးကြီးနှင့် အဆင်သင့်၍ မကျင်ရီ၏ ခွင့်ပြုချက်အရ အနည်းငယ် သောက်နေရဟန်တူပါသည်။ သို့ရာတွင် တင်မောင်ရင်မှာ ယခုကဲ့သို့ မိတ်ဆွေများအား အရက်နှင့် ဧည့်ခံရာ၌ များစွာပင် ပျော်ပျော်ရွှင်ရွှင် ရှိသင့်ပါလျက် ပျော်ရွှင်ဟန် လုံးဝမရှိဘဲ မကြာမီပင် ဘေးဆိုးကြီး တစ်ခုကို တွေ့ရတော့မည်ကဲ့သို့ တစ်ချက်တစ်ချက်၌ ဟန်မဆောင်နိုင်အောင် မျက်နှာပျက်၍ ပျက်၍ သွားသည်ကို ကျွန်တော် သတိပြုမိပါသည်။



ဦးကြီးအရက်ဝသောအခါ၌ ကျွန်တော်တို့ ထမင်းစားကြပါသည်၊ မကျင်ရီကြွားဝါထားသော သူတို့ ထမင်းချက် တိုနီ၏ လက်ရာများမှာ အလွန်တရာ ကောင်းမွန်လှပေရကား ကျွန်တော့် ဦးကြီးအား ဗိုက်ကား၍ သေမှာပင် စိုးရိမ်ပါကြောင်း အန့်တီမြ က ထမင်းစားရင်း တီးတိုးပြောလိုက်သေး၏။

အားလုံး စားသောက်ပြီးကြသောအခါ၌ ဦးကြီးသည် စည်းစိမ်ယစ်၍ ပက်လက်ကုလားထိုင်ပေါ်တွင် မှိန်းနေကာ တင်မောင်ရင်မှာမူ အိမ်ရှင်တို့၏ ဝတ္တရားအတိုင်း ဦးကြီးအနားတွင် ထိုင်နေရသော်လည်း သူ၏ မျက်နှာကား စိတ်မချမ်းသာ အရိုးအငွေ့များ ရိုက်ခတ်လျက် ရှိလေသည်။

ဒဂုံမြမြကြီးနှင့် ကျင်စာရီတည်းဟူသော စာရေးဆရာမတရှုံးကား စာပေနယ်အကြောင်းနှင့် ပတ်သက်၍ သူတို့မနှစ်သက်သော စာရေးဆရာတို့၏ အတင်းအဖျင်းများကို ပြောနေကြလေရာ ကျွန်တော်မှာ မိမိဝါသနာမပါသောစကားကို နားမထောင်လို၍ လည်းကောင်း၊ တင်မောင်ရင်၏ သနားစရာမျက်နှာကို မကြည့်လို၍လည်းကောင်း ပန်းခြံထဲသို့ ထွက်ခဲ့ပါသည်။

ကျွန်တော်အပြင်ရောက်၍ ဟိုရောက် ဒီရောက်ဖြင့် စီးကရက် တစ်လိပ်မျှမကုန်မီ တင်မောင်ရင်လည်း မီဘအလစ်တွင် ရည်းစား ဆီသို့ထွက်လာရသော မိန်းကလေး၏အမူအရာမျိုးဖြင့် ကျွန်တော့် ဆီသို့ ရောက်လာကာ ...

www.burmeseclassic.com

www.burmeseclassic.com



"ဟော့ ... အေးဆွေ .... အေးဆွေ" ဟု ဂမ္ဘီရ ဆူးထိုးသံဖြင့် ခေါ်သဖြင့် ကျွန်တော်လည်း သူ၏မသက်မသာမျက်နှာကို လှည့်ကြည့်ကာ ....

"ဟော့... ဘာတုန်းကွ... မင်းဟာက၊ ကြောင်လိုက်ခံရတဲ့ ခွေးလို၊ ဟော .... ဟုတ်ပါဘူး၊ ခွေးလိုက်ခံရတဲ့ကြောင်လို .... "

"ဟော့... ဒီမှာကွ ....ငါ့မှာ သေရေးရှင်ရေးတမျှ ခက်နေတဲ့ ကိစ္စကြီးတစ်ရပ်ကို ရင်ဆိုင်ကြုံနေရတယ်ကွ"

"အေး .... ဒါဟာ အကျဉ်းအကြပ်တွေ့နေတဲ့လူတွေရဲ့ သုံးနေကျစကားရပ်တစ်ခုကွ၊ အဲဒါ မင်းငါ့ကိုပြောမလို့ မဟုတ်လား"

"အေး"

"ဒါဖြင့် ပြောလေကွာ"

"ဟာ .... အခုမပြောနိုင်သေးဘူးကွာ"

"နို့ဘာလို့ သေချင်ပက်ကျိမျက်နှာကြီးနဲ့ ငါ့ဆီလိုက်လာသလဲ"

"အေးအေးဆေးဆေးပြောမှ ဖြစ်မှာမို့ မင်းကိုငါတွေ့ဖို့ ချိန်းမလို့၊ နက်ဖန်မနက် မင်းဘယ်သွားစရာရှိသလဲ"

"မသိသေးဘူးကွ"

"အို .... မင်းဟာမင်းပဲ မသိဘူးလားကွ"

"အခု မသိသေးဘူးလေကွာ၊ ငါကဘာမှ ကြိုတင်စိတ်ကူးခြင်းမရှိဘဲ သွားချင်တဲ့အချိန်သွား၊ သွားချင်တဲ့အခါမှာ သွားချင်တာကို သွားတတ်တယ်ဆိုတာ မင်းသိတယ်မို့လား"



တင်မောင်ရင်သည် စိတ်ပျက်ဟန်နှင့် ....

"အို ....မင်းဟာကလဲ ကိုယ်ရည်သွေးတွေ ရှည်မနေစမ်းပါနဲ့ကွာ၊ နက်ဖန်မနက် ၈ နာရီလောက် ငါလာခဲ့မယ်၊ မင်းဘယ်မှ မသွားနဲ့"

"ဟေး .... ကိုကိုရင် .... ကိုကိုရင် ....၊ လက်ကနာရီများလဲ ကြည့်စမ်းပါအုံး၊ ဘယ်နှစ်နာရီရှိပလဲ .... "

ကျွန်တော်တို့နှစ်ယောက် စကားပြောနေစဉ် အိမ်ဆီမှ မကျင်ရီ၏အသံ ပေါ်ထွက်လာသဖြင့် တင်မောင်ရင်သည် ထိတ်လန့်သော အမူအရာဖြင့် လက်ကနာရီကို မြှောက်ကြည့်လိုက်သေးသည်။

"ဟော့ – ဘာလဲကွ၊ တင်မောင်ရင်... မင်းဘယ်အချိန်မှာ ဘယ်သွားစရာရှိလို့လဲ"

ကျွန်တော်က မတိုးမကျယ်မေးလိုက်ရာ တင်မောင်ရင်သည် ကျွန်တော်ကြားလောက်ရုံလောက် အသံဖြင့် –

"ဘယ်မှ သွားစရာမရှိပါဘူးကွ ....နေ့တိုင်း ၆ နာရီတိတိမှာ ငါ့ကို ဆေးတစ်ခွက်သောက်ဖို့ အမိန့်ချထားတယ်ကွ"

"ဘာဆေးလဲကွ"

"ငါလဲ ကောင်းကောင်းမသိပါဘူးကွာ၊ သူ့သူငယ်ချင်း ဟိုမန္တလေးက စာရေးဆရာမတစ်ယောက် ညွှန်လိုက်တဲ့ 'ဝံပုလွေ' တော်နစ်ဆိုလား ဘာဆိုလားဘဲ .... "

ဤစဉ်တွင် မကျင်ရီအနီးသို့ ရောက်လာကာ ....

"အင်း၊ ကိုကိုရင်တစ်ယောက်ဟာ ခက်တယ် .... ခက်တယ်၊ ဒီကိစ္စကို နေ့တိုင်းသတိပေးနေရတယ်၊ နို့စို့ကလေးကျနေတာဘဲ"

www.burmeseclassic.com

www.burmeseclassic.com



လက်ကိုခါးထောက်ကာ မိခင်က ကလေးကိုပြောသကဲ့သို့ ပုံနှင့် မျက်စောင်းပစ်လိုက်သည်တွင် တင်မောင်ရင်သည် သခင် ကြောက်သော ခွေးကဲ့သို့ ခေါင်းငိုက်ဆိုက်နှင့် အိမ်ဆီသို့သွားရ လေ၏။

မကျင်ရီသည် သူ့လင်၏ကျောပြင်ကို ကြည့်ပြီးနောက် ကျွန်တော့်ဘက်သို့လှည့်ကာ–

"ဟုတ်တယ်... ကိုအေးဆွေ၊ ကိုကိုရင် တစ်ယောက်ဟာ ကလေးလိုဘဲ ကျွန်မက အစစ အရာရာ လိုက်ပြီးပြုပြင်နေရတာဘဲ။ ဒီလိုလူမျိုးဟာ ကျွန်မလိုမိန်းမမျိုးနဲ့ တွေ့လို့သာပေါ့၊ ဒို့ပြင်ဟာ မျိုးနဲ့ဆို အခက်ဘဲ ...." ဟု အတည်ပေါက်နှင့် ကိုယ်ရည်သွေး နေရာမှ မျက်နှာထားပြင်ပစ်လိုက်ကာ– "အော် ....ကိုအေးဆွေလဲ ကိုကိုရင်လိုလူဘဲ၊ ကျွန်မသူငယ်ချင်း စာရေးဆရာမတစ်ယောက်နဲ့ ပေးစားရအုံးမယ်"

ဤတွင်မှ ကျွန်တော်သည် မနေ့ကစကားဆက်ကို သတိ ရကာ "တကယ်များလား မကျင်ရီ .... ဒါကို မနေ့ကလဲတစ်ခါ ပြောသွားပြီ"

"တကယ်ပေါ့ရှင်၊ ကိုအေးဆွေကလဲ သူ့ကိုစာတွေပေးထား တာနဲ့ အဆင်သင့်ဘဲ"

"ဟင် .... ကျွန်တော်က စာပေးထားတယ်၊ ကျွန်တော်လဲ ဘယ်စာရေးဆရာမကိုမှ မတွေ့ဘူးပါလားဗျာ"

မကျင်ရီသည် အနည်းငယ် ရယ်သွမ်းသွေးပစ်လိုက်ကာ ....



"အဲဒါ ... ကိုအေးဆွေတို့ရှော်တာဘဲ၊ ကိုယ်ကြိုက်တဲ့လူမှ ဘယ်သူဘယ်ဝါမှန်း မသိဘူး"

ကျွန်တော်သည် အတော်ပင်အံ့သြကာ ....

"ဘယ်သူများလဲ မကျင်ရီ ပြောပါအုံး"

မကျင်ရီသည် ပိုမိုသဘောကျသော အမူအရာဖြင့်...

"အို ....အခုမပြောသေးဘူး နိမ့်သောင်ပေါ့၊ ဒီကိစ္စမှာ အရီ ဒါရိုက်တာလုပ်လိုက်မယ်။ အော် .... ကိုအေးဆွေ အရီတို့ပန်းပင် တွေ လိုက်ကြည့်ပါအုံး"

ကျွန်တော်သိချင်သော စကားစကိုဖြတ်ကာ ဥယျာဉ်ဘက်သို့ ရှန်တိန်ပြောင်းလိုက်သဖြင့် ကျွန်တော်ကလည်း စိတ်ထဲတွင် အောင့် သက်သက်နှင့်ပင် သူ့နောက်က ရောယောင်လိုက်သွားရပါသည်။

မကျင်ရီသည် ပန်းပင်များကိုလိုက်ပြရင်း ဤပန်းပင်များကို မကြာမီခုတ်ပစ်၍ ဤနေရာတို့၌ မြေသြဇာကျွေးကာ ပြောင်း၊ ပဲ၊ ခရမ်းတို့ကဲ့သို့ စားသောက်ရသော သစ်သီးဝလံပင်များကို စိုက် မည့်အကြောင်း၊ ဤသို့ ပြုပြင်ခြင်းမှာ အလှသက်သက်ကြည့် ပန်း ပင်များကို စိုက်ရသည်ထက် အကျိုးအာနိသင်ရှိမည့်အကြောင်း၊ သူက စာရေးဆရာမပီပီ နမူနာအဖြစ် လုပ်ပြလိုက်၍ ဤအင်းယား လမ်းရှိ ခြံနှင့်ဝင်းနှင့် အိမ်ရှင်များသည် သူကဲ့သို့ စိတ်ကူးပေါက် လာရအောင် ကြိုးစားမည်ဖြစ်ကြောင်း၊ ဤကဲ့သို့ မြေရာ[illegible] စားသောက်စရာ အသီးအပင်များကိုသာ စိုက်ကြပါက ရန်ကုန်မြို့ သည် နယ်နှင့် အဆက်အသွယ်မကောင်းသော်လည်း ဟင်းသီး

www.burmeseclassic.com

www.burmeseclassic.com



ဟင်းရွက်အတွက် လတ်လတ်ဆတ်ဆတ်စားရန် စိတ်ချရမည်ဖြစ်ကြောင်း အစရှိသည်ဖြင့် လေကြောကန်ပြီးနောက် ပေါ်အူးအား ဥယျာဉ်သမားတစ်ယောက် အမြန်ရအောင် ကြိုးစားရှာဖွေခိုင်းရန်နှင့် အဆုံး ာတ်လေသည်။ ထိုနောက်၌ ကျွန်တော်သည် နှုတ်ဆက်ပြီး ပြန်ခဲ့ပါတော့၏။

ပေါ်အူးသည် ကျွန်တော်၏အပြန်ကို မျှော်လျက်နေသည်ဖြစ်၍ ရောက်လျှင် ....

"ဟာ ... ဆရာပြန်လာပြီလား၊ ဘယ်နှယ့် စားလို့သောက်လို့ကောင်းခဲ့ရဲ့လား"

"အာ...ကောင်းပေါ့ကွာ .... သိပ်တော်တဲ့ထမင်းချက်မောင်မင်းဒီလူကိုသိရဲ့လား၊ ဘယ်သူကွ သူ့နာမည်"

"တိုနီလေဆရာ၊ ကျွန်တော်ကောင်းကောင်း သိတာပေါ့"

"အော် ... ဟော့ ....မင်းကို မကျင်ရီက ဥယျာဉ်သမားမြန်မြန်ရအောင်ရှာပေးဖို့ ပြောလိုက်သေးတယ်ကွ"

"ဟုတ်ကဲ့ဆရာ... အော် ....ဆရာ– ဆရာမရှိတုန်းက ဆရာဦးကြီးဖျိုင်းရယ် တယ်လီဖုန်းဆက်တယ်ဆရာ"

"ဘာတဲ့တုန်းကွ ဒီဦးကြီးဖျိုင်းက .... "

"သူတို့အခု ရန်ကုန်မှာ ကရင်တွေနဲ့ ဗရုတ်ဗရက်ဖြစ်နေတုန်း မဖြစ်သော်ရှိ ဖြစ်သော်ရှိ စစ်ကိုင်းချောင်မှာ သွားရှောင်နေမလို့တဲ့ဆရာ"

"အင်း... ကောင်းသားဘဲ"



"အဲဒါ ဆရာ့ကိုပါ အတူတူလိုက်စေချင်သတဲ့ ဆရာ"

"ငါမလိုက်ချင်ဘူးကွာ၊ ငါ ဒီဦးကြီးဖျိုင်းနဲ့ နီးနီးကပ်ကပ်မနေချင်ဘူးကွာ"

"ဒါဖြင့် ဘယ်လိုအကြောင်းပြန်လိုက်ရမလဲ ဆရာ"

"ဟိုကွာ– ငါအခုတလော နေထိုင်မကောင်းလို့ လေယာဉ်ပျံမစီးဝံ့ဘူးလို့ ပြောလိုက်ကွာ"

"ကောင်းပါပြီ ဆရာ"

ဤနေရာ၌ ကျွန်တော်သည် ဦးကြီးဖျိုင်းနှင့်အတူ မလိုက်ချင်သည့်အကြောင်းကို ပြောရဦးမည်။ ဦးကြီး ဦးရွှေဖျိုင်းမှာ ကျွန်တော့်မိခင်၏ အစ်ကိုဖြစ်၍ ကျွန်တော့်အား ငယ်စဉ်ကပင် ကျွန်တော့်ဖခင်က အလိုလိုက်သလောက် သူက ဟိန်းဟောက်ခဲ့၍ယခု ကျွန်တော်အသက် နှစ်ဒါဇင်ကျော်သည့်တိုင်အောင်မှ သူက ကျွန်တော့်အား ပုဆိုးလည်ပင်းရောက် အရွယ်ကလေးကဲ့သို့ သဘောထားဖြင့် ကျွန်တော့်မှာ သူနှင့်တွေ့လျှင် အပိုလိုနေရင်း အသက်နှစ်ဆယ်မျှပြန်၍ ငယ်ငယ်သွားရသည်ဖြစ်သောကြောင့် ကျွန်တော်သည် သူ့အား တတ်နိုင်သလောက် ဝေရာမကဓါရခြင်းဖြစ်ပါသည်။

ဦးကြီးဖျိုင်း၏နေအိမ်မှာ သမိုင်းတွင်ဖြစ်၍ ဤကဲ့သို့ ကရင်သောင်းကြမ်းသူများ ဆူပူချိန်၌ သူတို့ကောင်းမှုတော် "တိုးတိုးတိတ်ဆိတ်ငြိမ်ချောင်" ရှိသော စစ်ကိုင်းတောင်ရိုးသို့သွားခြင်းမှာ များစွာပင် လျှော်ကန်လှပေသည်။ ကျွန်တော်လည်း ဤကဲ့သို့ ရွှေမြို့တော်ကြီး မသာမယာချိန်၌ ဦးကြီးဖျိုင်းတို့ အိမ်သားတစ်စုနှင့်အတူ

www.burmeseclassic.com

www.burmeseclassic.com



လိုက်ပါသွားသင့်သော်လည်း ဦးကြီးဖျိုင်း၏ ဩဝါဒပြင်းထန်မှုကြောင့် ကြံဖန်လည်ဆည်၍ ငြင်းပယ်လိုက်ခြင်းဖြစ်ပါသည်။ ပေါ်အူးကား ကျွန်တော်၏ ငြင်းဆိုခြင်းကို တယ်ပြီးသဘောမကျကြောင်း သူ့မျက်နှာ၌ ဖော်ပြလေသည်။

* * *

နောက်တစ်နေ့နံနက်၌ ကြံကြံဖန်ဖန် စိတ်ဒုက္ခရောက်နေရှာသော တင်မောင်ရင် ရောက်လာပါသည်။ သူသည် ရောက်လျှင်ရောက်ချင်း လေးလေးလံလံနှင့် ဆိုဖာပေါ် ပစ်ထိုင်လိုက်ကာ....

"ဟေ့ .... အေးဆွေ"

"ကဲ .... ပြောစမ်းတော့ဟေ့၊ မင်းဒုက္ခ"

"ငါတို့ ဒီတစ်ရက် နှစ်ရက်အတွင်းမှာ တစ်ခုခုမလုပ်နိုင်ရင်ဖြင့် မကြာမီအတွင်းမှာ ငါဟာ အိမ်တွင်းက ပြင်ဖက်ကို တစ်ဖဝါးမှ မထွက်ဝံ့တဲ့ အခြေအနေရောက်တော့မယ်ကွ"

"ဘာကြောင့်လဲ... မင့်မိန်းမကြောင့်လား"

"ငါ့မိန်းမချည်း မဟုတ်ဘူး၊ မင့်အဒေါ်လဲပဲ..."

"ဘယ်... ငါ့အဒေါ်လဲ"

"ဒဂုံမြမြကြီးပေါ့ကွာ"

ကျွန်တော်နှင့် လေပေးအဖြောင့်ဆုံးဖြစ်သော အန်တီမြအားသူကလောင်နာမည်ကို အတော်ပင် စက်ဆုပ်ဟန်နှင့် ပြောလိုက်ရာ ကျွန်တော်မှာ ရုတ်တရက် အံ့အားသင့်မိ၍...



"ဘယ်လိုကိစ္စများတုန်းဟ"

"ငါ့မိန်းမက မင့်အဒေါ်ကို ဝတ္ထုတစ်ပုဒ် ရေးပေးမလို့တဲ့ကွ"

"အဲဒါ ငါသိသားပဲကွ"

"ဝတ္ထုနာမည်ကော သိရဲ့လား"

"ဟင့်အင်း"

"ချစ်ပဒေသာပင်တဲ့ကွ ချစ်ပဒေသာပင်တဲ့"

သူသည် ဤနာမည်ကို အပြင်းအထန် ကြောက်ရွံ့စက်ဆုပ်ဟန်နှင့် ပြောလိုက်ရာ

"ဟ... ဒီနာမည် ကောင်းသားပဲကွ၊ တယ်ပြီး အဓိပ္ပာယ်ကြွယ်ဝတာပဲ၊ ဟင်.. ဟုတ်ဘူးလားကွ ပေါ်အူး"

ကော်ဖီပို့ရန်နှင့် အနီးသို့အဆင်သင့် ရောက်လာသော ပေါ်အူးအား ထောက်ခံချက် တောင်းလိုက်ပါသည်။

"အင်မတန်မှ အဓိပ္ပာယ်ကြွယ်ဝလှပါတယ် ဆရာ"

ပေါ်အူးက လေးလေးပင်ပင် ထောက်ခံလိုက်ရာ တင်မောင်ရင်များစွာပင် မနှစ်မြို့ဖြစ်ကာ...

"အဲဒါ အဓိပ္ပာယ်ကြွယ်ဝသမှ ငါ့ဒုက္ခချည်းပဲကွ၊ ငါ့ဒုက္ခချည်းပဲ၊ မင်းတို့သိရဲ့လား"

ကျွန်တော်သည် သူ့မျက်နှာကိုကြည့်၍ စိုးရိမ်သလိုဖြစ်ကာ...

"ဟ ... ဘာကြောင့်တုန်းကွ ဟိတ်ကောင်"

"ဒီဝတ္ထုမှာ နာမည်နဲ့လိုက်အောင် အချစ်မျိုးစုံရေးမှာတဲ့ကွ"

သူ့မှာ ချောက်ခြားနေသလောက် ကျွန်တော့်မှာ အံ့ထူးခြားလှပဲ...

www.burmeseclassic.com

www.burmeseclassic.com



"အေး… အဲဒါဘာဖြစ်သလဲကွ"

"အို… အဲဒီအချစ်တွေက ငါ့ကို မှတ်တမ်းတင်ပေးမှာတဲ့ကွ၊ သိရဲ့လား၊ ငါနဲ့သူနဲ့ စဖြစ် စချစ်တာကစပြီး အခု သူက ငါ့ကို ဘယ်လိုကြိုး ကိုင်တယ်၊ ဘယ်လိုလုပ်ပေးလိုက်တယ်၊ ဘယ်လို ဖြုံပြင်တယ်၊ ဘယ်လို ဆုံးမတယ်ဆိုတာတွေကို အစခပ်သိမ်း အောက်ခြေသိမ်း သူတို့ မိန်းမတွေ နည်းယူရအောင် ရေးမှာတဲ့ကွ၊ အဲဒါတွေသာ လူတွေသိကြ မယ်ဆိုရင် ငါ ဘယ်လောက် ရှက်စရာကောင်းမလဲ၊ ငါသိတဲ့လူတွေက ငါ့မျက်နှာကို ဘယ်လိုကြည့်ကြမလဲ၊ ငါ့သူငယ်ချင်းတွေက ငါ့ကို ဘယ်လိုမေးကြ စမ်းကြ၊ နောက်ကြမလဲ ဆိုတာ မင်းပဲတွေးကြည့်ပေတော့၊ ငါဟာ ပြတင်းပေါက်ကမှ ခေါင်းမထုတ်ဝံ့တဲ့ အခြေကို ရောက်တော့မှာပဲ၊ နို့ပြီး မင်းကြည့်ဦး၊ အခန်းကဏ္ဍတွေ နာမည်ပေးထားလိုက်တာက 'ဂေါ်လက်ခံ' 'ဂေါ်တန်ပြန်' တဲ့ 'ချစ်ယောင်ပြ'တဲ့ 'ချစ်ကြပြီဆိုမှဖြင့်' တဲ့ 'ဘာ့ကြောင့် လင်မယားဆိုရသနည်း' တဲ့ 'ဟင်းအတူတူပေါ့' တဲ့ 'ဆယ့်နှစ်မျိုးကြော် ချစ်' တဲ့၊ 'နို့စို့ကလေးနဲ့ တူတဲ့လင်' တဲ့…"

"ဟော… ဘာတဲ့ကွ"

ဤစကားမှာ မနေ့က မကျင်ရီပြောသည်ကို ကျွန်တော်ကြားခဲ့သလို ရှိခြင်းကြောင့် ဖြတ်၍မေးလိုက်ရာ တင်မောင်ရင်သည် မျက်နှာကြီး ရှုံ့လျက်…

"နို့စို့ကလေးနဲ့ တူတဲ့လင်တဲ့ကွာ"



"အေး… ဒါကို သူမနေ့ကတောင် ငါ့ရှေ့မှာ ပြောသေးတာပဲကွ၊ မင်းမလဲ ဟုတ် ထင်ပါရဲ့၊ မှန်းစမ်း မင်းသွားတွေ၊ နို့ပိုးစားမကုန် သေးဘူးလား" ဟု ဆိုပြီး သူ့ပါးစပ်ကို လှမ်းကိုင်လိုက်ရာ ကျွန်တော့်လက်ကို ဖြတ်ကနဲ ပုတ်ချလိုက်ပြီး…

"အရေးထဲ နောက်မနေစမ်းပါနဲ့ အေးဆွေရာ၊ အခုလို ပြောတာကလေးနဲ့တောင် မင့်လိုအကောင်က နောက်နေရင် အဲဒီစာအုပ်ထွက်ပြီဆိုရင် ငါ ဘယ်သူ့ကိုမှ မျက်နှာပြရဲတော့မှာ မဟုတ်ဘူး၊ အိမ်ခန်းထဲမှာ လူနာလိုအောင်းနေရင်နေ ဒါမှမဟုတ်ရင် သူပုန်တွေနဲ့ ပေါင်းပြီးတောခိုဖို့ ရှိတော့တယ်ကွ၊ တောက်… စာရေးဆရာရဲ့လင်တော်မိတာ ဘုန်းကြီးတွေ အကုန်လုံး မှောက်တာပါပဲကွာ"ဟု တောက်တစ်ချက် ပြင်းစွာခေါက်ပြီး ခေါင်းကုတ်နေသဖြင့် ကျွန်တော်က…

"ဟော့… ဒါတွေကို မင်းက သဘောမတူရင် မရေးနဲ့လို့ ပြောပါလားကွ"

တင်မောင်ရင်သည် ကျွန်တော့်မျက်နှာကို အံ့ဩသလို ကြည့်ခါ…

"ဟေ… ဒါလောက်များလွယ်ရင် မင့်ဆီ ငါလာပြောပါ့မတဲ့လားကွာ၊ စဉ်းပဲ စဉ်းစားကြည့်ပါဦးတော့၊ ငါ့စကားကို သူက နားထောင်တာမဟုတ်ဘူးကွ၊ သူ့ဩဝါဒတွေသာ ငါက လိုက်နာနေရတာ၊ သူက ငါ့ဆရာတဲ့ကွာ၊ ငါ့ အမေတဲ့ကွာ၊ တစ်ခါတလေ သူက ငါ့ကို အင်္ဂလိပ်လို ခေါ်လိုက်သေးတယ်… 'ဟတ်စ်ဘင်ဘောဘီ' တဲ့"

www.burmeseclassic.com

www.burmeseclassic.com



"ဟေ... ဘာတဲ့ကွ"

"ဟက်စ်ဘင်ဘေဘီ (Husband baby) တဲ့ကွာ"

"ဘာအဓိပ္ပာယ်လဲကွ"

"သိပါဘူးကွာ၊ မင်းပဲ အဓိပ္ပာယ် ပြန်ကြည့်တော့၊ ဦးထွန်းမြိမ်း ဒစ်ရှင်နာရီထဲမှာတော့ ဒီစကားလုံးတွဲ မပါဘူးကွ"

"သူတို့စာရေးဆရာမဆိုတော့ ထွင်နိုင်တာပေါ့ကွာ"

"ဒီပြင် စာရေးဆရာမတွေထက် ငါ့မိန်းမက ပိုဆိုးပါတယ်ကွာ၊ အဲဒီစကားတွေပါ ဝတ္ထုမှာ ထည့်မှာတဲ့ကွ၊ နောက်ကွာ ငါကိုယ်တိုင် ပါးစပ်က မပြောရဲသောက်အောင် ရှက်ဖို့ကောင်းတဲ့ဟာတွေ ပါသေးတယ်ကွ"

"ဟ... မင်းမိန်းမက ဒါလောက်ပဲ အရေးရက်စက်သလား"

"အရင် ဒီလောက်မဟုတ်ပါဘူးကွာ၊ အခု ဟိုမန္တလေးက ဟဗ္ဗာစာရေးဆရာမနဲ့ မိတ်ဆွေဖြစ်မှ ပိုဆိုးလာတာကွ"

"မန္တလေးက ဘယ်စာရေးဆရာမလဲ၊ အရင်တလောက ငါ့အိမ် သားအမိနှစ်ယောက်လာသွားကြတဲ့ ရွှေမန်း လုလုကြီးဆိုတာလား"

"အဲဒီနာမည်လဲ မဟုတ်ဘူးကွ၊ ငါ ကောင်းကောင်းမသိပါဘူးကွာ၊ ခက်ပြီ... ခက်ပြီ ဒီစာအုပ်သာ ထုတ်လိုက်ရင်တော့ မသေဘဲနဲ့ ဘဝပြောင်းရမဲ့ အဖြစ်ကို ရောက်တော့မှာပဲ၊ အေးဆွေ... အဲဒါ မင်းကြည့်ပြီး ငါ့ဘဝကို ကယ်တင်စမ်းပါဦးကွ"

တင်မောင်ရင်မှာ များစွာပင် သနားစရာကောင်းလောက်အောင် မျက်နှာကြီး ရှုံ့တွလျက် ခေါင်းကို တဖြင်းဖြင်းနေအောင် ကုတ်နေသဖြင့် ကျွန်တော့်မှာ ကရုဏာသက်မိကာ...

"အဲဒါ ငါက ဘယ်လိုကူညီရမှာတုန်း"

"အဲဒီစာအုပ် မထုတ်ဖြစ်အောင်ပေါ့ကွ"

"သူ့ရေးတော့နေပြီလား"

"ပြီးတော့မယ်ကွ"

ကျွန်တော်သည် ပေါ်အွန်း၏ မျက်နှာကိုကြည့်၍ အနည်းငယ်စဉ်းစားမိကာ

"အင်း... ဒီစာအုပ် မထုတ်ဖြစ်အောင်ဆိုတော့ မင့်မိန်းမ ငါပြောလို့လဲမဖြစ်ဘူး၊ အန်တီမြကို သွားပြောပြန်ရင်လဲ သူ့စီးပွားရေးမို့ ရမှာမဟုတ်ဘူး၊ အဲဒီတော့ ငါ ဘယ့်နှယ်လုပ်ရပါ့မလဲ တင်မောင်ရင်ရယ်"

ကျွန်တော်ကပါ သူ့ကို ကရုဏာသက်ပြီး ညည်းလိုက်ရာ တင်မောင်ရင်မှာ အကြီးအကျယ် ဒေါပွသွားလျက်...

"အေး... တယ်တော်တဲ့ အကောင်ကွာ၊ ငါကမတတ်နိုင်လို့ မင့်ကိုလာပြီး အကူအညီတောင်းတယ်၊ မင်းကပဲ ငါ့ပြန်ပြီး ဘယ့်နှယ်လုပ်မလဲ မေးနေတယ်၊ တောက်... သောက်သုံးကျမဲ့ကောင် မဟုတ်ပါဘူး" ဟု ကျွန်တော့်ဂုဏ်ကို စော်ကား၍ ပြောလေရာ ကျွန်တော့်မှာ စိတ်ထဲ၌ ခုခနဲ ဖြစ်သွားပြီး...

"အေး... မင်းကကော သောက်သုံးကျလို့လား၊ မင်းနဲ့ ငါနဲ့ ဟာ အသုံးမကျတာချင်း အတူတူပဲ၊ ကျောင်းတုန်းကတည်းက



www.burmeseclassic.com

www.burmeseclassic.com



ဆရာမ အရိုက်ခံခဲ့ရရင် အတူတူခံရတယ်၊ စာမေးပွဲရှုံးရင် တစ်နှစ်ထဲ၊ အိမ်ကိုတိုင်စာပို့ရင် နှစ်စောင်တွဲ၊ အဲဒီတော့ ဒီကိစ္စမှာ ငါ ခေါင်းပူမခံချင်တော့ဘူး၊ ပေါ်အူးကို လွှဲလိုက်မယ်၊ ဟော့... ပေါ်အူး မင့်ခေါင်းဟာ အခုတလော တော်တော် ကြည်ကြည်လင်လင် ရှိရဲ့လား"

အနီး၌ရှိနေသော ပေါ်အူးဘက်သို့လှည့်၍ မေးလိုက်ပါသည်။

"ရှိပါတယ် ဆရာ"

"ကဲ..ဒါဖြင့်ဒီကိစ္စကို လက်ခံမလား"

"ခံပါ့မယ်ဆရာ"

"ဟော့... တင်မောင်ရင် ဘယ့်နှယ်သဘောရသလဲ"

"မင်းတို့သဘောပဲကွာ"

"ကဲ... ဒါဖြင့် ပေါ်အူး ဆောင်ရွက်ပေတော့၊ အဘိုးအခတော့ ဟော့... တင်မောင်ရင် ဒီကောင်က စုံထောက်ကြီး ဦးစံရှားလိုပဲကွ၊ မင်းတတ်နိုင်သလောက်၊ စေတနာရှိသလောက် ပေးပေတော့"

"အို... ဒါက အရေးမကြီးပါဘူးကွာ၊ မင့်အကောင်သာ အောင်မြင်အောင် ဆောင်ရွက်ပါစေ"

ဤတွင် ကျွန်တော်သည် ပေါ်အူးဘက်သို့ လှည့်လိုက်ကာ...

"ဟော့... ပေါ်အူး၊ ဒီကိစ္စလွယ်ပါ့မလား"

"အင်မတန် လွယ်ပါတယ် ဆရာ"

"မင်း ဘယ်လောက်ကြာကြာ စဉ်းစားရဦးမှာလဲ"

"အခုပဲ စဉ်းစားပြီးပါပြီ ဆရာ"



ကျွန်တော်နှင့် တင်မောင်ရင်မှာ မယုံကြည်နိုင်သလိုပင်ဖြစ်ကာ...

"ဟေ... တယ်မြန်လှချေကလား"

"မြန်ပါတယ် ဆရာ"

"ကဲ... ဘယ်လိုများတုန်းကွာ"

"ဟောဒီ ဦးတင်မောင်ရင် မိန်းမနဲ့ ဆရာ့ အန်တီမြကို ရန်တိုက်ပေးလိုက်ရုံပါပဲ ဆရာ"

ကျွန်တော်နှင့် တင်မောင်ရင်မှာ မျက်လုံးပြူးကာ...

"ဟေ... နာမည်ကျော် စာရေးဆရာမ 'ကျင်စာရီ' နဲ့ 'ဒဂုံမြမြကြီး'ကို ရန်တိုက်ပေးမယ်"

"ဟုတ်ပါတယ် ဆရာ"

ဤတွင် တင်မောင်ရင်မှာ အပြင်းအထန် မလိုလားဟန်နှင့်

"ဟ... ဟ... ဒီလိုတော့ မလုပ်ပါနဲ့ကွာ၊ ဟို ဒေါ်မြမြကြီးက ဝဝကြီး၊ ငါ့မိန်းမက သေးသေးသွယ်သွယ်၊ ငါ့မိန်းမ သေရောပေါ့ကွ"

ပေါ်အူးက တယ်ပြီး မထူးခြားဟန်ဖြင့်...

"ဒီလို ကိုယ်ထိလက်ရောက် စိတ်ဒေါသနဲ့ မဟုတ်ပါဘူးခင်ဗျာ"

"သူ့စကားကိုကြားရမှ ကျွန်တော် စိတ်ကူးပေါက်ကာ...

"သြော်... သြော်... စာရေးဆရာမချင်းဆိုတော့ ကလော[illegible]ချင်းဆိုပါတော့"

www.burmeseclassic.com

www.burmeseclassic.com



"ဒီလိုလဲ မဟုတ်ပါဘူး ဆရာ"

"ဟ ဒါဖြင့် ဘယ်လိုတုန်းကွ"

"သူတို့ မိန်းမချင်း ကွယ်ရာ အတင်းပြောအောင်ပါ ဆရာ"

"အင်း... အင်း... ဒီလိုဆိုတော့ အယဉ်ကျေးသားကပဲ၊ မင့် အစီအစဉ်ကို ဖော်ပြစမ်းပါဦးကွာ"

"ဒီလိုဆရာ၊ မနေ့ညကပဲ ဆရာ့ အန်တီက ကျွန်တော့်ကို ခေါ်တယ်"

"အေး... သူက ဘာပြောသလဲ"

"ဦးတင်မောင်ရင်တို့ အိမ်က ထမင်းချက် တိုနီကို ရအောင် ခေါ်ပေးပါ၊ လခလဲ ပိုပေးမယ်၊ ကျွန်တော့်ကိုလဲ ဘောက်ဆူးပေးမယ်တဲ့ ဆရာ"

"အေး ဒီလိုဆိုတော့"

"ဒီလိုဆိုတော့ ကျွန်တော်က ငွေပိုပေးပြီး တိုနီကို ခေါ်သွားတဲ့အကြောင်း၊ ဟောဒီ ဦးတင်မောင်ရင်ရဲ့ မိန်းမကို ပြောလိုက်တော့ ခေါ်မြမြကြီးကို စိတ်ဆိုးပြီး သူ့ဝတ္ထု ရေးပေးတော့မှာ မဟုတ်ဘူး ဆရာ"

"ဟ... ဒီလိုဆို အိုကေပေါ့ကွ၊ ဘယ့်နှယ်လဲဟေ့... တင်မောင်ရင်၊ သဘောကျရဲ့လား"

ကျွန်တော်က သူ့ဘက်သို့ လှည့်၍ မေးလိုက်ရာ ခွေးကောင်သည် အတော်ပင် မကြေမချမ်းဖြစ်ဟန်နှင့်...

"ဟ... ဒီလိုဆို ငါတို့အိမ်က ထမင်းချက်ကောင်း လက်လွှတ်ရ ရောပေါ့ကွ"



"အေး... ဒါတော့ မင့်သဘောလေကွာ၊ မင်းပဲ အရှက်ကွဲခံမလား၊ ထမင်းချက်ပဲ လက်လွှတ်ခံမလား၊ ကြိုက်တာရွေးပေတော့"

တင်မောင်ရင်သည် သက်ပြင်းကြီးချကာ....

"ဒီပြင်နည်းလမ်းများ မရှိဘူးလားကွာ၊ စဉ်းစားစမ်းပါဦး"

"ကဲ ပေါ်အူး ဒီပြင်နည်းလမ်းတစ်ခု ကြံစမ်းပါဦးတဲ့ကွာ"

"အခုအချိန်အထိတော့ ဒီအရေးပေါ် နည်းလမ်းကလေးပဲ ရတယ် ဆရာ၊ နောက်တော့ မပြောတတ်ဘူး"

ကျွန်တော်သည် တင်မောင်ရင်ဘက် လှည့်ကာ

"ကဲ... ခွေးကောင်၊ အခု အကြံပဲ လက်ခံမလား၊ နောက်တစ်ခုရအောင်ပဲ စောင့်ဦးမလား ပြောပေတော့"

"စောင့်နေလို့ မဖြစ်တော့ဘူးကွာ၊ အခုပဲ သူ့ဝတ္ထုက ပြီးတော့မှာ"

"ကဲ... ဒါဖြင့် ဒီဟာပဲ လက်ခံလိုက်ပေတော့ကွာ၊ ထမင်းချက်တွေ မရှားပါဘူးကွာ၊ ဘယ့်နှယ်လဲ ဒီနည်းပဲ လုပ်ရမလား"

တင်မောင်ရင်သည် ခေါင်းညိတ်ပါသည်။

"ကဲ... ပေါ်အူး လုပ်ပေတော့"

"အခုညပဲ စီမံလိုက်ပါ့မယ် ဆရာ"

"ကဲ... ဒါဖြင့် တင်မောင်ရင် စိတ်ချလက်ချပဲ ပြန်ပေတော့၊ နက်ဖြန်ခါမှ မင့် ရီဇာတ်ကို သိရအောင် လာခဲ့ပေတော့၊ ငါလဲ ဘိလိယက်ထိုးသွားဦးမယ်ကွာ၊ ပေါ်အူးလာ အဝတ်အစားပြင်ပေးစမ်း"

www.burmeseclassic.com

www.burmeseclassic.com



"ဟုတ်ကဲ့ ဆရာ"

ပေါ်အူး အိပ်ခန်းထဲဝင်သွား၍ တင်မောင်ရင်အိမ်ရှေ့မှ ထွက်သွားပါသည်။

ကျွန်တော်အိပ်ရာထ နောက်ကျသည်မှာ ဝမ်းတွင်းပါ သန္ဓေလို ဖြစ်နေပါသည်။ သို့ရာတွင် ထိုနေ့နံနက် စောစောစီးစီး ၇ နာရီခန့်ကြီးတွင် နောက်ဖေးခန်းမှ တင်မောင်ရင်၏ ကြွက်စီ ကြွက်စီ အသံကြောင့် လန့်၍ပင် နိုးရပါသည်။ အမှန်မှာ တင်မောင်ရင်သည် မကြေမချမ်း ဖြစ်နေ၍ ကျွန်တော့် အိပ်ခန်းထဲသို့ ဝင်ချင်သည်ကို တပည့်လီမှာ ပေါ်အူးက သူ့ဆရာ အအိပ်ပျက်မည်စိုးသဖြင့် ကျွန်တော် အိပ်နေခြင်းကို မနှောင့်ယှက်ရန် တားဆီးထားသောကြောင့် ဖြစ်ပါသည်။ သို့သော် ကျွန်တော့်မှာ သူငယ်ချင်းဖြစ်သူ၏ ဒုက္ခရောက်နေခြင်းကို သိရှိပြီးဖြစ်၍ ဓိမ်ကလေးနှင့်မှ ပြန်မမေးနိုင်တော့ဝဲ ချောင်းဟန့်လိုက်ကာ အိပ်ရာမှ နိုးကြောင်း အသံပြုလိုက်ပါသည်။

ထိုအခါမှ တင်မောင်ရင် ရောက်လာကာ "ယော့ ထစမ်းပါတော့ကွ၊ သောက်အိပ်ကြီးတဲ့ ခွေးကောင်"

"စောစောစီးစီး ဘာများဖြစ်လာသလဲ မျောက်အို၊ ထိုင်စမ်းလကွာ"

ကျွန်တော်သည် အိပ်ရာမှထ၍ သူ့အား ခုတင်ခြေရင်းဘတ်တွင် ထိုင်စေပါသည်။

"မင့်တပည့်ဟာ သောက်သုံးမကျပါဘူးကွာ"

"ဘာတုန်းကွ၊ သူ့ဆရာ အိပ်တာကို အနှောင့်အယှက် မဖြစ်ရအောင် တားဖို့ သူ့ဝတ္တရားပဲကွ"



"အို့ ဒါကို ငါပြောတာမဟုတ်ပါဘူးကွာ၊ ဟိုကိစ္စကို ပြောတာပါ"

"ဘာကိစ္စတုန်း"

"ငါ..ဟိုမနေ့က ကိစ္စကွာ"

"ပေါ်အူး ဘာပြောလိုက်လို့လဲ"

"မစွံဘူးတဲ့ကွ"

"ဘယ်လိုမစွံတာတဲ့တုန်း"

"တိုနီက ငါ့အိမ်က မသွားချင်ဘူး ပြောသတဲ့ကွ"

"အို့ ဟို ငါ့ အန်တီမြက လခ ပိုပေးမယ်ဆိုတာကို ပြောပြတယ် မဟုတ်လား"

"ပိုပေးတာလောက် မပြောနဲ့ အခုခေတ် ဝှန်ကြီးတစ်ယောက်ရဲ့ စုစုပေါင်း ဝင်ငွေအားလုံးလောက်ရတောင် ငါ့အိမ်က မခွာဘူးလို့ ပြောသတဲ့ကွ"

"ဟော..ဒီကုလားက ဘယ်လိုများ ဖောက်ပြန်နေတာလဲ"

"နော်တီနဲ့ တဲ့ကွ"

"နော်တီဆိုတာ ဘာလဲကွ"

"ကရင်မနာမယ်"

"ဘာ... ကရင်မလဲကွ"

တင်မောင်ရင်သည် ကျွန်တော့်မေးခွန်းကို စိတ်မရှည်သလို ဖြစ်ကာ

www.burmeseclassic.com

www.burmeseclassic.com



"ဟော့... တောင်ပေါ်ကရင်လား၊ တောင်အောက်ကရင်လား တော့ မသိဘူးဟေ့၊ မင့်ဥစ္စာ မေးလိုက်တာက ကရင်မဆိုနေမှုပဲ၊ ဘာကရင်မဖြစ်ရဦးမလဲကွ"

ကျွန်တော်သည် သူ၏မသက်မသာ ရှုံ့တွနေသော မျက်နှာကို ကြည့်ကာ...

"မင့်နှယ် စိတ်တိုရန်ကောကွာ၊ ငါက ကရင်အမျိုးအမည်ကို မေးနေတာ မဟုတ်ဘူးကွ၊ ဒီကရင်မဟာ မင့်အိမ်မှာ ဘာလုပ်ဖို့ရှိနေတာလဲ၊ မေးနေတာကွ"

"ကရင်မပဲ အာယား လုပ်ဖို့ပေါ့ကွ"

"အာယားလုပ်ဖို့"

"အေး"

ကျွန်တော့်မှာ ယုံမှားသံသယဖြစ်ကာ...

"နေစမ်းပါဦး၊ အာယားဆိုတာ ကလေးထိန်းမဟုတ်လားကွ"

တင်မောင်ရင်သည် စိတ်တိုလာပြန်ကာ

"အေးလေကွာ၊ မင်းက ဘာကြောင်နေတာလဲကွ"

"ငါက ကြောင်တာမဟုတ်ဘူးကွ၊ မင့်မိန်းမမှာ ကိုယ်ဝန်တောင် ရင့်ရင့်မာမာ မရှိသေးပဲနဲ့"

"အေး... ဒါတော့ ဟုတ်ပါတယ်ကွာ"

"နို့ ဘာပြုလို့ ကလေးမမွေးခင် အာယားရှိနေတာလဲ"

"ဒါက ဒီလိုကွာ ငါ့မိန်းမ ဉာဏ်ကြီးရှင်မက 'ကရင်သောင်းကြမ်းသူများကို အပြတ်အသက် နှိမ်နင်းရန် ဆုံးဖြတ်ချက်ချလိုက်ကြောင်း' ဆိုတဲ့ ထူးထူးဆန်းဆန်း အစိုးရ ကြေညာချက်ကြီး တစ်ရပ် ထုတ်လိုက်တော့ ဒီလိုဆိုရင် နောင်မှာ ကရင်အာယားမရဖို့ ခဲယဉ်းမယ်ဆိုပြီး ကြိုကြိုတင်တင် ရှာထားတာတဲ့ကွာ မင်းလဲ သိသားပဲ ဟောဒီအင်းယားလမ်းလို နေရာမျိုးမှာနေပြီး ကလေးမွေးရင် လက်တွန်းလှည်း လှလှ ဝယ်ရမယ်၊ ကရင်အာယားမ သန့်သန့်ပြန့်ပြန့် ထားရမယ် ဒါမှ လူတန်းစေ့တယ် မဟုတ်လားကွ"



ဤတွင်မှ ကျွန်တော်သဘောပေါက်ကာ...

"အေး... ဒီလိုဆိုတော့ ဟုတ်သားပဲကွ၊ မင့်မိန်းမက စာရေး ဆရာမမို့လို့ တယ်ပြီး အမြော်အမြင်ရှိတာပဲ၊ အင်းဒါနဲ့ မင်းတို့ ထမင်းချက် တိုနီက ဒီကရင်မကလေးနဲ့ ကြိုက်နေကြတယ် ဆိုပါတော့"

"အေးကွ... ဒါနဲ့ တခြားက လခဘယ်လောက်ပေးပေး ဒီကရင်မလေးအနားက တစ်ဖဝါးမှ မခွာနိုင်ဘူးလို့ ပြောသတဲ့ကွ"

"အင်း... ဒါတွေ မင့်ကို ပေါ်အူးက ပြောပြတာတွေလား"

"အေးကွ"

"ဒါဖြင့် ပေါ်အူးကိုခေါ်ပြီး တစ်မျိုးတစ်ဖုံ ကြံခိုင်းဦးပေါ့ကွာ"

ဟုဆိုပြီး ကျွန်တော်သည် ပေါ်အူးအဆင်သင့်လာပို့ထားသော သွားပွတ်တံကို ဆွဲ၍ ရေချိုးခန်းသို့သွားရန် ဟန်ပြင်သည်တွင် တင်မောင်ရင်သည် အလျင်အမြန် ထ၍ ကျွန်တော့်ပခုံးကို ကိုင်ကာ

"မင့်အကောင် မဖွံ့ပါဘူးကွာ၊ မကြံခိုင်းပါနဲ့တော့၊ ငါ့မှာ အကြံတစ်ခုရပြီ၊ အဲဒါ မင့်ကို ငါပြောပြမလို့လာတာ"

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော်သည် အေးဆေးစွာပင်–

“ဒါဖြင့် နောက်ပြီး ကော်ဖီသောက်ရင်းမှ ပြောကွာ၊ ငါရေချိုး လိုက်ဦးမယ်”ဟု ဆိုပြီး ရေချိုးဘို့ လာခဲ့ပါတော့သည်။

ကျွန်တော် ရေမိုးချိုးပြီး၍ အဝတ်အစားလဲလှယ်ပြီးကာ ထမင်းစားခန်း၌ ကော်ဖီသောက်ရင်းမှ တင်မောင်ရင်က စကားဆက် ပြန်ပါတော့သည်။

ကျွန်တော် ပေါင်မုန့်နှင့် ကြက်သားဆွတ်ကို စားနေစဉ်မှာပင် တင်မောင်ရင်သည် အစားအသောက်ကို စိတ်ဝင်စားဟန်မရှိဘဲ ကျွန် တော်၏ ပေါင်ကို ပုတ်ခါ ထူးခြားသောအမူအရာနှင့်…

“ဟေ့… အေးဆွေ၊ မင်းနဲ့ ငါနဲ့ဟာ ကျောင်းနေဖက် သူငယ်ချင်းကွနော်”

ကျွန်တော်က မထူးခြားသော အမူအရာနှင့်ပင်–

“အေးလေကွာ”

“နို့ပြီး မင်းဟာ သူငယ်ချင်းတစ်ယောက် ဂျောက်ကျတာကို ဘယ်တော့မှ လက်ပိုက်ပြီး ကြည့်နေတဲ့ကောင်မျိုး မဟုတ်ဘူးကွ ဒါကို လူတိုင်းသိတယ် မဟုတ်လား”

“ကဲ… ထားပါတော့ကွာ ဆိုစမ်းပါဦး မင်းကိစ္စက”

“နို့ပြီး မင်းနဲ့ ငါနဲ့ဟာ ကမ္ဘာပေါ်မှာ အချစ်ဆုံး သူငယ် ချင်းကွ”

“အေး… ဟုတ်ပါပြီကွာ”



“ဒီတော့ မင်းဟာ ငါ့ကိစ္စကို ကောင်းကောင်းကြီး ကူညီလိမ့် မယ်ဆိုတာ ယုံကြည်တယ်ကွ၊ ဟင်… ဟုတ်တယ်မဟုတ်လား သူ ငယ်ချင်း”ဟု ဆိုကာ ကျွန်တော့်ပခုံးကို ပုတ်လိုက်ပါသည်။

“ကဲ… ဘယ်လို ကူညီရမှာလဲ ဆိုစမ်းပါဦးကွ”

“ဟာ… ဒီကိစ္စဟာ မင့်အဖို့ အလွယ်ကလေးရယ်ကွ၊ မင်း လုပ်ဖူးတဲ့ နည်းကလေးပဲကွ”

“ဘယ်လို ငါလုပ်ဖူးခဲ့တာတုန်း”

“ဟိုကွာ… တို့ ငယ်ငယ်တုန်းက ကျောင်းက တိုင်စာလာ တုန်းက အဲဒီစာကို ငါ့ဖေဖေ မတွေ့ခင် မင်းက စားပွဲပေါ်ကယူ ပြီး တို့နှစ်ယောက် ဆုတ်ပစ်ကြတာလေ”

“ဟော… ဒါ ငယ်ငယ်တုန်းက လုပ်ခဲ့တာပဲကွာ”

“အေး… အေး… ငါလဲ အဲဒါကို တွေးမိတာနဲ့ အခုအကြံကို ရတာကွ”

“ဘယ်လိုများလဲ… မင့်အကြံက”

“ဒီလိုကွာ… ငါ အခု နေ့ခင်း ငါ့မိန်းမနဲ့ အတူ ရုပ်ရှင် ကြည့် သွားကြမယ်ကွ၊ အဲဒီတော့ ငါက ငါ့မိန်းမ စာရေးခန်းက ပြတင်းပေါက် တစ်ခုကို အသာကလေး ဖွင့်ပစ်ခဲ့မယ်၊ မင်းက အဲဒီအပေါက်ကနေ ကျော်တက်ပြီးတော့ သူ့ဝတ္ထုကော်ပီတွေကို ယူလိုက်ပေါ့ ကွာ၊ မင့်အဖို့ အလွယ်ကလေးပါ၊ တိုနီတို့ နော်တီတို့ဟာ သူ့အစေ ခံ တန်းလျားမှာ သူတို့ဟာ သူတို့ ချစ်ဖျူဟာ ကျင်းနေကြမှာပဲ၊ ဘာမှသိမှာ မဟုတ်ဘူး”

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ သူ့အကြံကို စက်ဆုတ်ကာ။

"ဟာ... ဟာ... နေပါဦးကွာ၊ မင့်ဟာက"

"အို... မင်းမေးမှာ ငါသိပါတယ်ကွာ၊ သူ့ဝတ္ထုကော်ပီတွေ ဘယ်နေရာမှာ နေသလဲဆိုတာ မဟုတ်လား၊ အဲဒါ ငါက သေသေချာချာ ကြည့်ပြီးသားကွ၊ လက်ဝဲဘက်အံဆွဲထဲမှာရှိတယ် အဲဒီအံဆွဲဟာ သော့လဲမခတ်ဘူးကွ၊ မင်း အေးအေးဆေးဆေး ယူရုံပဲကွ"

"အို... အို... နားထောင်စမ်းပါဦး တင်မောင်ရင်၊ ဒီအလုပ်မျိုးကို ငါမလုပ်နိုင်ဘူး"

တင်မောင်ရင်သည် သူ့နားပင် သူမယုံကြည်သည့် အမူအရာမျိုးဖြစ်ကာ

"အို... အို... မင်းကမလုပ်နိုင်ဘူးပြောတယ်"

"အေး"

"မင်းက ငါ့လိုသူငယ်ချင်းတစ်ယောက် ကိစ္စကို ကူညီဖို့ငြင်းတယ်"

"အေး"

သူသည် ကျွန်တော့်ပေါင်ကို ပုတ်လိုက်ကာ...

"ဟေ့... အေးဆွေ၊ မင်းနဲ့ ငါနဲ့ ကျောင်းနေဘက် အချစ်ဆုံးသူငယ်ချင်းမဟုတ်လား"

"အေး... ဟုတ်ပါတယ်၊ ဒါပေမဲ့..."

"နို့ပြီး ဘိုးဘိုးအောင်တို့ သူငယ်ချင်းသုံးယောက်လိုပဲ မင်းနဲ့ငါဟာ တစ်ယောက်ကို တစ်ယောက် ကူညီဖို့ ဂတိထားခဲ့ကြတယ် မဟုတ်လား"



"အေး... ဟုတ်ပါတယ်၊ ဒါပေမဲ့..."

"ဟေ့အေးဆွေ၊ မင်း သူငယ်ချင်းကောင်းဂုဏ်ကို ဖျက်တော့မှာလား"

"ဟေ့အေး၊ ဒါပေမဲ့ ငါ ဒါကို မလုပ်နိုင်ဘူးကွ"

"ဟင်... မင်း ဒါဖြင့် ဘိုးဘိုးအောင်ကို သစ္စာဖောက်တဲ့ ဟိုရှင်ဘုရင်လို အစားထဲကပေါ့"

"မင်းဆိုချင်သလို ဆိုတော့ကွာ"

"မင်း တစ်သက်လုံး သောက်သုံးကျမဲ့အကောင် မဟုတ်ပါဘူးကွာ"

"မင်းကကော ဘာအသုံးကျလို့လဲ၊ လင်ကို ဆရာလုပ်မဲ့ စာရေးဆရာမ ပညာရှိကြီး ရှာယူပြီးတော့"

"ဟေ့.ဒါ ငါ့သဘောချည်း မဟုတ်ပါဘူးကွာ၊ မိဘက ပေးစားလို့ပါ"

"လူတင်ပါလို့ နွားကျားကိုက်တာပါကွာ"

"အေး... ဒါဖြင့် မင်းသာ ငါ့လိုမဖြစ်စေနဲ့"

"ငါက ဒီလို စာရေးဆရာမမျိုးတော့ တစ်သက်လုံး မယူဘူး ငှက်ပျောတုံး ဖက်သေရပါစေ"

"အေး... မင်းနေရလိမ့်မယ်၊ ငါ့မိန်းမက သူ့သူငယ်ချင်း စာရေးဆရာမ တစ်ယောက်နဲ့ ပေးစားမလို့တဲ့ ဆရာ"

"မင်း မိန်းမ ပေးစားတိုင်း ဖြစ်ရောလားကွ"

"မဖြစ်ချင် မနေရဘူး ဆရာ၊ အခုပဲ သူတို့တစ်ယောက် မင်းပေးထားတဲ့ စာတွေနဲ့ တိုင်ပင်နေပြီပဲ"

www.burmeseclassic.com

www.burmeseclassic.com



ဤတွင်မှ ကျွန်တော်သည် ဟိုနေ့က မကျင်ရီပြောလိုက်သော် စကားကို သတိရကာ ရင်ထဲ၌ ဒိတ်ခနဲ ဖြစ်သွားပြီး...

"ငါ ဘယ်သူ့ပေးထားတဲ့ စာတွေလဲ"

"သူ့ သူငယ်ချင်း စာရေးဆရာမကိုလေ"

"ဘယ်စာရေးဆရာမကိုလဲ၊ ငါ ဘယ်စာရေး ဆရာမကိုမှ စာမပေးဖူးဘူးကွ"

"အဲဒါ မင်း စာရေးဆရာမမှန်း မသိလို့သာပေါ့ကွာ"

"ဘယ်သူများလဲကွ၊ သိရင်ပြောစမ်းပါဦး"

"ဟို လူကြီးတူမ ကြည်ကြည်ထွေးလေ"

"ဟေ... ကြည်ကြည်ထွေးက စာရေးဆရာမလား"

"အေး 'တိမ်ညွန့်ကြည်' ဆိုတဲ့ နာမည်ရခါစ စာရေး ဆရာမဟာ သူပေါ့ကွ"

ကျွန်တော်သည် နဖူးကို လက်ဝါးနှင့်ရိုက်မိကာ 'ဟိုက်... ဒါဖြင့် သောက်ဂွပဲ၊ သူလဲ မင်းမိန်းမလိုပဲ လင်ကို သဘောရှိစိရင် မှာလားကွ"

"အို... ငါ့မိန်းမထက် ဆိုးတော့မပေါ့ကွ၊ ဟို... ငါ့မိန်းမက အခု ငါ့ကိုခေါ်နေတဲ့ ဟတ်စဘင်ဘောဘီ ဆိုတဲ့စကားလုံးဟာ သူက သင်ပေးတာပေါ့"

"ဟိုက်... ဒါဖြင့် အာဂကောင်မကလေးပဲ"

"အမယ်... မင်းက သူ့ကို ကောင်မကလေး မဆိုနဲ့ ဆရာ၊ မင့်အသက် အခု ဘယ်လောက်ရှိပြီလဲ"



"၂၈ နှစ်"

"အေး... ဒါဖြင့် မင်း သူနဲ့သာညားရင် မင့်အသက် အစိတ် ဟာ အပျောက်ရှင်းသွားပြီသာ မှတ်ပေတော့"

"ဟေ... ဘာအဓိပ္ပာယ်လဲကွာ"

"ဘာအဓိပ္ပာယ်ရမလဲ၊ အဲဒီစာရေးဆရာမ တိမ်ညွန့်ကြည် ဝါဒက သူ လင်ယူရင် လင်ကို သုံးခါလည်သားလောက် သဘော ထားမတဲ့ ဆရာ"

"ဟာ ဒါလောက်ပဲလားကွာ"

"ဒါလောက် ဘယ်ကမလဲ၊ သူကသုံးခါလည်သားလောက် သဘော ထားမယ်ဆိုတာ ငါ့မိန်းမက မငယ်လွန်းဘူးလားမေးတော့၊ အမယ် သူက ဘယ်ငယ်မလဲ၊ ဘတ်နိုင်ရင် ခါးတစ်ခွင် ထားချင်သေး သတဲ့"

"အလို... ဘုရား... ဘုရား"

"မင်းအခုခါမှ ဘုရားတမနေနဲ့ သူတို့အကုန်စီစဉ်ပြီးပြီ"

"သူတို့က ဘယ်လိုစီစဉ်တာလဲ"

"မင်းပေးထားတဲ့ စာတွေကို အခု ငါ့မိန်းမရေးနေတဲ့ 'ချစ်ပဒေသာပင်' ဝတ္ထုရဲ့ 'ဂေါ်လက်ခံ၊ ဂေါ်တန်ပြန်' ဆိုတဲ့ အခန်း မှာ မင့်နာမည်နဲ့ တိုက်ရိုက်ထည့်ပြီး 'ဤစာသည် ဂုဏ်သရေရှိ သူဌေးသားကလေး မောင်အေးဆွေက စာရေးဆရာမ တိမ်ညွန့်ကြည် ထံ ချစ်သနားခံသော စာများဖြစ်၍ ယခု တိမ်ညွန့်ကြည်က မည်သို့ ဂေါ်လက်ခံ၍ ဘယ်နည်းနှင့် ဂေါ်တန်ပြန်လိုက်ခြင်းကြောင့် ယခု မောင်အေးဆွေမှာ မရမနေနိုင် မယူမဖြစ်တော့၍ မကြာမီလက်ထပ် ကြတော့မဲ့အကြောင်းတို့ ဘာတို့ ရေးမှာတဲ့ ဆရာ"

www.burmeseclassic.com

www.burmeseclassic.com



“အေး... ဒါတွေ မင့်ရှေ့မှာ သူတို့ပြောနေတာလား”

“ဘယ်ဟုတ်မလဲ၊ ငါက ငါ့ကို သူတို့ ဘယ်လို စီမံနေ ပြန်ပလဲဆိုတာ ချောင်းနားထောင်ရင်း ကြားတာကွ၊ အခု မင်းပါ ပါနေပြီ”

“ငါ သူ့ဆီရေးတဲ့စာတွေသာ လှသိန်းကြား သူ့စာအုပ်ထဲ ပါလိုက်ရင်တော့ သိပ်ရှက်စရာ ကောင်းမှာပဲ”

“အေး... မင်းရှက်ချင် ရှက် မရှက်ချင်နေလေ၊ ပါမှာကတော့ သေချာနေပြီ”

“နို့ပြီး အဲဒါ ရှက်ရတာထက် ဒီစာရေးဆရာမကို ယူရရင် ဒုက္ခပဲ”

“အေး... အဲဒီလို ပါပြီးရင် မင်း မယူချင်လို့ နေရတော့မှာ မဟုတ်ဘူး”

“အို... ဒါတော့ ဘာဆိုင်လို့လဲကွာ၊ ငါ ယူချင်မှ ယူမှာပေါ့ကွာ၊ သူတို့ ဘာတတ်နိုင်မှာလဲ”

“အောင်မာ... တတ်နိုင်ရုံ ဘာကမလဲ၊ မင့်အချစ်ကို သူလက်ခံလိုက်ကြောင်း လှသိန်းကြား အကျော်ဒေးယျဖြစ်ပြီးမှ မင်းက ငြင်းလိုက်မယ်ဆိုရင် သူ့ အရှက်ကိုခွဲရပါမို့လားဆိုပြီး မင်းကို သူတို့က ဒုက္ခရှာမှာပေါ့ကွ”

“ငါ့ကို ဘယ်လို ဒုက္ခရှာမှာလဲ”

“ဒါကိုတော့ အထူးမေးမနေနဲ့၊ ငါလဲ မပြောတတ်ဘူး”

“မင်း လူကြီးတစ်ယောက်ရဲ့ တူမကို ချစ်ပါတယ်၊ ကြိုက်ပါတယ်ဆိုပြီး လိမ်လည်မှုနဲ့...........................”



“အမယ်လေး... ဟော့ကောင်၊ တော်ပါတော့ကွာ၊ တော်ပါတော့၊ မင်းပြောတာနဲ့ ငါ အသဲထိတ်လှပါပြီ”

“ငါက ဖြစ်နိုင်တာတွေ ပြောနေတာကွ မင်းကို ချောက်နေတာ မဟုတ်ဘူး”

“အေး ဟုတ်ပါပြီကွာ၊ ဒါဖြင့် ငါ ဒီကိစ္စက လွတ်အောင် ဘယ့်နှယ်လုပ်ရပါ့မလဲ”

“ဘာ ခဲယဉ်းသလဲ၊ မင့်စာတွေ မင်းပြန်ရအောင်လုပ်ရုံပေါ့ကွ”

“ဒီစာတွေက အခု ဘယ်မှာလဲ”

“ငါ့မိန်းမစားပွဲထဲမှာ ရှိပါလေရဲ့ကွာ၊ သူ့ဝတ္ထု ကော်ပီတွေနဲ့ အတူတူထားတာ၊ ကူးရေးမလို့တဲ့၊ ပြီးပဲ ပြီးနေလားတော့ မသိဘူး”

“ဒါဖြင့်... ဒါတွေ သွားခိုးရမဲ့ အပေါက်ရောက်နေပါရောလားကွ”

“အေး... ဒါပဲရှိတော့တာပေါ့၊ ငါတို့ လင်မယား နေ့ခင်းကျ ရုပ်ရှင်သွားကြည့်မယ်၊ ငါက သူ့စာရေးခန်းက ပြတင်းပေါက်ကို ဖွင့်ခဲ့မယ်၊ မင်းပြတင်းပေါက်က ကျော်တက်ပြီး ယူပေတော့၊ ငါ့အတွက် ငါ့မိန်းမရဲ့ ဝတ္ထု စာရွက်တွေလဲ ယူခဲ့ပေတော့”

ကျွန်တော်သည် စိတ်လေးလံစွာဖြင့် ခေါင်းကုတ်မိပါတော့သည်။

* * *

www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်မှာ တင်မောင်ရင်နှင့် ကျင်စာရီတို့၏ နမူနာကို တွေ့နေရ၍ စာရေးဆရာမကို ယူရမှာလည်း အလွန်ကြောက်၊ ကိစ္စ လွန်ခါမှ ငြင်းဆိုလိုက်ပြန်လျှင်လည်း တင်မောင်ရင်ပြောသွားသော ဘေးအမျိုးမျိုးကို တွေးပြီး ကြက်သီးမွေးညှင်းထလှသည်နှင့် ကျွန်တော့်မှာ မနေသာတော့ပဲ နေ့လယ် သူတို့လင်မယား ရုပ်ရှင်သွားချိန်တွင် ၎င်းတို့၏အိမ်ဆီသို့ ရောက်ခဲ့ရပါတော့သည်။

ဤသို့ နေ့လယ် နေပူချိန်၌ အင်းယားလမ်းမကြီးမှာ အလွန်ပင် ခြောက်သွေ့ ဆိတ်ငြိမ်လှ၍ တစ်ခါတစ်ရံ မော်တော်ကား တစင်းတလေ ခရီးပြင်း မောင်းနှင်သွားသည်မှတစ်ပါး အခြား အနှောင့်အယှက် မရှိသည်နှင့် ကျွန်တော့်စိတ်သည် ရဲတင်းလာကာ သူတို့အိမ်ရှေ့၌ မယောင်မလည်နှင့် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်ရင်း အိမ်၏ အခြေအနေကို ကြည့်ပြီးနောက် မည်သူ တစ်စုံတစ်ယောက်ကိုမျှ မမြင်ရသဖြင့် ပြတင်းပေါက်တံခါးကို တွန်း၍ ဝင်သွားလိုက်ပါတော့သည်။

သူတို့အိမ်ရှေ့တံခါးမှာ ပိတ်နေ၍ အတွင်းအပြင်မှာလည်း ဆိတ်ငြိမ်လှသဖြင့် ကျွန်တော်သည် ညင်သာသော ခြေလှမ်းများဖြင့် ကျင်စာရီ၏ စာရေးခန်းဆီသို့ ရောက်ခဲ့ပါတော့သည်။ အဆင်သင့် ပင်လျှင် တင်မောင်ရင် ဖွင့်ခဲ့သော ပြတင်းပေါက်မှာ မဟာတဟာကလေး ရှိနေ၍ ကျွန်တော်သည် နဘေးပတ်လည်ကို ကြည့်ပြီးနောက် ပြတင်းတံခါးကို ဆွဲဖွင့်လိုက်ကာ ရင်ခေါင်းလောက်မြင့်သော အပေါက်တွင် လက်ထောက်၍ ဖွေ့ခနဲ ခုန်ဝင်လိုက်ပါသည်။ အလိုက်သင့်



ကလေးပင် ကျွန်တော်သည် အခန်းထဲ ရောက်သွား၍ မိမိကိုယ် မိမိ သဘောကျလိုက်မိပါတော့သည်။ အခန်းတစ်ခုလုံးမှာ စားပွဲတင် နာရီကလေး၏ စက်သံမှတစ်ပါး အခြားအသံများ မရှိဘဲ ပိုင်ရှင် မရှိသော အခန်းတစ်ခုလုံးမှာ ပြားပြားဝပ်၍ အိပ်မောကျနေသည်နှင့် တူလှပါသည်။

ကျွန်တော့် စိတ်ထဲ၌ ရဲရင့်ခြင်း၊ မိမိကိုယ် မိမိ သဘောကျခြင်း၊ ကိုယ့်အလုပ် ကိုယ်နှစ်သက်မိခြင်းတို့ကို ဖြစ်ကာ၊ ရန်ကုန်မြို့တော်ကြီး၌ သူခိုး မိုးနက်တို့၏ လုပ်ငန်းစဉ်ကို အားကျမိရုံသာမက နောက်နောင်တွင် ကျွန်တော်သည် ဤကဲ့သို့ ခိုးခြင်းအလုပ်ကို ဝါသနာပါသွားမည်ပင် စိုးရိမ်ရမလောက် ဖြစ်နေပါတော့သည်။ အတော်ကြာကြီးမျှ ကိုယ့်ကိုယ် ကို ကျေနပ်မှုအရသာကို ခံစားနေပြီးမှ မိမိလုပ်ငန်းစဉ်ကို သတိရ၍ တင်မောင်ရင်ပြောထားသော စားပွဲ၏ လက်ဝဲဘက်အံဆီသို့ ရောက် အသွားတွင် 'ဝမ်' ခနဲ ကြောင်အော်သံနှင့်အတူ ကျွန်တော့်ခြေကျင်း ဝတ်နှင့် ခြေခုံမှာ မီး ပွားတွေ ဖွာခနဲကျသလို ဖြစ်လိုက်သောကြောင့် ကျွန်တော့်မှာ ရှိသမျှ သတ္တိတွေ ပျောက်ကာ ရုတ်တရက်လန့်ခုန် ပြီးဝင်ခဲ့သော ပြတင်းပေါက်သို့ ပြေး၍အောက်သို့ တစ်ခါတည်း ခုန်ချလိုက်မိပါ တော့သည်။

မြေကြီးပေါ် ခြေကျလျှင်ကျခြင်း ရဲကုလားတစ်ယောက်နှင့် ကရင်မကလေးတစ်ယောက်သည် ကျွန်တော့်ကို စောင့်မျှော်နေကြဘိသကဲ့သို့ နှစ်ယောက်သား ကျွန်တော့်ကို စူးစူးစိုက်စိုက်ကြည့်နေ

www.burmeseclassic.com

www.burmeseclassic.com



ကြသဖြင့် ကျွန်တော့်မှာ ထိတ်လန့်ခြင်း အံ့အားသင့်ခြင်းတို့ ဖြစ်ကာ...

"ဟော... မင်းတို့ဒီမှာ"ဟု ပြောမိပြောရာ ပြောလိုက်မိပါသည်။

သို့သော် သူတို့နှစ်ယောက်သည် ကျွန်တော့်စကားကို ဂရုမစိုက်ကြဘဲ ကရင်မကလေးသည် ပုလိပ်၏ မျက်နှာကိုကြည့်ကာ

"လူတစ်ယောက် ပြတင်းပေါက်ဝင်သွားတာ ရိပ်ခနဲမြင်လိုက်လို့ ရှင့်ကို လာခေါ်တာ အခု သူပေါ့"ဟု ပြောလိုက်၏။

ပုလိပ်တော်မင်းသည် ကျွန်တော့်ကိုကြည့်ကာ 'ဘာများပြောဦးမလို့လဲ' ဟူသော အမူအရာကို လုပ်လိုက်၏။ ကျွန်တော်သည် လည်ချောင်းခြောက်နှင့်ပင်...

"အား... အား... ကျုပ် လူကောင်းပါ"

"ဘာ... ခင်ဗျား လူကောင်း"

ရဲကုလားသည် ကျွန်တော့်အား ပြက်ရယ်ပြုသော အမူအရာနှင့်ကြည့်၍ ပြောလိုက်၏။ ကျွန်တော့်မှာ စိတ်ချောက်ချားစွာနှင့်ပင်...

"ဟုတ်... ဟုတ်ပါတယ်"

"အင်း... လူကောင်းက သူများအိမ်ကို ပြတင်းပေါက်ကနေ ဝင်ရသလား"

"ဟာ... ဒီအိမ်က ကျွန်တော့်မိတ်ဆွေ သူငယ်ချင်းရဲ့အိမ်ပဲ"

"ဘာ... ဒါ ခင်ဗျားမိတ်ဆွေရဲ့အိမ်"



"ဟုတ်ပါတယ်၊ အင်မတန်ရင်းနှီးတဲ့ မိတ်ဆွေသူငယ်ချင်းပါ၊ ဒီလိုပဲ သူ့အိမ်ဆိုရင် ကျွန်တော် ဝင်ချင်တာက ဝင် ထွက်ချင်တာက ထွက်နေတာပါပဲ"

"ဟင်... ကျွန်မ သူ့ကို ဒီအိမ်လာတာ တစ်ခါမှ မမြင်ဖူးဘူး"

ကျွန်တော့်မှာ ကြောင်တက်တက် ဖြစ်သွားပြီးမှ

"ဟ... နင် ဒီအိမ်ရောက်တာ သိပ်မကြာသေးဘူး မဟုတ်လား"

"ကြာတာ မကြာတာ ရှင့်အလုပ် မဟုတ်ပါဘူး၊ ကျွန်မ မမြင်ဘူးတာသာ ပြောတာပါ"

"နင်မမြင်ဖူးပေမဲ့လဲ ဒီအိမ်ဟာ ငါ့မိတ်ဆွေရဲ့ အိမ်ဆိုတာ အမှန်ပဲ"

"ကဲ... ဒါဖြင့် ရှင်ဟာ ရိုးရိုး အိမ်ရှေ့ကမဝင်ပဲ ဘာကြောင့် ပြတင်းပေါက်က ခိုးကြောင်ခိုးဝှက် ဝင်ရတာလဲ"

ပုလိပ်ကိုယ်စား သူကပင် ကျွန်တော့်ကို စစ်ဆေးနေပါတော့သည်။ ကျွန်တော်လည်း ပါးစပ်ထဲတွေ့ရာပင်...

"အို... ငါ အိမ်ရှေ့ကနေပြီး တံခါးခေါက်လား ဖွင့်နိုင်းလားနဲ့ လူတစ်ဖက်သားကို ဒုက္ခမပေးချင်လို့ဟ"

"အို... ဒါ ဒုက္ခလားရှင့် ကျွန်မအလုပ်က အိမ်မှာ စောင့်နေပြီး ညှော်ကောင်း စောင်ကောင်းလာရင် တံခါးဖွင့်ပေးရမယ်၊ ပြန်သွားရင် ပိတ်ရမယ်၊ ဒါဟာ ကျွန်မဝတ္တရားရှင့်"

www.burmeseclassic.com

www.burmeseclassic.com



အာဂလာတဲ့ ကောင်မကလေး၊ ကျွန်တော့်မှာ ဤအခြေ၌ စကားရည် ရှုံးပေါက် ရောက်နေ၍ နောက်တစ်ခုကို သတိရသဖြင့်

"အေး... ဟော့ နင် ငါ့ကို လူကိုယ်တိုင် မမြင်ဖူးသေးပေမဲ့ ငါ့ဓာတ်ပုံဟာ ဒီအိမ်ဧည့်ခန်းမှာ အမြဲတန်းရှိတယ်"

"ဟင့်အင်း... ရှင်နဲ့တူတဲ့ ဓာတ်ပုံကို တစ်ခါမှ မမြင်ဘူးသေးဘူး"

သို့သော် တရားမျှတဟန်ရှိသော ရဲကုလားက...

"အို... မမြင်ဘူးတာ ပြောနေလို့ အပိုပေါ့၊ ရှိ မရှိ အိမ်ပေါ်တက်ကြည့်ရင် သိမှာပေါ့၊ လာ သွားကြစို့ရဲ့"ဟု ဆိုသဖြင့် ပုလိပ်တော်မင်းက ရှေ့၊ ကျွန်တော်က အလယ်၊ ကောင်မကလေးက နောက်မှ ရှုရှုအောင့်အောင့်ဖြင့် သုံးယောက်သား အိမ်ပေါ်တက်ကြသည်။

ကျွန်တော့်မှာ အဘယ်ကဲ့သို့ ကြမ္မာတော် ဂြိုဟ်မင်း ဝင်လေသည် မသိ။ ကျွန်တော့်ဓာတ်ပုံ အမှန်ပင် ရှိပါလျက် ရှာမတွေ့ရခြင်း ဖြစ်နေပါတော့သည်။ ဟိုဝတ္ထုထဲတွင် ကြမ္မာဆောင်သားကောင် ဆိုတ်ဖြစ်ဟု ကြားဖူးပါသည်။ ယခုမူ ကျွန်တော့်ဓာတ်ပုံထားသော နေရာတွင် ဘုန်းကညာတစ်ပါး လုံးရာကပြားဆိုဘိ သကဲ့သို့ ကမ္ဘာကျော် ရုပ်ရှင်မင်းသမီး အီဘွန်ဒီကာလို၏ ပုံရောက်နေသည်ကို တွေ့ရပါသည်။ (နောက်မှ သိရသည်မှာ တင်မောင်ရင့်မိန်းမတွင် ကိုယ်ဝန်ရှိပြီဖြစ်၍ မွေးလျှင် ကျွန်တော်နှင့် နည်းနည်းပါးပါး တူသွားမှာစိုးသောကြောင့် လဲလှယ်ထားသည်ဟု ဆိုပါသည်။) ဟိုကြည့် ဒီကြည့်ကြည့်ကြပြီး နောက်ဆုံး၌ ကောင်မကလေးက...



"ကဲ... ဘယ့်နှယ်လဲရှင့်"ဟု ဆိုပြီး ခါးထောက်လိုက်ရာ ပုလိပ်တော်မင်းကလည်း ကျွန်တော့်ကို စေ့စေ့ကြည့်၍...

"ခင်ဗျား နာမည်ပြောပါ"

ဟု အမိန့်ထုတ်လိုက်၏။ သို့သော် ကျွန်တော့်မှာ ဤကိစ္စ၌ ကျွန်တော့်နာမည်ကို သူခိုးတစ်ယောက်အဖြစ်နှင့် ထုတ်ဖော်ရမှာ ရှက်လွန်းသဖြင့်...

"အို... ကျုပ်နာမည် ပြောစရာမလိုပါဘူး၊ ကျုပ် ခုမှ သတိရတယ်၊ ကျုပ်ကိုသိတဲ့လူ ဒီအိမ်မှာရှိပါတယ်"

"ဘယ်သူများတုန်းရှင်"

"တိုနီ... တိုနီ... ထမင်းချက် တိုနီရယ်၊ မနေ့ညက ဒီအိမ် ညစာစားတုန်းက သူပဲ ငါ့ကို ထမင်းဟင်းထည့်ပေးတာ သူ့ကို သွားခေါ်လိုက်ပါ"

"အို... သူမရှိဘူးရှင့် မြို့ထဲကိုသွားတယ်"

"သူသွားတာ ဘယ်လောက်ကြာသွားပြီလဲ၊ အခု ပြန်ရောက်ချင့် ရောက်နေရောပေါ့၊ သွားများကြည့်စမ်းပါဦး"

ကောင်မလေးသည် ငြင်းဆန်ဆန်လုပ်နေသေး၏။ သို့သော် သဘောကောင်းဟန်တူသော ကိုရွှေရဲက...

"ကဲ... ဟုတ်ပါတယ်လေ သွားများကြည့်စမ်းပါဦး၊ ဒီမှာတင် ပြီးသွားရင်လဲ ပြီးသွားအောင်ပေါ့၊ ကျုပ်လဲ ရှည်ရှည်ဝေးဝေး လုပ် မနေချင်ပါဘူး"ဟု ဆိုလိုက်သဖြင့် ကောင်မကလေးသည် မကြေသော တော့ဘဲ ကျွန်တော့်ကို မျက်စောင်းတစ်ချက်ထိုးပြီး နောက်ဖေးဆောင်သို့ ထွက်သွားပါတော့သည်။

www.burmeseclassic.com

www.burmeseclassic.com



ဤအချိန်ကလေး၌ ကျွန်တော်သည် သဘောပြည့်ဝပုံ ပေါ်သော အမူထမ်းကို မိတ်ဖွဲ့ရန် သတိရလာကာ အိတ်ထဲမှ စီးကရက်ဘူးကိုထုတ်ပြီး သူ့အား တစ်လိပ်တယ်၍ ကျွန်တော်က တစ်လိပ် ညှိသောက်လိုက်ပါသည်။

စုံထောက်နှင့် စာရေးဆရာများကဲ့သို့ ဦးနှောက်ကို တွင်တွင်ကြီး သုံးရသော ပုဂ္ဂိုလ်များသည် ဆေးလိပ်၊ ဆေးတံကို သောက်၍ စဉ်းစားကြခြင်းဖြင့် အကြံကောင်း ဉာဏ်ကောင်းများ ထွက်လာကြောင်း ကျွန်တော်တို့ ခင်ဗျားတို့ ကြားဖူးကြပါသည်။ ယခုမူ ဤစကားမှန်ကန်ကြောင်း ကိုယ်တွေ့ကြုံရပါတော့သည်။

အကြောင်းမူကား ကျွန်တော်သည် စီးကရက်ကိုညှိ၍ သုံးခါမျှဖွာလိုက်ရုံနှင့်ပင် စိတ်ကူးကောင်း စိတ်ကူးမှန် ရလာပါတော့သည်။ ထွက်လာပုံကား ယခု ကရင်မကလေးအား တိုနီကို ခေါ်ရန်သွားခိုင်းရာ၌ တိုနီနှင့် သူမှာ မနက်က ပေါ်အူး၏ ပြောစကားအရ သမီးရည်းစားဖြစ်နေကြ၍ ကောင်မကလေးက ကျွန်တော့်ကို သောက်မြင်ကပ်ကပ်နှင့် သူတို့နှစ်ယောက် တိုင်ပင်ပြီး ကျွန်တော့်ကို ချောက်ချနိုင်ပါသည်။

ငင်းနောက် ဤကိစ္စဖြစ်၍ ခွေးမသားလင်မယားပြန်လာလျှင် ကျွန်တော်ဘာမျှ မဖြစ်နိုင်သော်လည်း စာရေးဆရာမ မီလျှာရှည်ကျင်စာရိက ကျွန်တော့်ကို အစ်အောက်မေးစမ်းတော့မည်။ ထို့ကြောင့် ကျွန်တော်သည် ဤကိစ္စတွင် ရဲသားရော ကရင်မကလေးပါ မသိရစေဘဲ ပြေးမှတော်တော့မည်ဟု ဆုံးဖြတ်ကာ အိမ်ခန်းတွင် ဟိုရှောက်ဒီရှောက်နှင့် အကြံယူနေပါတော့သည်။



ပုလိပ်ကား အခြေအနေအရ ဘဲလိပ်ဝင်ဘူးကို နှင်ကျပ်မှု ဈေးကြီးနေသော ကျွန်တော်၏ စီးကရက်ကို ခပ်ငတ်ငတ်ဖြင့် ခိုမ်နှင့်ဖွာနေပါသည်။ ဤစဉ်တွင် ကျွန်တော်သည် အခန်းတစ်ခုထဲသို့ လှစ်ခနဲ ဝင်ပြီး ပြတင်းပေါက်ကို အသာကလေးဖွင့်ခါ အောက်သို့ ခုန်ဆင်း၊လိုက်ပါတော့သည်။

နောက် တခဏ၌ကား ကျွန်တော်သည် ပတ်ဝန်းကျင်၌ပါ ကင်ညောမကလေး၏ အရိပ်အခြေကို ကြည့်ပြီး ဝင်းပြင်သို့ အလျင်အမြန် လစ်ခဲ့ပါတော့သည်။

"ဟာ... ဆရာ၊ ဘယ့်နှယ်ရေးကြီးသုတ်ပြာနဲ့"

ကျွန်တော့်အိမ်သို့ ပြန်ရောက်လျှင် ရောက်ချင်း ပေါ်အူးက ဆီး၍ မေးလိုက်ပါသည်။

"ဟာ... မပြောပါနဲ့တော့ကွာ၊ ငါ ချောက်ကျခဲ့တာပေါ့"

"ဘယ်လိုများတုန်း ဆရာ"

"ဟေ့ ပြောရမှာက အများကြီးကွ၊ ငါမောလှတယ်၊ ဘရန်ဒီ တစ်ခွက်လောက် ထည့်လိုက်စမ်းကွာ၊ နောက်ပြီးမှ အေးအေးဆေးဆေး မင့်ကိုပြောမယ်"

"ကောင်းပါပြီ ဆရာ"

ပေါ်အူး နောက်ဖေးဆောင်သို့ ဝင်သွားစဉ် ကျွန်တော်သည် ဆိုဖာပေါ်သို့ မှိန်း၍နေလိုက်ပါသည်။

ငင်းနောက် ပေါ်အူး ပြန်ရောက်လာ၍ ကျွန်တော်သည် ဘရန်ဒီကို သောက်ပြီးကာ အမောပြေသွားသောအခါ၌ ဖြစ်ကြောင်း

www.burmeseclassic.com

www.burmeseclassic.com



ရှိတဲ့ ကုန်စင်ကို သူ့အား တစ်လုံးမကျန် တိုင်ပင်ပြောဆိုရပါတော့သည်။

ကျွန်တော့်စကားဆုံးသောအခါ ပေါ်အူးက…

"အခါ ကျွန်တော် ဘာလုပ်စေချင်သလဲ ဆရာ"

"ပထမအရေးကြီးတာက ငါ ဟိုလူကြီးတွေကို စာရေးဆရာမမှန်းမသိလို့ ပေးမိတဲ့စာတွေကို ပြန်ရဖို့ အရေးကြီးတယ်ကွ၊ ဒုတိယ ဟို ခွေးကောင်ဟာ သူ့ကိစ္စမပြီးမချင်း ငါ့ကိုဒုက္ခလာရှာနေဦးမှာပဲကွ"

"ဒီတော့ ဆရာ ရန်ကုန်က ခေတ္တထွက်သွားရင်ကောင်းမယ် ဆရာ၊ ဟိုကိစ္စတွေကို ဆရာပြန်မလာမီအတွင်း ကျွန်တော် ပြီးအောင် စီမံထားလိုက်ပါမယ်"

"အေး… ကောင်းပါပြီကွာ၊ ဒါပေမဲ့ ငါ ဘယ်ကိုသွားရမလဲကွ၊ မော်ဘီ၊ လှပဒါးရွာလဲ မသွားချင်တော့ဘူး၊ အစိုးရလဲ မအုပ်ချုပ်၊ သူပုန်ဘက်လဲ ပါတာမဟုတ်၊ နို့ပြီး ငါ့ညီမလေးရှိတဲ့ ကဲဘဲ့ရွာကလဲ သူပုန်အုပ်ထားသလား မသိဘူး"

"ဘာခဲယဉ်းသလဲဆရာ၊ ဆရာ့ဦးကြီးဖျိုင်းသွားတဲ့ စစ်ကိုင်းတောင်ရိုးကို သွားရုံပေါ့"

"အေး… ဟုတ်သားပဲ၊ ဒါပေမဲ့ ငါ နေထိုင်မကောင်းလို့ လေယာဉ်ပျံ မစီးနိုင်ဘူး ပြောလိုက်တယ် မဟုတ်လား"

"ကိစ္စမရှိပါဘူး ဆရာ၊ ကျွန်တော်က ဆရာ နေကောင်းရင် ကောင်းခြင်း အမြန်လိုက်ခဲ့ပါလိမ့်မယ်လို့ ပြောလိုက်တယ် ဆရာ"



"အေး… ဒါဖြင့် ဟန်ကျပြီ၊ မင်း ငါ့ကိုအမြန်ဆုံးသွားဖို့ စီမံ ပေတော့"

"ကောင်းပါပြီ ဆရာ"

* * *

ကျွန်တော်သည် အနီးဆုံးလေယာဉ်ပျံပတ်နှင့် လိုက်ခဲ့၍ ဖေဖော်ဝါရီလ ၇ ရက်နေ့တွင် စစ်ကိုင်းတောင်ရိုးသို့ ကောင်းမွန်စွာ ရောက်ခဲ့ပါ၏။ ဦးကြီးဖျိုင်းတို့ အိမ်သားတစ်စုမှာ သားပျိုနှစ်ယောက်၊ ချာတိတ်ငယ် သုံးယောက်ဖြစ်၍ သူတို့၏ ကောင်းမှုတော် 'တိုးတိတ်ဆိတ်ငြိမ်ချောင်တွင်' ကြွက်စီကြွက်စီနှင့် စားလိုက်၊ သောက်လိုက်၊ တောင်ပေါ်တက်လိုက်၊ ရေကူးလိုက်ဖြင့် အတော်ပင် ပျော်စရာကောင်းပါ၏။ သို့ရာတွင် ကျွန်တော် စိတ်ပျက်လှသည်မှာ နေ့လယ် နေခင်းများ၌ ဦးကြီးဖျိုင်းသည် သူ့ဝမ်းထဲ၌ မရှိသော တရားများကို ကျမ်းစာအုပ်ကြီးတစ်ခုတွင် ဖတ်ကာ ကျွန်တော့်အား နေ့စဉ်နှင့်အမျှ တရားချနေခြင်း ဖြစ်ပါသည်။

ကျွန်တော်လည်း ဤစာအုပ်မျိုးကို သူကဲ့သို့ပင် ဖတ်တတ်၍ အတူတူချင်း တရားချနေသည်မှာ လူကြီးနှင့် လူငယ်မို့သာ ခံနေရပါသည်။ စင်စစ် စိတ်ထဲ၌ အောင့်သက်သက်နိုင်လှ၍ သူ့ ကြောက်သောကြောင့်သာ နားထောင်နေရပါသည်။ အမှန်မှာ ကျွန်တော် ရန်ကုန်သို့ ပြန်ပြေးချင်လှပါပြီ။ ပေါ်အူးထံမှ 'အောင်လီးယား' ဆိုသော စာမရောက်လာသေး၍သာ အောင့်အီးသည်းခံနေရပါသည်။

www.burmeseclassic.com

www.burmeseclassic.com



သို့ရာတွင် ရက်သတ္တနှစ်ပတ်မျှ ဒုက္ခခံရပြီးနောက် ကျွန်တော် ဝင်ရုံကျွတ်ဖို့ ဖန်တီးလာသည်ကား ကျွန်တော့်ဦးကြီး ဦးချစ်ဖုန်းနှင့် အန်တီမြတို့ လင်မယား ထပ်မံရောက်ရှိလာခြင်း ဖြစ်ပါသည်။

သူတို့လင်မယားနှင့် အခိုင်းအစေတစ်စုမှာ 'ဆာချစ်ဖုန်း' ၏ ကောင်းမှုတော် "ဆိုင်းလင့်ရိပ်သာချောင်" တွင် တည်းခိုကြ လျက် ရောက်သောနေ့မှာပင် ဦးကြီးဖျိုင်းတို့ အိမ်သားတစ်စုကို လာရောက် တွေ့ကြသဖြင့် တိုင်းရေးပြည်ရေးနှင့် စစ်မက်ရေးရာ တို့ကို ပြောလိုက်ကြသည်မှာ ဦးကြီးဖျိုင်း၏ 'တိုးတိတ်ဆိတ်ငြိမ် ချောင်'တွင် ပို၍ ကြွက်စီ ကြွက်စီ ဖြစ်သွားလေသတည်း။

ကျွန်တော့် ဆွေမျိုးတစ်သိုက်ထဲတွင် အန်တီမြမှာ ကျွန်တော် နှင့် လေပေးအဖြောင့်ဆုံး ဖြစ်ပါသည်။

အားလုံး နှုတ်ဆက်စကားပြောကြားပြီးနောက် အန်တီမြ သည် သူ့တူမပျိုများထက်ပင် ကျွန်တော့်ကို ဂရုစိုက်ကာ...

"လာဟေ့ မောင်ဆွေ၊ ကမ်းနားဘက် လမ်းလျှောက်ရအောင်၊ မင့်မှာလဲ တို့ အသံမပြု ဘာမပြုနဲ့ ဘယ်တုန်းကများ ဒီရောက်နေ တာလဲ"

"ကျွန်တော် ရောက်တာ သီတင်းနှစ်ပတ်ကျော်သွားပြီ၊ အန်တီကော ဘာစိတ်ကူးများပေါက်ပြီး လာခဲ့တာလဲ"

"ဟိုကွာ... ရန်ကုန်မှာ စာရေးတွေ သပိတ်မှောက်တာနဲ့ သောင်းကျန်းသူတွေက ဘူတာနဲ့ လမ်းပန်းအဆက်အသွယ် မရှိ တာနဲ့၊ စာတိုက်က ငွေတွေ ပြန်မလာတာနဲ့ ငါ့အလုပ် ရပ်ထား



ရတယ်ကွ၊ ဒါနဲ့ စိတ်ပြေလက်ပျောက် အနားယူရင်း လာခဲ့တာပဲ၊ နို့ပြီး ဒီကနေ့ မန္တလေးဘက်ကူးပြီး၊ ဟို နာမည်ကျော်စာရေးဆရာ တစ်ယောက်ဆီ (အေအာ)စာအုပ်တစ်အုပ်လောက် ရေးခိုင်းမလို့ကွ"

"ဘာ (အေဆီ) စာအုပ်"

"အေးကွ... မင်းက နားမလည်သေးဘူး၊ ဒီစာအုပ်မျိုးက နာမည်ဆိုးတယ်၊ လူကဲ့ရဲ့ခံရတယ်၊ ဒါပေမဲ့ ရောင်းလို့ အင်မတန် ကောင်းတာကွ၊ အဲဒီစာအုပ်မျိုး တစ်အုပ်လောက် ရွှေမန်းစာရေးဆရာ လက်ရာနဲ့ များ ရလိုက်ရင် မင်းနှယ် ငွေကြေးဖောသွားတာပေါ့ကွ"

"နို့... အန်တီမြ တင်မောင်ရင့် မိန်းမ ကျင်စာရီကို ရေး ခိုင်းထားတဲ့ ဝတ္ထုဆိုတာကော"

ကျွန်တော်က စိတ်မသိုးမသန့်နှင့် အမှတ်တမဲ့ မေးလိုက်ရာ အန်တီမြသည် ကျင်စာရီ၏ နာမည်ကြားလျှင် ကြားခြင်း မနှစ်မြို့ သော အမူအရာ ပေါ်ပေါက်သွားကာ...

"အို... ဒီကောင်မနာမည် စကားထဲ ထည့်မပြောစမ်းပါနဲ့ ကွာ၊ အင်မတန် စိတ်သဘောထား သေးသိမ်တဲ့ မိန်းမ"

ကျွန်တော် အံ့အားသင့်သလို ဖြစ်သွားကာ...

"ဘာဖြစ်လို့တုန်း အန်တီ"

"မင့်နှယ် ကြည့်ပါဦးကွာ၊ သူ့အိမ်က ထမင်းချက် တိုနီတာ သူ့အိမ်မှာ မပျော်လို့ ငါ့အိမ်ရောက်လာတာနဲ့ ငါ့ကို စိတ်ဆိုးပြီး ဟို ပြောထားတဲ့ ဝတ္ထုကို ရေးမပေးတော့ဘူးတဲ့ကွ၊ နို့ပြီး သူ့ဝတ္ထု ကော်ပီတွေနဲ့ ဘာစာတွေ ညစာတွေဆိုလား ပျောက်သတဲ့ကွာ"

www.burmeseclassic.com

www.burmeseclassic.com



"ဟင်"

ကျွန်တော် ရုတ်တရက် အာမေဋိတ်သံနှင့် အော်လိုက်ခြင်းမှာ အံ့ဩခြင်းနဲ့ ဝမ်းသာခြင်း နှစ်ရပ်ပေါင်း၍ ရောထွေးသွားခြင်းကြောင့် ဖြစ်ပါသည်။ သို့ရာတွင် အန်တီမြက မည်ကဲ့သို့ အဓိပ္ပာယ်ပေါက်လေသည်မသိ။

"မဟင်ပါနဲ့ကွာ၊ သူ့ဝတ္ထုမရလို့ ငါ ဝမ်းမနည်းပါဘူး၊ အခု ငါ့မှာ ထမင်းချက်ကောင်းရတော့ မင့် ဦးကြီးဟာ စားသောက်ကောင်း စိတ်လက်ရွှင်လန်းပြီး ငါတောင်းသမျှငွေကို ပေးတယ်ကွ၊ ငါ့အလိုကို လိုက်တယ်ကွ၊ မင့်အခုကြည့်ပါလား၊ ငါက စစ်ကိုင်းချောင် သွားချင်တယ်ဆိုတာ ရှောရှောရှုရှု သူပါလိုက်လာတယ်ကွ၊ ဘယ်လောက် ဟန်ကျသလဲ၊ ငါသူ့ဝတ္ထုရလို့ ငွေ ၂၀၀၀ မြတ်မှာထက် ဟန်ကျနေသေးတယ်၊ မင့် ကျင်စာရိက အလကား ကောင်မပါကွာ၊ စိတ်သဘောထား သိပ်သေးသိမ်တာ၊ တကယ်ဆို သူ့ ထမင်းချက်ငါ့အိမ်ရောက်တာနဲ့ တို့ချင်းပြောထားတဲ့ ကတိစကားကို ဖျက်ရမှာလားကွ၊ ရှက်ဖို့ကောင်းသေးတော့ကွာ၊ စာရေးဆရာမလုပ်နေပြီး၊ သဘောထား ပုပ်လိုက်တာက လွန်နေတာပဲ"

အန်တီမြသည် ရွှဲ့ရွှဲ့မဲ့မဲ့နှင့် တင်မောင်ရင် မိန်းမ၏ သတင်းကို ကရွတ်ကင်းရောက်ကြီး ပြောနေလေရာ၊ ကျွန်တော့်မှာမူ စိတ်ဝင်စားခြင်း မရှိဘဲ "ချစ်မဒေသာပင်" ဝတ္ထုကြီး မထုတ်ဖြစ်ခြင်းနှင့် "ဟိုစာ ဒီစာ ပျောက်သွားသတဲ့" ဟူသော သတင်းကို ကြားရခြင်းဖြင့် ဝမ်းမြောက်ဝမ်းသာဖြစ်ကာ၊ ပေါ်အူး ဘယ်လိုများ ခြေထိုးလိုက်



သလဲ၊ သိချင်ဇောနဲ့ နောက်တစ်နေ့တွင် ဦးကြီး အဒေါ် တူ၊ တူမတွေကိုမှ စောင့်စောင့် နှုတ်မဆက်နိုင်ဘဲ မန္တလေးသို့ ကူး၍၊ အနီးစခန်းမှတဆင့် လေယာဉ်ပျံဖြင့် ရန်ကုန်မြို့သို့ လစ်ခဲ့ပါတော့၏။ (ထိုစဉ်၌ မန္တလေး ချမ်းမြသာစည် လေယာဉ်ကွင်း မရှိသေး။)

* * *

ကျွန်တော်သည် အိမ်သို့ ပြန်ရောက်၍ ခရီးပန်းဖြေပြီးလျှင်ပင်...

"ဟေ့ ပေါ်အူး၊ ငါနဲ့ တင်မောင်ရင် ကျောက်ပေါက်တွေ ပိတ်သွားပြီမှတ်တယ်ကွ"

"ပိတ်ကုန်ပါပြီ ဆရာ"

"ကဲ... ဒါဖြင့် မင့်လုပ်ရည် ကြံရည်တွေ တစ်လုံးမကျန် ပြော စမ်းကွာ"

"ထမင်းချက် တိုနီကို ဆရာ အန်တီမြအိမ် ပို့လိုက်တာပါပဲ ဆရာ"

"အင်း... ဒါကို ငါသိပြီးပြီ၊ ဘယ်လိုပို့သလဲ ဆိုတာ ပြော စမ်းကွာ"

"ဆရာ"

"ဒီလိုကွာ... အစဦး မင်းပြောတုန်းကတော့ တိုနီက ဟိုနော်တီဆိုတဲ့ ကောင်မ ကလေးနဲ့ ကြိုက်နေကြလို့ တင်မောင်ရင်တို့အိမ်က တစ်ဖဝါးမှ မခွာဘူး ပြောတယ် မဟုတ်လား"

www.burmeseclassic.com

www.burmeseclassic.com



“ဟုတ်ပါတယ် ဆရာ၊ ဒါပေမဲ့ နောက်သုံးရက်လောက် အကြာမှာ ကျွန်တော်က သူတို့အတွင်းရေးကလေး တစ်ခုကို သွားပြီး စူးစမ်းမိပါတယ် ဆရာ”

“ဘယ်လို အတွင်းရေးတုန်းကွ”

“တိုနီနဲ့ ခင်ကြီးနဲ့ အလွန် အကျွံ ချစ်နေကြတဲ့ အကြောင်းပါ”

“ဘယ် ခင်ကြီးတုန်း”

“ဆရာ့ အန်တီမြအိမ်က ဥယျာဉ်စိုက်တဲ့ ခင်ကြီးပါ ဆရာ”

“အင်း ဒါနဲ့ မင်း ဘယ်လိုလုပ်ကရောလဲ”

“ဦးတင်မောင်ရင် မိန်းမက ဥယျာဉ်စိုက် တစ်ယောက် လိုနေတာနဲ့ တိုနီဟာ အခုရောက်ခါစ ကရင်မကလေးနဲ့ ညိနေတဲ့ အကြောင်း ခင်ကြီးကို သွားပြောလိုက်တာပါပဲ ဆရာ”

“အင်း... ဒီတော့”

“ဒီတော့ ခင်ကြီးက ဆရာ့ အန်တီမြအိမ်က အလုပ်ထွက်ပြီး ဦးတင်မောင်ရင် မိန်းမရဲ့ အလုပ်ကို လက်ခံလိုက်ပါတယ် ဆရာ”

“ဒါနဲ့...”

“ဒါနဲ့ ခင်ကြီးက နှုတ်သီးကောင်းကောင်းနဲ့ ကုလားတိုနီကို ဆူပါလေရော၊ ဒီတော့ ငနဲလဲ မြာနှစ်ပွေကြားမှာ မနေတတ် မထိုင်တတ်ဖြစ်ပြီး မကျောင်ရီအိမ်က လစ်၊ ဆရာ့ အန်တီမြဆီ ရောက်သွားတာပါပဲ ဆရာ”

BURMESE CLASSIC .com



“အင်း... ဒါဖြင့် မင်းတော်တော်ကလေး အလုပ်များလိုက်တာပေါ့”

“များသလောက်လဲ အကျိုးရှိပါတယ် ဆရာ”

“ဘယ်လိုများ ရှိတာတုန်းကွ”

“ပထမ မကျောင်ရီက သူလိုချင်တဲ့ ဥယျာဉ်စိုက်ကို ရှာပေးလို့ ငွေ ၅၀ ပေးပါတယ် ဆရာ”

“အင်း... ဒုတိယ”

“ဒုတိယက ဆရာ့ အန်တီမြက ထမင်းချက် တိုနီကို ခေါ်ပေးလို့ ငွေ ၁၀၀ ပေးပါတယ် ဆရာ၊ နောက် တတိယက...”

“အမယ် တတိယ ရှိသေးသလားဟ...”

“ရှိပါတယ် ဆရာ၊ အဲဒါက ဆရာ့ ဦးကြီးဖျိုးက ကျွန်တော့်ကို ငွေအစိတ်ပို့လိုက်တာပါပဲ”

“ဟေ... မင်းက သူ့ကို ဘာကျေးဇူးများ ပြုပေးလို့တုန်း”

“ဆရာ့ကို စစ်ကိုင်းတောင်ရိုးလိုက်အောင် တွန်းပေးလို့ ဆရာ”

“ဟေ... ဒါဖြင့် မင်း စုစုပေါင်း ငွေ ၁၇၅ ပွနေတာပေါ့ကွ”

“ကျွန်တော် ပွတာ ငွေလောက်တင် မကသေးပါဘူး ဆရာ”

“ငွေအပြင် ဘာများရှိသေးလို့လဲကွာ”

“ကျွန်တော် ဦးတင်မောင်ရင်အိမ်က နော်တီကလေး အချစ်ပန်းကို ဆွတ်လှမ်းခဲ့ရပါတယ် ဆရာ”

www.burmeseclassic.com

www.burmeseclassic.com



"ဟော… သူက တိုနီနဲ့ ဖြစ်နေတယ်ဆို"

"ခင်ကြီးရောက်လာတော့ ခွာပြဲသွားတာပါပဲ ဆရာ"

"သူတို့ချင်းက ပြီးပြီးပြတ်ပြတ် ဖြစ်ပါ့မလား"

"သူတို့ကရင်များဟာ 'ဟင်' ဆိုရင် မရပါဘူး ဆရာ"

"အေး… ကြားရတာ ဝမ်းသာရဲ့၊ ဒါပေမဲ့ နော်တီဆိုတဲ့ ကောင်မကလေးတော့ ငါနဲ့ ဟိုနေ့ကထဲက မျက်နှာကျောမတဲ့ဘူး ကွာ"

"ကျွန်တော်လဲ သူ့ကို တကယ်ယူချင်လို့ မဟုတ်ပါဘူး ဆရာ၊ ဆရာ့အတွက် ချစ်ချင်ယောင်ဆောင်ရတာပါ"

"ဟော… ဘယ်လို ငါ့အတွက်လဲ"

"ဆရာပြန်လိုချင်နေတဲ့ ကြည်ကြည်တွေးကို ပေးထားတဲ့ စာတွေကို မကျင်ရီ စာပွဲထဲက ခိုးပေးအောင် လုပ်ရတာပါ ဆရာ"

"ဟော… ဒီစာတွေကို အကုန်ရရဲ့လား"

"အကုန်အစင် ရပါတယ် ဆရာ"

"အမယ်လေး… ဒီကောင်မကလေးကို စာရေးဆရာမမှန်း မသိလို့ ချစ်ကြောင်း ကြိုက်ကြောင်း ရေးထားတဲ့စာတွေ အကုန် အစင်ရတာ ဝမ်းသာလိုက်တာကွာ တင်မောင်ရင်ကကော သူ့မိန်းမ ရေးတဲ့ ဝတ္ထုကြီး မထုတ်ဖြစ်တော့လို့ မင့်ကို ကျေးဇူးတင်ကြောင်း မပြောဘူးလား"

"ဟိုတစ်နေ့ကပဲ တွေ့လို့ သူ့မိန်းမအလစ်မှာ ငွေ ၂၀၀ ယူ ပေးမယ်လို့ ပြောတယ်ဆရာ"



"အေး ဒါဖြင့် မင်းရတာ ငွေ ၃၇၅ ကျပ်ပေါ့၊ ၅၀၀ ပြည့် အောင် ငါ့ဆီက ၁၂၅ ကျပ်ယူကွာ"

"ကျွန်တော့် ဆရာဆီက ငွေ မလိုချင်ပါဘူး ဆရာ"

"နို့ ဘာလိုချင်တုန်း"

"ဆရာခေါင်းက မိန်းမနဲ့မသဲကွဲတဲ့ အမောက်ကြီးကို သုတ် သင်ပစ်လိုက်ဖို့ပါပဲ ဆရာ"

ဤတွင်မှ ကျွန်တော်မှာ မိမိရေးလိုက်သော "ဖက်ရှင်ရင် ဘောင်တန်း" ဆောင်းပါးနှင့် ဆီလျော်အောင် ထောင်ထားသည့် ခေါင်းက အမောက်ကြီးကို လက်ဖြင့် စမ်းမိကာ…။

"ဟော… မင်းက ဒီအမောက်ကို ဒီလောက်ပဲ မြင်ပျင်းကပ် နေသလားကွ"

"မြင်ပျင်းကပ်တယ် မဟုတ်ပါဘူး ဆရာ၊ ဒီမသင့်လျော် တာကြီးကို ကျွန်တော့်ဆရာ ခေါင်းမှာ မကြည့်ရက်လို့ပါ ဆရာ"

"အေး ဒါဖြင့် ဆံပင်ညှပ်သမားခေါ်ခဲ့ကွာ၊ အခုပဲ ဖြင်ညှပ် ပစ်လိုက်တော့မယ်"

"ကျေးဇူးတင်ပါတယ် ဆရာ"

* * *

www.burmeseclassic.com